
www.burmeseclassic.com

# စုဖုရားလတ်ဘာလဲ

နှင့်

## အမှန်တရားဆိုင်ရာ အတွေးအမြင်များ

ဟိန်းဇေ




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှုမှတ်တမ်း


စာမူခွင့်ပြုချက် - ၃၁၀၀၈၆၀၆၁၀

မျက်နှာဖုံးခွင့်ပြုချက် - ၃၁၀၀၇၄၀၅၈၉

စီစဉ်သူ - ဟိန်းခေ

မျက်နှာဖုံးအပြင်အဆင် - သန်းမြင့်အောင်

ထုတ်ဝေသူ - ဦးအောင်စိုး (၀၃၈၉၄)
စိုးစာပေ
၅၅( )၊အနောက်မြင်းပြိုင်ကွင်းလမ်း
ဗဟန်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်သူ - ဦးကျော်စိန်(၀၂၉၀၉)
ကျောက်စိမ်းပုံနှိပ်တိုက်
၁၅၁၊ ၃၁လမ်း၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ - ဦးအောင်ကြီး(ခ)မိနစ် (၀၅၆၂၆)
တောက်တောက်ဝင်းပုံနှိပ်တိုက်
၁၆၉၊ ၃၃လမ်း၊ ရန်ကုန်မြို့။

ကွန်ပျူတာစာစီ - ဖိုဖို

အတွင်းဖလင် - ပန်းချီမောင်မြင့်အောင်
(တောက်တောက်ဝင်း)

**အုပ်ရေ ၁၀၀၀**

**တန်ဖိုး ၁၂၀၀ကျပ်**

**၂၀၀၆ခုနှစ် ဒီဇင်ဘာလ**

**ပထမအကြိမ်**


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## စိုးစာပေမှ ထွက်ပြီးစာအုပ်များ

| | |
|---|---|
| သိဓ် ဇာရီ ဟန် | ယောက်ျားကောင်း အချစ်တဲ့လားကွယ် |
| မောင်သာပြည် | ကဲ-ပြောတယ်မဟုတ်လား ချစ်နေတာပါလို့ |
| သုတေသီမြင့်ထွန်း | ဗိုလ်ချုပ်အောင်ဆန်း၏ အမှိုင်သို့ လျှို့ဝှက်ခရီး |
| သုတေသီမြင့်ထွန်း | ရွှေတိဂုံကုန်းတော်မှ အံ့ဩဘနန်း ဖြစ်ရပ်ဆန်းများ |
| ဆရာကြီးအရိန္ဒမာ | မဟိဒ္ဓိပုဂ္ဂိုလ်ထူးများ၏ အံ့ဖွယ်ဖြစ်ရပ်ဆန်းများ |
| မောင်မြတ်သိန်း | ကမ္ဘာ့ဝလားဘောလုံးသမိုင်းနှင့် |
| | ကမ္ဘာကျော် ရွှေခြေထောက်ပိုင်ရှင်များ |
| ဟိန်းဇေ | ဒဿနကမ္ဘာ ဇုဂု |
| ဆရာကြီးအရိန္ဒမာ | ဂန္ဓာရခရီးသည် |
| ရွှေစကြာ | အင်္ဂလိပ်သူလျှို |
| သုတေသီမြင့်ထွန်း | အစွမ်းထက်မြက်သော ဂါထာမန္တန်များနှင့် |
| | ကိုယ်တွေ့ဖြစ်ရပ်ဆန်းများ |
| သုတေသီမြင့်ထွန်း | အံ့ဖွယ်ထူးခြား မြန်မာပြည်ဘုရားစေတီပုထိုးများ (၁) |
| ဟိန်းဇေ | ဒဿနလူသား |
| သုတေသီမြင့်ထွန်း | အနောက်တိုင်း ဂမ္ဘီရနဲ့ သူ့တွေ |
| ဇိန်ဇိန် (လသာ) | နိုင်ငံတကာ သက်သတ်လွတ်ဟင်းမျိုးစုံချက်ပြုတ်နည်း |
| သုတေသီမြင့်ထွန်း | လာဘ်လာဘစုတ်လာ ချမ်းသာကျန်းမာ |
| အောင်မြတ်ဦး | ကမ္ဘာကျော်မိန်းမများ၏အတွင်းရေး |
| ဇိန်ဇိန် (လသာ) | အိမ်ရှင်မတိုင်းအတွက် သက်သာချွေတာ ဟင်းနည်းပဒေသာ |
| သုတေသီမြင့်ထွန်း | ခုနစ်နေ့သားသမီးများအတွက် ဂမ္ဘီရသိပ္ပံအစီအမံများ |
| ဇိန်ဇိန် (လသာ) | နိုင်ငံတကာဟင်းမျိုးစုံချက်ပြုတ်နည်းများ |
| သုတေသီမြင့်ထွန်း | လူတိုင်းအတွက် ကန်တော့ပွဲတင်နည်း |
| အောင်မြတ်ဦး | ချစ်ခြင်းတရားဆိုင်ရာ ကမ္ဘာကျော်ပုဂ္ဂိုလ်များ၏ |
| | အချစ်ဇာတ်လမ်းများ |
| ဆရာကြီးအရိန္ဒမာ | ပုဂ္ဂိုလ်ထူးများနှင့် ဂမ္ဘီရလမ်းမှ ဖြစ်ရပ်ဆန်းများ (၁) |

www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| ဒေအာင်မြတ်ဦး | အချစ်သမိုင်းတွင် တင်ခဲ့သည့် ကမ္ဘာကျော်ချစ်သူများ (၁) |
| ဦးမြင့်ထွင် | တရားခွင်လက်တွေ့ ပြစ်မှုဆိုင်ရာလျှောက်ထားမှုများ |
| ထိန်းဝေ | ထိပ်ဆုံးသို့အတွေး ၁၀၀ |
| မောင်ဝေဖြိုး | နိုင်ငံတကာအတွေးအခေါ် ပုံတိုပတ်စများ |
| ကောင်းထက် | နာပိုလီယံ (သို့မဟုတ်) ဥရောပတိုက်တစ်တိုက်လုံးကို ဝိန့်ဝိန့်တုန်စေခဲ့သူ |
| သုတေသီမြင့်ထွန်း | သင့်တစ်သက်တာယတြာနှင့် ရာသီခွင်ဟောကိန်းများ |
| သုတေသီမြင့်ထွန်း | တောင်မိုးလက်ဆောင် |
| ဆရာကြီးအရိန္ဒမာ | မြည်တွင်းမြည်ပ ဝိဉာဉ်လောက အံ့မွယ်ဆန်းကြယ်ဖြစ်ရပ်များ |
| နေဦးလွင် | ရှုမ်းကတကျောမလွန်သာ၍နှင့် မှော်ဝတ္ထုများ |
| သုတေသီမြင့်ထွန်း | အံ့မွယ်ထူးခြား မြန်မာပြည် ဘုရားစေတီပုထိုးများ (၂) |
| သုတေသီမြင့်ထွန်း | ပုတီးသမားလက်စွဲ |
| သုတေသီမြင့်ထွန်း | လာဘ်ခေါ်ကျော်ဂါထာတော်များ |
| မိုးဦး | ကမ္ဘာကိုကိုင်လှုပ်သည့် အချစ်အတွင်းရေးများ |
| ဝိန်ဝိန် (ထား) | ဈေးကွက်ဝင် အစားအသောက်မျိုးစုံပြုလုပ်နည်းများ |
| နေမိုးထက် | ဆက်ဒမ်ဟူစိန်၏ နောက်ဆုံးနေ့များ |
| နေဦးလွင် | အောင်မြင်လိုသူတိုင်းအတွက် အကောင်းဆုံးနာမည်ပေးနည်းများ |
| ကောင်းထက် | ရုရှားလက်ရှင်းတင်းနှင့် ပါတော်မူဖြစ်ရပ်များ |
| ဝိန်ဝိန် (ထား) | အကောင်းဆုံးဟင်းလျာချက်နည်း ၁၀၀ |
| ကောင်းထက် | ပါတော်မူပြီးနောက်ပိုင်း သူ့ရဲကောင်းများနှင့် မြန်မာနိုင်ငံ |
| နေမိုးထက် | မင်းတုန်းမင်းနှင့် မန္တလေးနန်းတွင်းအရေးတော်ပုံ |

www.burmeseclassic.com

www.burmeseclassic.com

# ဇုဖုရားလတ် ဘာလဲ

နှင့်

# အမှန်တရားဆိုင်ရာ
# အတွေးအမြင်များ

ဟိန်းဇေ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ ဘာကြောင့်ကျွန်ုပ်ဖြစ်ရသလဲ ၂၁

၂။ စုဖုရားလတ်ဘာလဲ(သို့မဟုတ်)
ရှင်းတမ်းကိုရှင်းခြင်း (၁) ၂၅

၃။ စုဖုရားလတ်ဘာလဲ(သို့မဟုတ်)
ရှင်းတမ်းကိုရှင်းခြင်း (၂) ၃၂

၄။ စုဖုရားလတ်ဘာလဲ(သို့မဟုတ်)
ရှင်းတမ်းကိုရှင်းခြင်း (၃) ၃၈

၅။ စုဖုရားလတ်ဘာလဲ(သို့မဟုတ်)
ရှင်းတမ်းကိုရှင်း (၄) ၄၅

၆။ စုဖုရားလတ်ဘာလဲ(သို့မဟုတ်)
ရှင်းတမ်းကိုရှင်းခြင်း (၅) ၅၁

၇။ စုဖုရားလတ်ဘာလဲ(သို့မဟုတ်)
ရှင်းတမ်းကိုရှင်းခြင်း (၆) ၅၈

၈။ စုဖုရားလတ်ဘာလဲ(သို့မဟုတ်)
ရှင်းတမ်းကိုရှင်းခြင်း (၇) ၆၄

၉။ စုဖုရားလတ်ဘာလဲ(သို့မဟုတ်)
ရှင်းတမ်းကိုရှင်းခြင်း (၈) ၇၁

၁၀။ စုဖုရားလတ်ဘာလဲ(သို့မဟုတ်)
ရှင်းတမ်းကိုရှင်းခြင်း (၉) ၇၇

၁၁။ ခဲပစ်ကြသူများ ၈၆

၁၂။ လူတိုင်းမှားကြသည်။ သို့သော် ... ၉၂


www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၁၃။ | ပညာအသိထာဝရရှိစေ | ၉၆ |
| ၁၄။ | ကြွေလွင့်သွားရှာသောကြယ်ပွင့်များနှင့်လူ့ဓါးမှာမည် | ၁၀၀ |
| ၁၅။ | ကြောက်ဖွယ်ပိုးမွှားများ (၁) | ၁၀၅ |
| ၁၆။ | ကြောက်ဖွယ်ပိုးမွှားများ (၂) | ၁၁၀ |
| ၁၇။ | ကြောက်ဖွယ်ပိုးမွှားများ (၃) | ၁၁၅ |
| ၁၈။ | ကြောက်ဖွယ်ပိုးမွှားများ (၄) | ၁၂၀ |
| ၁၉။ | ကြောက်ဖွယ်ပိုးမွှားများ (၅) | ၁၂၅ |
| ၂၀။ | သူတို့ဘာကြောင့်မအောင်မြင်ကြသလဲ (၁) | ၁၃၀ |
| ၂၁။ | သူတို့ဘာကြောင့်မအောင်မြင်ကြသလဲ (၂) | ၁၃၆ |
| ၂၂။ | သူတို့ဘာကြောင့်မအောင်မြင်ကြသလဲ (၃) | ၁၄၂ |


www.burmeseclassic.com


www.burmeseclassic.com



သီပေါမင်းနှင့် စုဖုရားလတ်

www.burmeseclassic.com

www.burmeseclassic.com



စုဖုရားလတ် ဆောက်လုပ်လှူဒါန်းခဲ့သော မှန်ကျောင်းတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ကင်းဝန်မင်းကြီး ဦးကောင်း

www.burmeseclassic.com

www.burmeseclassic.com



တိုင်တားမင်းကြီး ဦးတိုး

www.burmeseclassic.com

www.burmeseclassic.com



လှေသင်းအတွင်းဝန် ဦးရွှေမောင်

www.burmeseclassic.com


www.burmeseclassic.com



အင်းတော်ကြီးမြို့မှာကို လက်နက်ချနေပုံ

www.burmeseclassic.com


www.burmeseclassic.com



တောင်ဥယျာဉ်တွင်းမှ ပါတော်မူမြင်ကွင်း

www.burmeseclassic.com


www.burmeseclassic.com



စေတော်ပြင်က် မြို့တော်မှပန်းချီကား

www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒပ်ဖရင်

www.burmeseclassic.com

www.burmeseclassic.com



ကာနယ်စလေဒင်

www.burmeseclassic.com

www.burmeseclassic.com

# ဘာကြောင့် ကျွန်ဖြစ်ရသလဲ

တတိယအကြိမ် အင်္ဂလိပ်မြန်မာ စစ်ဖြစ်သည်။

ထိုစစ်ကြောင့် မြန်မာမင်းနှင့် မိဖုရား ပါတော်မူရသည်။ အကြောင်းရင်းခံကို အမျိုးမျိုးပြောကြ၊ ရေးကြသည်။ ဘယ်သူ့အပြစ်ပါလဲ။ တချို့က 'ဦးကောင်းလိမ်ထုတ်၊ သီပေါပြုတ်' စကားကို ကိုးပြီး ကင်းဝန်ကို အပြစ်ဖို့သည်။ တချို့ကတော့ ရတနာပုံနန်းတွင်းမှာ ဝိုင်းတွေ ကွဲပြီး ညီညွတ်မှုမရှိခဲ့ကြလို့။ တချို့က ငယ်ရွယ်ပြီး ပျော့ညံ့သည့် မင်းသားငယ်ကိုမှ နန်းတင်ကာ အာဏာပလ္လင်ကို ချုပ်ကိုင်ချင်ခဲ့ကြလို့၊ တချို့တွေကျတော့ ကုန်းဘောင်ဆက် နောက်ဆုံးမင်း အရည်အချင်းမရှိလို့ စသည်စသည်ဖြင့် တရားခံကို လက်ညှိုးထိုးကြသည်။

ကမ္ဘာ့အနောက်ဘက်တလွှားမှ အရှေ့သို့တိုင် ရောက်လာသည့် အတောမသတ်သည့် လောဘပိုင်ရှင် နယ်ချဲ့တို့ကမူ မြန်မာဘုရင်ကို အပြစ်ဖို့၊ မိဖုရားကို မကောင်းပြောဖြင့် ကာလိမ်စော့ငြမ်းဆင် မြေခွေးညဉ်အတိုင်း ရေးကြသားကြ ပြောခဲ့ကြပါသည်။

ပုဂ္ဂိုလ်ရေးအနေဖြင့်လည်း မြန်မာမင်း သီပေါဘုရင်ကို ရက်သမားယစ်ထုတ်ကြီး၊ မိဖုရား စုဖုရားလတ်ကို စိတ်ကောင်းမရှိသည့်



www.burmeseclassic.com

www.burmeseclassic.com



ယုတ်မာရက်စက် ကြမ်းကြုတ်ခက်ထန်သူအဖြစ် သမိုင်းလိမ်ခဲ့ကြသည်။ E.C.V Foucar အပါအဝင် အနောက်တိုင်းသား စာရေးဆရာအချို့က လည်း သူတို့စာအုပ်များတွင် အင်္ဂလိပ်အကောင်း၊ မြန်မာမကောင်း၊ မြန်မာမင်းနှင့် မိဖုရားကို (ဆရာ မြသန်းတင့်အရေးနှင့် ရေးရလျှင်) ရစရာမရှိလောက်အောင် နှံ့ပုပ်တွေနှင့် ဝိုင်းပက်ခဲ့ကြသည်။ ဒါက နယ်ချဲ့အုပ်စုတို့၏ အကျင့်၊ နယ်ချဲ့တို့၏ ပုဏ္ဏားဉာဏ်များပင် ဖြစ် သည်။

တကယ်တန်း သမိုင်းကို ကျေကျေညက်ညက် လေ့လာပါမူ လိမ်လည်မှုသားများသာ ဖြစ်သည်။ သို့သော် ရင်နာဖွယ်ကောင်းသည် က ၎င်းတို့ရေးသည့် စာအုပ်များကို မြန်မာလူမျိုး စာရေးဆရာအချို့က ဘာသာပြန်ဆိုကြကာ သူတို့ကိုယ်တိုင်က ထိန်းထိန်းသိမ်းသိမ်း မရေးဘဲ (ဖြစ်နိုင်တာ မဖြစ်နိုင်တာ မစဉ်းစား၊ အပျော်ဖတ်ဝတ္ထုတစ်ပုဒ် ဖတ်ရ သလို ဖတ်လို့ကောင်း ပြီးရော) ကလောင်သရမ်းခဲ့ကြသည်မှာ ကမ်း ကုန်အောင် ဆိုးလွန်းလှပါ၏။ မိုက်လွန်းလှပါ၏ဟု ဆိုချင်ပါသည်။

တကယ်တန်း ဖတ်လိုက်တော့ ထိုစာအုပ်များတွင် မြန်မာတွေ ကျွန်ဖြစ်ရသည့် အကြောင်းရင်းခံ တရားခံအစစ်က ပျောက်နေပါသည်။ တရားခံက လွတ်နေပါသည်။ ထိုစာအုပ်များတွင် မပါပါ။ ထိုကိစ္စ၌ ကင်းဝန်တွင် အပြစ်မရှိ၊ အပြစ်ကင်းသည်ဟုလည်း မရေးလိုပါ။ သို့ သော် တရားခံအစစ်မှာ ကင်းဝန်မဟုတ်ပါ။ မင်းတုန်းမင်းတရားကြီး၏ မိဖုရားခေါင်ဖြူမရှင်လည်း ထိုနည်းလည်းကောင်းပင်။ တရားခံဟု ဆိုမရ၊ တိုင်တားဝိုဏ်း၊ ကင်းဝန်ဂိုဏ်း စသည်ဖြင့် ဂိုဏ်းတွေ မညီညွတ်ခဲ့ကြ၍ ဟု ဆိုလျှင်လည်း မမှန်နိုင်။ သီပေါမင်းနှင့် စုဖုရားလတ်တို့ကို လည်းညီး ထိုးမည်ဆိုလျှင်တော့ ပို၍ပင် မှားလိမ့်မည်။

တရားခံအစစ်က တစ်ဦးတည်းပါ။ ထိုအချိန် ထိုကာလတွင်

www.burmeseclassic.com



မြန်မာမင်း ဘယ်မင်းပဲ တက်လာလာ၊ တရားခံအစစ်ဖြစ်သည့် နယ်ချဲ့ကျားငစဉ်းလဲက နှစ်ကြိမ်တိုင် အနိုင်အထက် ကျင့်ဝါးမျိုခဲ့ပြီးနောက် သုံးပုံတစ်ပုံသာ ကျန်ရှိတော့သည့် အထက်မြန်မာနိုင်ငံ ကွက်ကွက်ကလေးကို ဆက်လက်ဝါးမျိုဖို့ရန် အသင့်ပြင်ထားပြီး ဖြစ်နေပါပြီ။

မင်းတုန်းမင်းတရားလက်ထက်မှာပင် နယ်ချဲ့၏အလိုကို လိုက်လျောနေခဲ့ရပြီး ကျိတ်မှိတ်အောင့်အည်း သည်းခံနေခဲ့ရကာ၊ မတရားသိမ်းထားပြီး နယ်မြေများဖြင့် အားမရ၊ လက်ကျန်ကို ရှင်းနိုင်ဖို့ ပြဿနာကို အမျိုးမျိုးရှာ၊ မင်းတုန်းမင်းတရားလည်း စိတ်မချမ်းသာ၊ အိမ်ရှေ့စံကနောင်မှာလည်း မခံမရပ်နိုင်သဖြင့် စစ်ဆင်ချဲ့လိုစိတ်ပင်ပေါက်၊ ရွှေပြည်တော် အနာဂတ်အရေးက ရင်မအေးစရာဟုသာ ရေးပါရစေ။

ဖြစ်စဉ်များမှာ ဤသို့ဖြစ်သည်။ အင်္ဂလန်တွင် လစ်ဘရယ်အစိုးရ ပြုတ်ကျကာ ဒစ္စရေးလီခေါင်းဆောင်သည့် ကွန်ဆာဗေးတစ်အစိုးရ တက်လာခဲ့သည်။ ထိုအခါ အိန္ဒိယဘုရင်ခံချုပ်အဖြစ် လစ်တန်ကို ပြောင်းလဲခန့်အပ်လိုက်သည်။ မြန်မာနိုင်ငံ၏ ကံကြမ္မာဟု ဆိုရသည်။ လစ်တန်ဆိုသူကား လောဘဇောပိုင်ရှင်၊ နယ်ပယ်ချဲ့ထွင်ရေးသမားတစ်ဦး ဖြစ်သည်။ လစ်ဘရယ်အစိုးရလက်ထက်တွင် အိန္ဒိယဘုရင်ခံချုပ်အဖြစ် ဆောင်ရွက်ခဲ့သည့် နော့ဘရွတ်သည် မြန်မာနိုင်ငံအား အပြီးအပိုင် သိမ်းပိုက်ရေး အစီအစဉ်ကို ကန့်ကွက်ခဲ့သူ ဖြစ်သည်။ ယခုဘုရင်ခံချုပ်အသစ်ဖြစ်သည့် လစ်တန်ကား ထိုသို့မဟုတ်။ ရန်ကုန်နှင့် လန်ဒန်ရှိ ကုန်သည်ကြီးများ အသင်းများကလည်း အထက်မြန်မာနိုင်ငံကို သိမ်းယူရန် ဖိအားပေးနေကြသည်။ ထို့ကြောင့်ပင် အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို အပြီးအပိုင် သိမ်းပိုက်လိုက်ကြခြင်း ဖြစ်သည်။ (ကျားသနား၍ နွားချမ်းသာခြင်း မရှိပါ။ ယခုကျားကလည်း နယ်ချဲ့ကျားငစဉ်းလဲ)

www.burmeseclassic.com

www.burmeseclassic.com



အထက်မြန်မာနိုင်ငံကို နယ်ချဲ့တို့ သိမ်းလိုက်သည့်အတွက် အင်္ဂလိပ်သတင်းစာအချို့နှင့် အိန္ဒိယသတင်းစာအချို့က ကန့်ကွက် ရေးသားခဲ့ကြသည်။ အကြောင်းပြချက် ခိုင်လုံမှုမရှိသည့်လုပ်ရပ်ဟု ကားလ်မတ်နှင့် ပညာရှင်များကလည်း မြန်မာနိုင်ငံတွင် စစ်ပွဲသုံးကြိမ် ဖြစ်မှုအပေါ် ကန့်ကွက်ရေးသားခဲ့ကြ၏။ အိန္ဒိယ၊ အင်္ဂလန်နှင့် ကမ္ဘာ့ အနှံ့အပြားမှ လူထုများကလည်း အင်္ဂလိပ်က မြန်မာနိုင်ငံကို ကျူးကျော် သိမ်းပိုက်ခြင်းအတွက် မနှစ်သက်ခဲ့ကြ။ လက်သင့်မခံခဲ့ကြ။

ဒါကြောင့်ပဲဟု ဆိုပါရစေ။ နယ်ချဲ့သည် နိုင်ငံရေးအကြောင်းပြ ဆင်ခြေဆင်လက်များအပြင် မြန်မာဘုရင်နှင့် မိသားစုတို့၏ ကိုယ်ကျင့် တရားနှင့် ကိုယ်ရေးကိုယ်တာကိစ္စများကို အပြစ်ပြောစရာ၊ အကြောင်း ပြစရာအဖြစ် ရှာဖွေကာ ဘုရင်နှင့် မိသားစုတို့၏ အကျင့်သိက္ခာကို ညစ်နွမ်းစေရန်၊ မှေးမှိန်သွားစေရန် လည်ဆယ်ဝါဒဖြန့်ခဲ့ကြခြင်းသာ ဖြစ်သည်။

စာရေးသူ ရေးလိုသည်ကမှ ...

မြန်မာတွေ ဘာကြောင့် ကျွန်ဖြစ်ခဲ့ရသလဲဟု မေးလျှင် ဤသို့ ဖြေလိုက်ချင်ပါ၏။

အဖြေက ရှင်းသည်။

အမှန်တရားကို အပေါ်ယံမျှ မကြည့်ဘဲ နက်နက်ရှိုင်းရှိုင်း ကြည့်လိုက်မည်ဆိုပါက နယ်ချဲ့စနစ်ဆိုးကြောင့်။

တစ်နည်းအားဖြင့် ...

'နယ်ချဲ့စနစ်ဆိုးဖြင့် အင်အားကြီးသူက အင်အားနည်းသူကို မတရားအနိုင်အထက်ပြုသဖြင့် ကျွန်ဖြစ်ခဲ့ရသည်' ဟုသာ ဖြေလို ပါသည်။

• • •



www.burmeseclassic.com

www.burmeseclassic.com

# စုမှုရှားလတ် အာလဲ

## သိုမဟုတ်

# ရှင်းတမ်းကို ရှင်းခြင်း (၁)

"စိုးစာပေကလားရှင်"

"ဟုတ်ပါတယ်၊ ပြောပါ"

ဖုန်းထဲကအသံက ရပ်သွားသည်။ ပြောဖို့စဉ်းစားနေသည် ထင်၏။ တအောင့်နေမှ အသံကို ဆက်ကြားရသည်။

"ပြောရမှာ အားတော့နာပါတယ်ရှင်၊ ဟင်း . . . ဟင်း . . . ဟင်း"

စကားနှင့် နောက်ဆက်တွဲရယ်သံက ပါလာသည်။

"ဘာဖြစ်လို့လဲ ခင်ဗျာ"

"ကျွန်မပြောချင်တာက ဒီလိုပါ၊ ခြောက် . . . ဒါနဲ့ အခုပြောနေတာ ဘယ်သူပါလဲရှင်"

"ကျွန်တော် ဟိန်းဝေပါ"

"ခြောက် . . . ဆရာဟိန်းဝေကိုယ်တိုင်ကိုး၊ ကောင်းတာပေါ့ရှင်၊ ဆရာနဲ့ ခုလိုတိုက်ရိုက်တွေ့ပြီး ပြောချင်တာလေးတွေကို ပြောရတာ"

www.burmeseclassic.com

www.burmeseclassic.com



မိမိစဉ်းစားရပြီ။ ဘာများပါလိမ့်။ ဘာကိစ္စများရှိလို့ပါလိမ့်။

"ဘာအကြောင်းလဲဆိုတာ သိပါရစေခင်ဗျာ၊ ပြောပါ"

"ဒီလိုပါရှင့်၊ ဆရာ စိတ်တော့မရှိပါနဲ့နော်၊ ဆရာတို့ စိုးစာပေ အနေနဲ့ နောက်ဆို စုဖုရားလတ်စာအုပ်မျိုးကို မထုတ်ပါနဲ့တော့လို့"

အံ့ဩသွားရသူက မိမိ။ ဘာဖြစ်လို့များပါလိမ့်။ ခေါင်းထဲမှာ တော့ မေးခွန်းတွေးနေတဲ့ အတွေးတွေ။

"စုဖုရားလတ်စာအုပ်ကို ဘာကြောင့်မထုတ်သင့်တာလဲ ခင်ဗျာ၊ အကြောင်းကိုလည်း ပြောပါဦး"

"ဒီလိုလေ၊ စုဖုရားလတ်မိဖုရားနဲ့ ပတ်သက်ပြီး ကျွန်မတို့ သိထားခဲ့တာတွေ၊ ဖတ်ထားခဲ့တာတွေနဲ့ ဒီစာအုပ်ထဲမှာ ဆရာ ကောင်း ထက် ရေးထားတာတွေနဲ့ တခြားစီ ဖြစ်နေတော့ ဒီစာအုပ်မျိုးကို မထုတ် သင့်ဘူးထင်နေလို့ပါ"

သည်လောက်ဆို မိမိသဘောပေါက်သွားပြီ။ သူ့လိုလူတွေ မနည်းပါလား။ (တချို့ဆို ပုံနှိပ်တိုက်ကိုပင် ဒီစာအုပ်ကို နောက်ထပ် မရိုက်ဖို့ တားသည်ဟု သိရသည်။ စာပေလောကထဲမှ စာသမားဆိုသူ တချို့ကလည်း စုဖုရားလတ်ကို သည်လောက်ထိ နေရာမပေးသင့်ဟု ဝေဖန်လာသံကို ကြားရသည်။)

"ဒါနဲ့ ကျွန်တော် တစ်ခုမေးပါရစေ၊ စိတ်တော့မရှိပါနဲ့နော်၊ အစ်မကြီးတို့အနေနဲ့ ကုန်းဘောင်ဆက်နောက်ဆုံး သီပေါခေတ်နဲ့ ပတ် သက်ပြီး ဘာစာအုပ်တွေကိုများ ဖတ်ထား လေ့လာထားပါသလဲခင်ဗျာ"

စကားသံ ထွက်မလာ။ ရပ်နေ၏။ ခဏနေမှ . . .

"ဟင်း . . . ဟင်း . . . ဟင်း . . . အဲဒီလောက်တော့ . . . အများကြီးပေါ့နော်၊ မဖတ်ထားဖူးပါဘူး။ ဖတ်ဖူးသလောက်တွေ့လေ၊ ဆရာ တက္ကသိုလ် . . . တို့ ဆရာ . . . တို့ ရေးတဲ့ ဘာသာပြန်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်တွေမှာ ပါတာတွေ၊ ကျွန်မတို့ တခြားသိထားခဲ့တာတွေနဲ့က ဆရာတို့စာအုပ်မှာ ပါတာတွေနဲ့ တော်တော့ကို ကွာနေလို့ပါ။ အဲဒါ ကြောင့်ပါ"

မိမိနှင့် ရင်းနှီးသည့် ဘာသာပြန်ဆရာတချို့ကို သတိရလိုက် သည်။ စာဖတ်သူတွေဘက်မှတွေးပြီး စိတ်မကောင်းခြင်းကြီးစွာလည်း ထပ်ဖြစ်ရပြီ။ ဒီစာအုပ်တွေက သူတို့ခေါင်းထဲကို အရိုးစွဲသွားစေပြီ ထင်ပါ၏။ နိုင်ငံနှင့် လူမျိုးဘက်က စဉ်းစားကြမည်ဆိုလျှင် ရင်နာစရာ ကောင်းလွန်းလှပါ၏။

တစ်ဖက်က စကားသံက နောက်ဆက်တွဲ ထွက်လာပြန်သည်။

"နောက်ပြီး . . . သမိုင်းနဲ့ပတ်သက်တဲ့စာအုပ်ဆိုပြီး မျိုးဆက် သစ်ဖြစ်တဲ့ နောက်လူငယ်လေးတွေ ဖတ်မိပြီး ဆရာတို့စာအုပ်ကို အမှန် လို့ ထင်သွားရင် . . ."

ဒုက္ခ . . .။ 'သူခိုးက လူလူဟစ်' ဆိုသည့်စကား။

"ကျွန်တော် ရှင်းပြမယ်နော်၊ သေချာနားထောင်ပါ။ ကျွန်တော် ဘာကြောင့် ဒီစာအုပ်ကို ထုတ်ချင်တာလဲ၊ ထုတ်ခဲ့ရလဲဆိုတာ၊ တိုတိုနဲ့ ရှင်းအောင်ပြောရရင်တော့ မထုတ်မဖြစ်တော့လို့ ဒီစာအုပ်ကို ထုတ်ရ တယ်ဆိုတာ သိစေချင်ပါတယ်"

"ရှင်"

အံ့အားသင့်သွားသည့်အသံ။

"ဆက်ပြောပါဦး ဆရာ"

"ဒီလိုပါ . . . ကျွန်တော် ဒီစာအုပ်ကို လက်တွေ့အကောင် အထည်ဖော်ချင်နေတာ ကြာပါပြီ၊ စာအုပ်တစ်အုပ်ဖြစ်လာဖို့ စိတ်ကူးပေါ် ခဲ့တာကတော့ (၁၅)နှစ်လောက် ရှိပြီပေါ့။ 'စုဖုရားလတ်ရှင်းတမ်းနှင့် ပါတော်မူဖြစ်ရပ်များ' ဆိုတဲ့ စာအုပ်နာမည်ကလည်း ကျွန်တော့်ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ပေးတဲ့ နာမည်ပါ၊ ပြောရရင် သမိုင်းနဲ့ ပတ်သက်နေတဲ့ စာအုပ်ဆိုတော့ ဒီစာအုပ်မျိုးကို ပြုစုရတာ၊ ထုတ်ဝေရတာ တာဝန်သိပ်ကြီးပါတယ်၊ အချိန်လည်း ယူရပါတယ်၊ ဒီစာအုပ်မျိုးက အတိမ်းအစောင်းခံတဲ့ စာအုပ်မျိုး မဟုတ်ပါဘူး။ ဒီတော့ ကိုးကားဖို့ စာအုပ်စာတမ်းတွေကို အချိန်ယူပြီး ရှာဖွေရပါတယ်၊ အချက်အလက်တွေ၊ အထောက်အထားတွေ စုရပါတယ်၊ အဲဒီခေတ် သမိုင်းနဲ့ဆိုင်တဲ့ စာအုပ်တွေကိုလည်း အများကြီး လေ့လာရပါတယ်၊ ပြောရရင် ဒီစာအုပ်ကို ပြုစုနိုင်ဖို့ ကျွန်တော်နဲ့ ကျွန်တော့်စာရေးဖော် ဆရာကောင်းထက်တို့ စာအုပ်စာတမ်း (၅၂)စောင်ကို ကိုးပြီး ပြုစုခဲ့ရပါတယ်၊ ဒီစာအုပ်မျိုးက ရသအဖွဲ့အနွဲ့ဝတ္ထုတွေလို ကိုယ့်ခံစားမှုတစ်ခုတည်းနဲ့ ကိုယ်လိုချင်သလို ကိုယ်ရေးချင်သလို ရေးလို့ မရပါဘူး"

တစ်ဖက်က ငြိမ်နားထောင်နေသည်။

"ပြီးတော့ ကျွန်တော်ပြောချင်တာက နိုင်ငံတော်ကလည်း ဒီစာအုပ်တွေကို ကျွန်တော်တို့ ထုတ်ချင်သလို ထုတ်၊ ရေးချင်သလို ရေးဆိုပြီး ထုတ်ခွင့်ရေးခွင့်ပေးထားတာ မဟုတ်ပါဘူး။ စာပေစိစစ်ရေး ဆိုတာ ရှိပါတယ်၊ အဲဒီ စာပေစိစစ်ရေးမှာ ကျွန်တော်တို့ ပုံနှိပ်ထုတ်ဝေချင်တဲ့ စာမူတွေ၊ စာအုပ်တွေကို တင်ပြရပါတယ်၊ အခုလို အတိမ်းအစောင်းမခံတဲ့ သမိုင်းနဲ့ ပတ်သက်နေတဲ့ စာအုပ်မျိုးတွေကိုကျတော့ စာပေစိစစ်ရေးအဖွဲ့နဲ့တင် မပြီးပါဘူး။ သမိုင်းဌာနကို သွားရပါတယ်၊ သမိုင်းဌာနက စိစစ်တာကို ခံရပါတယ်၊ သမိုင်းဌာနက စိစစ်ပြီး ခွင့်မပြုသင့်တာတွေပါရင် ဖြုတ်ခိုင်းပါတယ်၊ သမိုင်းအချက်အလက်တွေနဲ့ မကိုက်ညီလို့၊ သမိုင်းဖြစ်ရပ်မှန်တွေနဲ့ ကင်းကွာနေမယ်ဆိုရင်တော့ စာအုပ်ကို ထုတ်ဝေဖို့ သဘောတူခွင့်ပြုချက် မပေးပါဘူး။ ဒါကြောင့် ကျွန်တော် ပြောချင်တာက သမိုင်းစာအုပ်တစ်အုပ် လွယ်လွယ်ကူကူနဲ့ ဖြစ်လာဖို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မလွယ်ဘူးဆိုတာကိုပါပဲ၊ ဒီလောက်ဆို ကျွန်တော် ရှင်းပြတာ
ထို သဘောပေါက်လောက်ပြီထင်ပါတယ်"

"ဟုတ်ကဲ့ ဆရာ၊ ဒါတွေကိုတော့ ကျွန်မ မသိပါဘူး။ ဆရာတို့
အချပ်ကိုလည်း ကျွန်မတို့ကျောင်းက ဆရာမကြီးတစ်ဦးက ဒီစာအုပ်က
ဆို့အရင်ကဖတ်ခဲ့တဲ့ စာအုပ်တွေနဲ့ မတူဘူး။ ဖတ်ကြည့်စမ်းဆိုလို့ စုဖုရား
လတ်ရှင်းတမ်းဆိုတော့ စိတ်လည်းဝင်စားတာနဲ့ ဝယ်ပြီးဖတ်ကြည့်တာပါ"

"နောက်တစ်ခု ကျွန်တော်ပြောချင်တာက သမိုင်းအမှတ်မှား
နေကြတာက ဆရာမမှ မဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ ကျွန်တော်
တို့မြန်မာတွေ တော်တော်များများကပဲ တခြားလူမျိုးကို ပြောတာ
မဟုတ်ဘူးနော်၊ ကျွန်တော်တို့မြန်မာတွေကိုယ်တိုင်ကပဲ ကုန်းဘောင်
ခေတ်နောက်ဆုံး သီပေါခေတ်ကို ပြောလိုက်တာနဲ့ သီပေါဆိုတာက
အရည်အချင်း လုံးဝမရှိတဲ့မင်း။ စုဖုရားလတ်ဆိုတာလည်း ရက်စက်တဲ့၊
အားထက်တဲ့၊ သွေးစွန်းနေတဲ့ မိဖုရားဆိုပြီး ပြောနေကြတာ၊ မြင်နေကြ
တာက အဲဒီလို၊ ဒါပေမယ့် သမိုင်းဆိုင်ရာအနေနဲ့ လက်မခံနိုင်လောက်
တဲ့ အထောက်အထားတွေနဲ့ တကယ်လေ့လာလိုက်တဲ့အခါကျတော့
လည်း ဒီလိုမဟုတ်ပြန်ဘူး။ တိုင်းတစ်ပါးနယ်ချဲ့အုပ်စုက နယ်ချဲ့အလိုကျ
'မြန်မာမကောင်း၊ အင်္ဂလိပ်အကောင်း' ဆိုပြီး လည်ဆယ်ဝါဒဖြန့် ရေးခဲ့
ကြတဲ့ E.C.V FOUCAR တို့လို နိုင်ငံခြားသား စာရေးဆရာတွေ ရေးခဲ့တဲ့
သဘာဝယုတ္တိမဲ့ စာအုပ်တွေ၊ အဲဒီစာပေအဆိပ်မှိုင်းတွေကလည်း အဲဒီ
စာအုပ်တွေ ဖတ်မိထားကြတဲ့ တချို့မြန်မာတွေရဲ့ အသွေးအသားတွေ၊
ဦးနှောက်တွေထဲမှာ စိမ့်ဝင်နေကြတယ်လေ၊ ရှင်းရှင်းပြောရရင် ပတွေးကို
အအေးမှတ်နေကြတော့ ခက်ကုန်တော့တာပေါ့၊ အဲဒီအတွက် အဲဒီစာအုပ်
တွေကို ငွေရဖို့တစ်ခုတည်းအတွက် မျက်မွေးတစ်ထောင့်ပဲ ကြည့်ပြီး
ဘာသာပြန်ခဲ့ကြတဲ့ ကျွန်တော်တို့ဆီက စာရေးဆရာတချို့တွေမှာလည်း
တာဝန်တွေရှိတယ်ဆိုတာ ကျွန်တော် ပြောချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဆရာ၊ အခုလို ဖုန်းထဲကနေ အချိန်ယူပြီး ရှင်းပြတဲ့အတွက် ဆရာ့ကို ကျေးဇူးတင်ပါတယ်၊ ကျွန်မလည်း လေ့လာဖို့ အများကြီးလိုသေးတယ်လို့ထင်ပါတယ်"

"ဟုတ်ကဲ့၊ အခုလိုရှင်းပြလိုက်ရတဲ့အတွက် ကျွန်တော်ကလည်း ကျေးဇူးတင်ပါတယ်"

ဒါကတော့ မှတ်မှတ်ရရ ၁၊ ၁၁၊ ၂၀၀၄ နေ့ ညနေက မိမိဆီ ဆက်လာတဲ့ ဖုန်းထဲက အသံတစ်ခုပါ။ နောက်ရက်တွေမှာ သိရတာက ၎င်းစာအုပ်ကို ပုံနှိပ်ခဲ့သည့် ပုံနှိပ်တိုက်ကိုလည်း လူတစ်ဦးက ထပ်ပြီး မရိုက်ဖို့ တားသည်ဟု သိရှိရပါသည်။

"စုဖုရားလတ်ဆိုတာက ကောင်းတဲ့မိဖုရားမဟုတ်ဘူး။ သူ ရှင်းထားတာတွေကလည်း အမှန်တွေဖြစ်မှာ မဟုတ်ဘူး။ လိမ်တာတွေပဲ ဖြစ်မှာ" ဆိုသည့်စကား။

ရေးရလျှင် သည်စာအုပ်နှင့် ပတ်သက်ပြီး တချို့နေရာတွေမှာလည်း ဂယက်ရိုက်နေတာ မိမိကြားထားပြီး၊ သိထားပြီး ဖြစ်ပါသည်။ စုဖုရားလတ်စာအုပ်ကို ဘာသာပြန်ခဲ့သည့် မိမိနှင့် ရင်းနှီးခင်မင်သည့် ဆရာတစ်ဦးကဆိုလျှင်လည်း စုဖုရားလတ်ရှင်းတမ်းစာအုပ်မှ မိမိရေးသည့် အမှာစာကို ဖတ်ပြီး မိမိက သူ့ကို ရေးထားတာဟု ပြောသံကို စာရေးဆရာတစ်ဦးမှ တစ်ဆင့်ကြားသိရပြန်ပါသည်။ ရေးရလျှင် စာအုပ်က ဈေးကွက်တွင် အရောင်းသွက်သလို ၎င်းစာအုပ်နှင့် ပတ်သက်၍ အသံဗလံမျိုးစုံကလည်း ညံနေသည်ဟု ဆိုချင်ပါသည်။

ရေးချင်တာက မိမိသည် စုဖုရားလတ်ကိုထိခိုက်သွားလည်း မဟုတ်၊ ကင်းဝန်ကိုထိခိုက်သွားလည်း မဟုတ်ဆိုတာကိုပင်။ မိမိမှာ ပုဂ္ဂိုလ်မျိုး ဒေသစွဲမရှိ။ မိမိ လက်ကိုင်ထား ကျင့်သုံးသည်က အမှန်တရားဆိုသည့် 'စံ'။ ဘာမဆို အကြောင်းရင်းခံ ရှိသည်။ အချိန်တော့ယူရလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အရာကိုမျှ ချက်ချင်းဆုံးဖြတ်၍ မရ။ 'ထင်မြင်တွေး' ဆိုတာက အနှစ်အသားမဟုတ်။ အမှန်တရားသည် ဘဝ၏အပေါ်ယံ၌မရှိဆိုသည့် ပညာရှင်တစ်ဦး၏ စကားလိုပင်။

ဤနေရာတွင် သီပေါမင်းနှင့် ပတ်သက်ပြီး မကြာသေးမီက ဖြစ်ရပ်တစ်ခုကို မိမိရေးပြချင်သည်။ စာရေးဆရာကြီးတစ်ဦးထံမှ မိမိ ကြားသိရသည့်စကား ဖြစ်ပါသည်။ ထိုစဉ်က ရန်ကုန်ထဲရှိ ကျောင်းတစ်ကျောင်းမှာ ပညာရည်ချွန်ဆုပေးပွဲနှင့် ဟောပြောပွဲ တွဲ၍ပြုလုပ်သည်ဟု ဆိုပါသည်။ ထိုပွဲတွင် စာရေးဆရာတစ်ဦးက ကျောင်းသားကျောင်းသူများကို ဟောပြောခဲ့ရာ သီပေါမင်းအကြောင်းကို ရောက်ရှိသွားပြီး 'အဲဒီ သီပေါမင်းဆိုတဲ့မင်းက မင်းတို့ခုနစ်တန်းကျောင်းသားလောက်တောင် အရည်အချင်းမရှိတဲ့မင်း ဖြစ်တယ်'ဟု ဟောပြောလိုက်သည်ဟု ဆိုပါသည်။

ထိုစကားကို စာရေးဆရာကြီးတစ်ဦးက ကြားရသောအခါ ထိုစာရေးဆရာဆိုသူကို သွားတွေ့ကာ 'လူငယ်တွေကို နားမျက်စိဖွင့်ပေးနေတဲ့ စာရေးဆရာတစ်ဦးအနေဖြင့် ထိုသို့မဟောပြောသင့်ကြောင်း။ သီပေါမင်းကို ခုနစ်တန်းကျောင်းသားလောက်တောင် အရည်အချင်းမရှိဟု ဆိုရအောင် သီပေါမင်း၏ ပညာရေးနှင့် ပတ်သက်ပြီး သေချာလေ့လာပြီးမှသာ ပြောသင့်ကြောင်း။ သီပေါမင်းဆိုတာ မင်းတုန်းမင်းရဲ့ သားတော်များထဲတွင် စာအတော်ဆုံး မင်းသားတစ်ပါးဖြစ်သဖြင့် မင်းတုန်းမင်း၏ ချစ်ခင်ခြင်းကိုပင် ခံရသူဖြစ်ကြောင်း' သတိပေး ပြောဆိုရာ ထိုအခါကျမှ ထိုစာရေးဆရာက သူပြောမိတာ မှားသွားကြောင်း ဝန်ခံခဲ့ရသည်ဟု ဆိုပါသည်။

ရေးချင်သည်က သမိုင်းဆိုသည်မှာ ပါးစပ်ရာဇဝင် မဟုတ်ပါ။ အရပ်ထဲကစကား မဟုတ်ပါ။ ဇာတ်နာအောင် ရေးကြတဲ့ ဇာတ်စကား ပွဲစကားတွေလည်း မဟုတ်ပါ။

စိုးတာဝေ

www.burmeseclassic.com

www.burmeseclassic.com

# စူဖူရားလတ် အာလဲ

သို့မဟုတ်

# ရှင်းတမ်းကို ရှင်းခြင်း (၂)

သမိုင်းကို ရေးသားပြုစုသူ၏တာဝန်မှာ ကြီးလွန်းလှပါသည်။ သမိုင်းမှန်ဖြစ်ရေးအတွက် သမိုင်းဆိုင်ရာ စာအုပ်စာတမ်း ကျမ်းကိုးကျမ်းကား နိုင်နိုင်မာမာ ရှိရပါမည်။ မိမိရေးသားပြုစုမည့် သမိုင်းဆိုင်ရာ အကြောင်း၊ ခေတ်ကာလအခြေအနေနှင့် နောက်ခံများကို အချိန်ယူ၍ လေ့လာမှုပြုရမည် ဖြစ်ပါသည်။

သမိုင်းကိုရေးသူသည် ဖြောင့်မှန်ဖို့လည်း လိုအပ်ပါသည်။ မိမိအကြိုက်၊ မိမိလိုသလို ဆွဲရေးမည်ဆိုပါက သမိုင်းကို သစ္စာဖောက်သည့် စာပေသာ ဖြစ်ပါလိမ့်မည်။ ပညာရှင်တစ်ဦး ဆိုမိန့်သကဲ့သို့ သမိုင်းကိုရေးသူ၏ တာဝန်မှာ သမိုင်းကို ရေးသားပြုစုရာတွင် မိမိ ရန်သူပင် ဖြစ်ပါစေ၊ ချီးမွမ်းသင့်တာ ချီးမွမ်းရမည်။ ဘက်လိုက်မှု မရှိဘဲ သမိုင်းမှန်ဖြစ်စေရေးအတွက် အမှန်တရားဆိုင်ရာသစ္စာကို ဦးထိပ် ထားရမည်ဟု ဆိုထားပါသည်။

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရေးရလျှင် အမှန်တရားဆိုသည်မှာ ပျောက်ကွယ်ငုပ်လျှိုး ဝှိမ်မြုပ်သွားသည့်အရာမဟုတ်ပါ။ နေတစ်ဆူ လတစ်ဆူကဲ့သို့ ထာဝရ ထင်ရှားနေသည့် ထွန်းပနေသည့်အရာသာ ဖြစ်ပါသည်။ ဤသည်ကို လည်း ကမ္ဘာ့သမိုင်းဖြစ်ရပ်များကိုပဲကြည့်ကြည့်၊ မြန်မာ့သမိုင်းဖြစ်စဉ် များကိုပဲ လေ့လာလေ့လာ မပျောက်ပျက်နိုင်သော သမိုင်းဆိုင်ရာ အမှန်တရားကို တွေ့ရှိနိုင်ကြမည် ဖြစ်ပါသည်။ အမှန်တရားအတု ဆိုသည်မှာ အတုသာ ဖြစ်ပါသည်။ ရေရှည်မတည်တံ့နိုင်ပါ။

ဤတွင် သမိုင်းနှင့် ပတ်သက်ပြီး ကျွမ်းကိုးကျွမ်းကားမဲ့ အရပ် စကား ပွဲစကားအချို့ကို ရေးပြလိုပါသည်။ ပထမမြန်မာနိုင်ငံတော်ကြီး ကို တည်ထောင်တော်မူခဲ့သည့် အနော်ရထာမင်းမြတ်နှင့် ပတ်သက်၍ ဆိုကြပါစို့။

မိမိသည် ပွဲလမ်းသဘင်ရုပ်ရှင်တို့ကို ငယ်စဉ်ကလေးဘဝက ပင် ဝါသနာကြီးစွာ ကြည့်ရှုခဲ့သူဖြစ်ရာ သမိုင်းနှင့် ပတ်သက်သည့် ရုပ်ရှင်များကို မလွတ်တမ်းဆိုသကဲ့သို့ ကြည့်ခဲ့ရဖူးပါသည်။ မိမိ ယခု အနော်ရထာမင်းမြတ်နှင့် ပတ်သက်၍ ရေးလိုသည်က မိမိ (၁၂)နှစ်သား ခန့်က ကြည့်ခဲ့ရသည့် မြန်မာရုပ်ရှင်ဇာတ်ကားတစ်ကားမှ ဖြစ်ပါသည်။ ရုပ်ရှင်ကားအမည်က 'ကျန်စစ်သား'၊ သရုပ်ဆောင်မင်းသားက ထိုခေတ် ထိုအချိန်က နာမည်ကြီးနေသည့် ရွှေဘ၊ ဒါရိုက်တာကိုတော့ မမှတ်မိ တော့ပါ။

ထိုကားတွင် ပုဏ္ဏားတော်များက အနော်ရထာဘုရင်မင်းမြတ် အား ထီးနန်းကို လုယူမည့်ပုဂ္ဂိုလ် ပေါ်လာမည်ဟု တွက်ချက်သတိပေး လျှောက်တင်ကြရာ အနော်ရထားမင်းက 'ထိုပုဂ္ဂိုလ် ယခု အဘယ်မှာ ရှိသနည်း'ဟု မေးရာ ပုဏ္ဏားတို့က 'ကိုယ်ဝန်ဆောင်သည့်မိခင်၏ ဗိုက် တွင် ရှိနေပါသည်'ဟု လျှောက်ထားလာကြသဖြင့် ပုဂံနှင့် မင်းနေပြည်



www.burmeseclassic.com

www.burmeseclassic.com



တော်တစ်ဝိုက်တွင်ရှိသည့် ကိုယ်ဝန်ဆောင်သည်အားလုံးကို အနော်ရထာမင်းက သတ်စေသည်။ ထို့နောက် ပုဏ္ဏားများကို ထီးနန်းကို လုယူမည့် ထိုပုဂ္ဂိုလ် 'သေ မသေ' မေးရာ 'မသေပါ၊ ယခုအခါ မိဖုရားမြင်ပြီး၍ ကလေးအရွယ်သို့ ရောက်နေပါပြီ' ဟု လျှောက်ထားသဖြင့် ကလေးငယ်များကို သတ်စေပြန်ပါသည်။ တစ်ခါ 'သေ မသေ' မေးပြန်ရာ 'ထိုကလေးငယ် မသေပါ၊ ယခုအခါ နွားကျောင်းသားအရွယ်သို့ပင် ရောက်နေပါပြီ'ဟု လျှောက်ကြပြန်သဖြင့် အနော်ရထာမင်းက နွားကျောင်းသားအားလုံးကို သတ်စေသည်ဟု ထို'ကျွန်စစ်သား' ရုပ်ရှင်ကားတွင် မိမိငယ်စဉ်က ကြည့်ခဲ့ရပါသည်။

ထိုရုပ်ရှင်ကားကိုကြည့်ပြီး မိမိမှာ ငယ်စဉ်က အနော်ရထာကို ရက်စက်သည့်ဘုရင်ဆိုးတစ်ပါးဟု ထင်မြင်ယူဆပြီး အထင်မကြီးနိုင်ဖြစ်ခဲ့ရကာ ကျွန်စစ်သားကိုပါ တကယ့်သူရဲကောင်းမင်းမြတ်ဟု ထင်မြင်ခဲ့သည်မှာ အရွယ်ရောက်လာ၍ သမိုင်းကို တကယ်လေ့လာသည့်အခါကျမှ အခြေအမြစ်မရှိသည့် ယုတ္တိမဲ့များ၊ မရေးသင့်၊ မပြသင့်သည့် သမိုင်းကို ဖျက်ဆီးသည့် တာဝန်မဲ့လုပ်ရပ်များ ဖြစ်နေသည်ကို တွေ့ရှိလာရပါသည်။ မည်မျှဆိုးဝါးလှပါသနည်း။ ထိုရုပ်ရှင်တွင် ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်တော်မူခဲ့သည့် အနော်ရထာဘုရင်မင်းမြတ်သည်ပင်လျှင် ဘုရင်ဆိုး၊ ဘုရင်ကြမ်း၊ အကြင်နာတရားမဲ့သည့် ရက်စက်သည့် သွေးဆွန်းဘုရင်တစ်ပါး ဖြစ်ခဲ့ရသည်။ ထိုသို့ ရေးသင့်ကြသလား၊ ပြသင့်ကြသလား'ဟု မိမိမေးလိုက်ချင်ပါသည်။

နောက်တစ်ခါကြည့်ဦး။

မိမိငယ်စဉ် ကလေးဘဝကပင် ပွဲကြိုက်သည့် မိမိမိခင်နှင့်အတူ ဇာတ်ပွဲတွေ ကြည့်ခဲ့ရသည်။ ထို့ကြောင့်ပင် မိမိမှာလည်း မိခင်ကြီး၏ ဗီဇအတိုင်း ပွဲကြိုက်သူဖြစ်လာခဲ့ရာက အနုပညာလောကထဲ

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတော့လည်း ပွဲလွှင့်သူတွေ၊ ဇာတ်မင်းသားတွေနှင့် ခင်မင်ကာ ဇာတ်ပွဲဆိုလျှင် မလွတ်တမ်းဆိုတာလို ကြည့်ဖြစ်ခဲ့ပါသည်။

ယခုရေးချင်သည်က 'တောင်ပြုံးမင်းညီနောင်'ဇာတ်။ ထိုဇာတ်တွင် ကြည့်ပါဦး။ အနော်ရထာမင်း တောင်ပြုံးဘုရားတည်ရာတွင် အုတ်နှစ်ချပ်လပ်နေသည့်ကိစ္စ။ မင်းသားနှစ်ပါးတို့ လစ်ဟင်းပျက်ကွက်ခဲ့သည့်အတွက် ဘုရင်မင်းမြတ်က 'ဘူတော်မောင်တွေ၊ တစ်ကြိမ်တစ်ခါ မလိမ္မာတာအတွက် နောင်မမိုက်ကြရအောင် ကြိမ်နဲ့ ရိုက်ဆုံးမလိုက်ပါ သားတော်'ဟု မိန့်တော်မူလိုက်ရာ မိမိထက် အစွမ်းထက်ကာ လူစွမ်းကောင်းတွေ ဖြစ်နေကြသည့်အတွက် မနာလိုမစ္ဆရိယဖြစ်နေသည့် ကျန်စစ်သားက မင်းညီနောင်နှစ်ပါးကို ဝါးရင်းတုတ်နှင့် ရိုက်နှက်သဖြင့် မင်းညီနောင်နှစ်ပါး သေရသည်ဟု ဇာတ်ကပြခဲ့ရာ ထိုဇာတ်တွင် ကျန်စစ်သားမှာ 'ဗီလိန်'ဖြစ်ရပြီး ဇာတ်ပွဲကြည့်သူတွေ မုန်းတီးစက်ဆုပ်ဖွယ် ဖြစ်ခဲ့ရသည်မှာလည်း မရေးသင့် မပြောသင့်သည့် တာဝန်မဲ့လုပ်ရပ်များပင် ဖြစ်ပါသည်။ ထိုဇာတ်မျိုးကြောင့် ပထမမြန်မာနိုင်ငံတော်ကြီးကို အနော်ရထာမင်းမြတ်နှင့် တွဲ၍ ထူထောင်တော်မူခဲ့သည့် သမိုင်းတွင် နာမည်ကောင်းနှင့် ထင်ရှားကျော်ကြားခဲ့သည့် ကျန်စစ်သားမင်းကြီးခမျာ ရက်စက်သူအဖြစ် နာမည်ပျက်ရသည်မှာ ဆိုးလွန်းလှသည့် အရေးအပြများဟု ဆိုရပါမည်။ •

ရေးရမည်ဆိုလျှင် မိမိရေးပြစရာတွေ အများကြီး ရှိနေပါသည်။ သို့သော် သို့သော် ယခုမိမိရေးရမည်က စုဖုရားလတ်နှင့် ပတ်သက်၍ ဖြစ်သည်။ ရှေ့တွင်ရေးခဲ့သည့်အတိုင်း မိမိသည် စုဖုရားလတ်ဂိုဏ်းသားလည်း မဟုတ်၊ ကင်းဝန်ဂိုဏ်းသားလည်း မဟုတ်ဆိုသည်ကိုပင်။ မိမိတွင် ပုဂ္ဂိုလ်စွဲမရှိ၊ ဒေသစွဲမရှိ။ မိမိလက်ကိုင်ထား ကျင့်သုံးသည်က အမှန်တရားဆိုသည့် 'စံ'။ မိမိကိုယ်တိုင်က မိမိဘဝတွင် လူ့စိတ်အမှန်



www.burmeseclassic.com

www.burmeseclassic.com



တရားနှင့် လူ့ဘဝအမှန်တရားကို ရှာဖွေလိုသူ။ ဘာမဆို အကြောင်းရင်းခံကိုသာ ကြည့်မည်။ လူတစ်ယောက် ကောင်း မကောင်း သူ့သမိုင်းကြောင်းကို ပြန်လေ့လာရမည်ဖြစ်သလို လူပုဂ္ဂိုလ် (သို့မဟုတ်) ဘယ်အရာကိုမျှ ယပ်ဘာလောဆုံးဖြတ်၍မရ။ မိမိတို့အသက်အရွယ်၊ အတွေ့အကြုံတွေအရလည်း 'ထင်မြင်တွေး'ဆိုတာတွေက မရှိသင့်တော့ပြီ။

စုဖုရားလတ်နှင့် ပတ်သက်၍လည်း လူတိုင်းက ကုန်းဘောင်ဆက် နောက်ဆုံးခေတ်ဆိုလျှင် စိတ်ဝင်စားနေကြသည်ဆိုတော့ ပါတော်မူခေတ်ဆိုသည်နှင့် စုဖုရားလတ်ကို ဖယ်၍မရတော့။ နယ်ချဲ့အလိုတော်ကျ နိုင်ငံခြားသား စာရေးဆရာတွေက ထိုခေတ်ထိုကာလနှင့် ပတ်သက်ပြီး ဝတ္ထုရေးဖွဲ့ဟန်တွေနှင့် သူတို့လိုသလို အမျိုးမျိုးရေးကြ၊ မြန်မာဘုရင်နှင့် မိဖုရားကို (ဆရာမြသန်းတင့်၏အရေးနှင့် ရေးရလျှင်) ရွှံ့ပုပ်တွေနှင့် ဝိုင်းပက်ကြ၊ ကိုယ့်ထီးကိုယ့်နန်းနှင့်နေသည့် မြန်မာတွေက မကောင်း။ စစ်ပွဲ သုံးကြိမ်ဖြစ်ပြီး နယ်ချဲ့ကျူးကျော် မတရားအနိုင်အထက်ကျင့် သိမ်းပိုက်သည့် သူတို့တွေကမှ အကောင်း (တစ်ကမ္ဘာလုံး နယ်ချဲ့အင်ပါယာ ထူထောင်ခဲ့ကြသူများ) အသိပညာ ဦးနှောက်ကြီးသူတွေ၊ မှန်မှန်ကန်ကန် တွေးမြင်ဆင်ခြင်နိုင်သူတွေ ရယ်ဖွယ်ကောင်းအောင် သူတို့တစ်တွေ လုပ်ကြံဝါဒဖြန့် ရေးသားခဲ့ကြသည်။ ဘာသာပြန်စာအုပ်တွေမှတစ်ဆင့် မြန်မာတွေကို စာပေအဆိပ်မှိုင်းတွေ သင့်အောင် လုပ်ခဲ့ကြသည်။ (ဘာသာပြန်သူတွေကလည်း ကိုယ့်နိုင်ငံကိုယ့်လူမျိုးမျက်နှာကို မကြည့်၊ အရင်းအတိုင်း ဘာသာပြန်ပေးခဲ့ကြသည်။)

တိုင်းတစ်ပါး နိုင်ငံခြားသား စာပေပညာရှင်တစ်ဦးဖြစ်သည့် ဖီးလဒင်းဟော (H.Fielding) ပင်လျှင် အမှန်တရားဆိုသည့် 'စံ'ကို လက်ကိုင်ပြု၍ သဘာဝယုတ္တိကျကျ တွေးနိုင်ပါလျက် မြန်မာတွေဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည့် သူတို့တွေ မတွေးခဲ့ကြ၊ မရေးခဲ့ကြ။ ဖီးလဒင်းဟော (H.Fielding) ရေးခဲ့သည်က ဤသို့ ဖြစ်သည်။

"ယင်းလူသတ်ပွဲအတွက် မည်သူတာဝန်ရှိသည်ဟူသောအချက်နှင့် ပတ်သက်၍မူ ကျွန်ုပ် အသေအချာ မသိပေ။ သို့ရာတွင် ကျွန်ုပ် အတိအကျ သိရသည့်အချက်မှာ မင်းပျိုမင်းလွင် သီပေါဘုရင်နှင့် သူ့ကြင်ရာမိဖုရားဖြစ်လာသည့် လုံမငယ်မှာ ထိုကိစ္စနှင့် ပတ်သက်၍ လုံးဝအပြစ်မရှိ ဟူသောအချက်ပင် ဖြစ်လေသည်။ သူတို့သည် ကိစ္စအားလုံး ပြီးဆုံးသွားသည်အထိ ဘာမှမသိလိုက်ကြရပေ။ သီပေါဘုရင်သည် ကွပ်မျက်ခံခဲ့ကြရသည့် သူ့ညီတော် နောင်တော်များအတွက် ငိုကြွေးမြည်တမ်းခဲ့ရှာသည်။ သူကား စိတ်သဘောထား နူးညံ့ပျော့ပျောင်းသော သူငယ်ပင် ဖြစ်သည်။"

ထို့ပြင် နိုင်ငံခြားသားများက သီပေါဘုရင်ကို လူသတ်ဘုရင်၊ အရက်သမားယစ်ထုပ်ဟု ရေးသားနာမည်ဖျက်ခဲ့ကြသည့်အတွက်လည်း အမျိုးသားပညာဝန် ဦးဖိုးကျား အပါအဝင် မြန်မာပညာရှင်ကြီးများက မကျေမနပ်ဖြစ်ကာ ပြန်လည်ရှင်းလင်း တုံ့ပြန်ချေပခဲ့သည်မှာလည်း ဖြစ်စဉ်ဖြစ်ရပ်များကို ပြန်လည်လေ့လာကြမည်ဆိုပါက အထင်အရှားပင် တွေ့ကြရမည် ဖြစ်ပါသည်။

ဤတွင် မိမိရေးချင်သည်က ၁၉၂၂ ခု၊ ဒီဇင်ဘာလ (၂၄)ရက်၊ (၃၁)ရက်နှင့် ၁၉၂၃ ခုနှစ်၊ ဇန်နဝါရီလ (၇)ရက်နေ့က မြန်မာစာပေပညာရှင်တစ်ဦးဖြစ်သည့် ကထိက ဦးသက်တင်ကို ရတနာဂီရိမှ မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာသည့် စုဖုရားလတ်၏ ရှင်းလင်းဖြေကြားသည့် စကားများ မှန် မမှန်၊ သဘာဝယုတ္တိ ကျ မကျ။

မေးခွန်းနံပါတ် (၂)တွင် ကထိက ဦးသက်တင်က စုဖုရားလတ်အား ဤသို့မေးမြန်းခဲ့သည်ကို လေ့လာဖတ်ရှုခဲ့ရပါသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

# စူဖူရားလတ် ဘာလဲ
## သို့မဟုတ်
# ရှင်းတမ်းကို ရှင်းခြင်း (၃)

မေးခွန်း (၂)။ ။ မဟာသွေးမဟာနွယ်များကို ကွပ်မျက်သည့်ကိစ္စတွင် အရှင်သီပေါမင်းတရား၏ ပယောဂ ပါ မပါ သိလိုပါတယ်ဘုရား။

အဖြေ ။ ။ မောင်တော်ဘုရားရဲ့ပယောဂ လုံးဝမပါဘူး၊ ကင်းဝန် အမိန့်နဲ့ လက်သုံးတော်တွေက ကွပ်မျက်ပစ်လိုက်ကြတာပါ။ မောင်တော်ဘုရားဟာ ရတနာသုံးပါးကို အလွန်ကြည်ညိုပါတယ်၊ ငါးပါးသီလ မြဲပါတယ်၊ ဗြဟ္မစိုရ်တရားလေးပါးနဲ့လည်း ပြည့်စုံပါတယ်၊ မင်းဖြစ်ပြီး မကြာခင် ရှစ်ပါးသီလ တစ်လပတ်လုံး ကျင့်သုံးဆောက်တည်ပါတယ်၊ မောင်တော်၏ စိတ်နှလုံး နူးညံ့သိမ်မွေ့ပုံကို အင်္ဂလိပ်ဘုရင်ခံချုပ်များကိုယ်တိုင် ချီးမွမ်းကြောင်းကို အကျယ်ချုပ်အရာရှိများကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ပြောကြပါတယ်၊ မင်းသားတွေကို သတ်ပြီး နောက်တစ်နေ့မှာ ရက်စွဲကိုတော့ စုဖုရား မမှတ်မိတော့ဘူး။ ညီလာခံတွင် မင်းညီမင်းသား၊ မှူးမတ်ကြီးများသို့ မောင်တော်၏ ပယောဂ အနည်းငယ်မျှ မပါကြောင်း ရှင်းလင်းမိန့်ကြားပြီး အကုသိုလ်ဖြုလျှင် ဘယ်ကဲ့သို့ အပြစ်ရှိသည်များကို မောင်တော် တရားဟောကြားပါသေးတယ်၊ မောင်တော်မသိဘဲ ဝန်ကြီးအတွင်းဝန် လက်သုံးတော်တို့ မည်သူ့ကိုမှ သေဒဏ်မပေးရလို့ အမိန့်တော်ထုတ်ပါသေးတယ်။

ကုလားဖြူအချို့က မောင်တော့်အပေါ် အပြစ်ဖို့ကြတာကို အပါးတော်မြဲ မောင်စံရွှေထံက စုဖုရားလည်း ကြားရပါတယ်၊ မောင်တော်ဟာ နန်းမွေ ဆက်ခံနိုင်တဲ့ တစ်ဦးတည်းသော မင်းသားပါ၊ မိဖုရားကြီးတစ်ဦးဦးမှ မွေးတဲ့မင်းသားသာလျှင် နန်းမွေ ဆက်ခံနိုင်ပါတယ်၊ အဆောင်ရမိဖုရား၊ အခန်းရမိဖုရား၊ ကိုယ်လုပ်တော်များက မွေးတဲ့ အစ်ကိုတွေ၊ ညီတွေက နန်းလုဖို့ ကြံစည်အားထုတ်ကြတာကို မောင်တော်သိပေမယ့် မကြွပ်မျက်နိုင်ပါဘူး၊ အကျယ်ချုပ်နဲ့ ထားနိုင်းပါတယ်၊ မောင်တော်အမည်ဖျက်အောင် ကင်းဝန်က အင်္ဂလိပ်ပယောဂနဲ့ မင်းသားလတ်၊ မင်းသားငယ်တွေကို သတ်ပစ်နိုင်းတာပါပဲ၊ ထိုကိစ္စနဲ့ပတ်သက်ပြီး မောင်တော်က ကင်းဝန်ကို ရာထူးမှ ခဏချထားဖူးတယ်၊ အဲဒါကို တေးထားပြီး မောင်တော်နဲ့ နိုင်ငံတော်ကို အင်္ဂလိပ်ထံ ရောင်းစား

www.burmeseclassic.com



တာပဲ၊ အင်္ဂလိပ်နိုင်ငံတော်က အကြီးဆုံးဘွဲ့ကို သူ ရတယ်လို့ မောင်စံရွှေက လျှောက်ဖူးတယ်၊ မောင်တော်နဲ့ ဖုံဖုံရားတို့က မန္တလေးက ဆရာတော်ဘုရားများထံကို အလှူငွေများသူကတစ်ဆင့် ပို့နိုင်းတာကို သူက ကန့်ကွက်ဖူးတယ်၊ အဲဒီအထိ ကျေးဇူးကန်းတယ်။

ကုန်းဘောင်ခေတ် နောက်ဆုံးမင်းဖြစ်သည့် သီပေါမင်း နန်းရရေးအတွက် မဟာသွေးမဟာနွယ်များကို ဖမ်းဆီးပြီး အစုလိုက်အပြုံလိုက် သတ်ဖြတ်ပစ်ခဲ့သည့်ကိစ္စတွင် မည်သူတွေ အဓိက ကြိုးကိုင်ချယ်လှယ်ပြီး စီစဉ်ဆောင်ရွက်ခဲ့သည်ကို မိမိအနေဖြင့် နှစ်အတော်ကြာခဲ့ပြီဟု ဆိုချင်ပါသည်။ ဤကိစ္စအတွက် စာအုပ်စာတမ်းများကိုလည်း လက်လှမ်းမီသမျှ ရှာဖွေဖတ်ရှုခဲ့ရပါသည်။ စာအုပ်စာတမ်းတွေမှာ ပါသမျှနှင့်လည်း လက်သင့်မခံနိုင်ဘဲ မိမိဦးနှောက်နှင့်လည်း ဖြစ်နိုင် မဖြစ်နိုင်၊ သဘာဝယုတ္တိ ကျ မကျ အချိန်ယူကာ စဉ်းစားနှိုင်းချိန်ခဲ့မိပါသည်။ ပုစဉ်းတစ်ကောင် ရုပ်ပုံသလို အပေါ်ယံထင်မြင်တွေးလောက်ဖြင့်တော့ အမှန်တရားဖြစ်လိမ့်မည်ဟု မိမိ ကောက်ချက်မချနိုင်ပါ။

သီပေါနန်းရရေးအတွက် မင်းညီမင်းသားများကို ဖမ်းဆီးသည်။ နန်းရပြီး မကြာမီအချိန်တွင် သီပေါမင်း၏ ညီတော်၊ နောင်တော်၊ မင်းညီမင်းသားများသာမက ၎င်းတို့၏ မိဖုရားများ၊ သားတော်သမီးတော်များပါမကျန် အားလုံးကို သတ်ပစ်လိုက်ကြသည်။ (ညောင်အုပ်မင်းသားနှင့် ညောင်ရမ်းမင်းသားနှစ်ပါးသာလျှင် အသက်ဘေးမှ လွတ်မြောက်သွားခဲ့သည်။) သီပေါ နန်းပလ္လင်မြဲရေးအတွက် ဤလူသတ်ပွဲကြီးတွင် မည်သူတွေက စီစဉ်အကောင်အထည်ဖော်ခဲ့ကြသလဲ။ ဤကိစ္စ ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ရှုက်သည်ကို ဘုရင်နှင့် မိဖုရားကော ကြိုသိခဲ့ကြပါသလား။ သို့မဟုတ် ဤကိစ္စသည် အချို့စာအုပ်များတွင် နယ်ချဲ့အုပ်စုမှ နိုင်ငံခြားသား စာရေးဆရာများရေးသလို သီပေါ၏မိဖုရား စုဖုရားလတ်၏ လက်ချက်ပဲ လား။ သို့မဟုတ်လျှင် . . . ။

ဖြစ်စဉ်အားလုံးကို အချိန်ယူလေ့လာ၍ ဦးနှောက်ကို တစ်ကန့် ချင်း တစ်ကန့်ချင်း ဆင့်ပွားတွေးရမည်တွေက များလှပါသည်။ စာသိမ့် လောက်နှင့်လည်း ပြည့်စုံတိကျနိုင်မည်မဟုတ်ပါ။ ဤနေရာတွင် မိမိ အနေဖြင့် မိမိအမြင်ကို ခဏဘေးဖယ်၍ ဆရာညိုမြ၏ 'ကုန်းဘောင် ရှာပုံတော်'စာအုပ်မှ ရေးသားချက်အချို့ကို ဖော်ပြလိုပါသည်။

ဆရာညိုမြ၏ 'ကုန်းဘောင်ရှာပုံတော်'စာအုပ်တွင် စုဖုရား လတ်၏ မယ်တော်ဖြစ်သည့် မင်းတုန်းမင်းတရားကြီး၏ မိဖုရား ဆင်ဖြူမ ရှင် (စစ်ကိုင်းမင်းနှင့် နန်းမတော်မယ်နုတို့၏ သမီးတော်)နှင့် ပတ်သက် ပြီး ဤသို့ ရေးသားထားသည်ကို တွေ့ရှိရသည်။

"မင်းတုန်းမင်းကြီး နာမကျန်းရှိချိန် သားတော်၊ သမီးတော် များကို ဘုရင့်အမိန့်ဟုဆိုကာ လိမ်လည်ခေါ်ခဲ့ခြင်းမှာ ဆင်ဖြူမရှင်၏ ဉာဏ်နီဉာဏ်နက် ဖြစ်၏။ မင်းသားပေါင်း လေးဆယ်ကျော်ကို ဖမ်းစဉ် က သီပေါကိုပါ ထည့်သွင်းဖမ်းဆီးခဲ့သည်။ ထို့နောက် တိတ်တဆိတ် လွှတ်ပစ်သည်။ အခြားမင်းညီမင်းသားများကိုကား အကုန်သတ်ပစ်သည်။ ထို့နောက် ကင်းဝန်က သီပေါကို နန်းတင်ရာ မထောက်ခံသူများကို ကြိမ်းဝါးခဲ့သည်"

ဤကိစ္စနှင့် ပတ်သက်၍ သီပေါမင်းသားကိုယ်တိုင်ကလည်း ခါတော်မှုတော့မည့် ၁၈၈၅ ခု၊ နိုဝင်ဘာလ (၂၉)ရက်နေ့ နံနက်တွင် နိုင်ငံခြားသား သတင်းစာဆရာများနှင့် တွေ့ဆုံရာ၌ ရှင်းလင်းမိန့်ကြား ခဲ့ပြီး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သီပေါမင်းက . . .

"နောက်ထပ် သင်တို့ကို ပြောချင်ရှင်းပြချင်တာက သင်တို့ အင်္ဂလိပ်တွေက ကျွန်ုပ်တို့ရဲ့ ဆွေတော်မျိုးတော် မင်းညီမင်းသားတွေကို ကျွန်ုပ်က သတ်တယ်လို့ ထင်နေကြတယ်၊ ဒါ မဟုတ်ပါဘူး။ ကျွန်ုပ်ကို လည်း ဖမ်းထားတာပဲ၊ သူတို့အားလုံး လူသတ်သမားတွေလက်ချက်နဲ့ ကျဆုံးကြရတာပါ"

ဟု လန်ဒန်တိုင်း (London Times) သတင်းစာမှ ရန်ကုန် သတင်းထောက် မွိုင်လင် (EK. Moylan) နှင့် နိုင်ငံခြားသတင်းစာဆရာ များအား ရှင်းလင်းမိန့်ကြားတော်မူခဲ့သည်ကို လေ့လာဖတ်ရှုခဲ့ရသည်။

'ကုန်းဘောင်ရာဇဝင်တော်'မှ ရေးသားချက်အချို့ကို ထပ်မံတင်ပြ ရလျှင် မင်းတုန်းမင်းတရားကြီး နတ်ရွာစံကာနီးအချိန်တွင် ဘုရင်ဖြစ်လာ မည့် သီပေါကို သမီးတော်တစ်ပါးနှင့် လက်ဆက်ကာ ကင်းဝန်မင်းကြီး၏ အကူအညီဖြင့် ထီးနန်းပလ္လင်ကို ကြိုးကိုင်ချယ်လှယ်လိုသည့် ဆင်ဖြူမ ရှင် မိဖုရားသည် မင်းညီမင်းသား၊ သားတော်၊ သမီးတော်များကို မင်းတုန်းမင်းတရား နတ်ရွာမစံမီကပင် ဖမ်းဆီးထိန်းသိမ်းသည်။ လင်ပန်း မိဖုရား၊ သက်ပန်းမိဖုရား၊ ခုနစ်ရွာမိဖုရားနှင့် မြောက်ရှေ့ရေးမိဖုရား လေးပါးတို့က သလွန်တော်ပေါ်မှ မထနိုင်တော့သော မင်းတုန်းမင်းထံ ဝင်၍ လျှောက်တင်ချက်ကြောင့် မင်းတုန်းမင်းအမိန့်အရ ပြန်၍လွှတ် သည်။ ထို့နောက် မင်းတုန်းမင်းက ရှေ့တော်သို့ ခေါ်ကာ တိုင်းပြည်ကို လေးပိုင်းခွဲလျက် ဘုရင်ခံရာထူးများ ခန့်အပ်ပြီး ဆိုင်ရာအရပ်များသို့ အမြန်ထွက်စေသောအခါ (မိမိ၏သားတော်များအတွက် ဆိုးဝါးစွာ ကြုံ လာတော့မည့်အန္တရာယ်ကို ကြိုတင်သိမြင်၍ ဖြစ်သည်။) ဘုရင့်ရှေ့ တော်မှ ထွက်ခဲ့ကြသော မင်းသားများကို ဘုရင်မျက်ကွယ်သို့ရောက် သည်နှင့် ထပ်မံဖမ်းဆီးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းတုန်းမင်းက သူ၏နောက်ဆုံးအစီအစဉ် အဆင်ပြေ ချောမွေ့ပြီဟု မှတ်ထင်သွားကာ “ဒါ သူတို့အတွက် အချိန်မီ စီစဉ်ပေးလိုက်လို့ သူတို့တစ်တွေ အဖြစ်ဆိုးက လွတ်သွားကြပြီ”ဟု ဘဝင်ကျသလိုလို နှင့် စိတ်ချုပ်ရရှာလေသည်ဟု ရေးသားချက်များမှာ မင်းညီမင်းသားများကို ဖမ်းဆီးထိန်းသိမ်းကွပ်မျက်မှုကြီးနှင့် ပတ်သက်၍ အကြောင်းရင်းခံများကို နှိုင်းနှိုင်းချိန်ချိန် ဦးနှောက်ဖြင့် ပုဂ္ဂိုလ်စွဲကင်းလျက် ယုတ္တိကျကျ စဉ်းစားကြရမည့် အချက်ပင် ဖြစ်သည်။

သီပေါမင်း နန်းရသည့်အချိန်တွင် ဘုရင်နှင့် မိဖုရားမှာ အသက်အားဖြင့် ငယ်ရွယ်ကြသေးသည်။ အတွေ့အကြုံ ဘာမျှမရှိ။ အတွေးအမြင်က နုနယ်၊ သီပေါမင်းကလည်း ဘုရင်ဖြစ်ချင်လှ၍ ကြိုးစားသည့်အတွက် ဘုရင်ဖြစ်လာခဲ့ရသူမဟုတ်၊ သီပေါ၏ ပင်ကိုစိတ်စရိုက်က အေးဆေးတည်ငြိမ်ပြီး ရိုးသားသူ၊ ဘာသာတရားကို ရိုသေကိုင်းရှိုင်းသူ။

စုဖုရားလတ်မိဖုရားကလည်း ထိုစဉ်က သူ့ဘဝတွင် သူ့ချစ်သူ ခေါင်တော် ထီးနန်းရရေး မရရေးတို့မှာ သူတို့အတွက် အဓိကဦးစားပေးအလုပ်မဟုတ်၊ သူနှင့် သီပေါမင်းမှာ လူငယ်တွေသာ ဖြစ်သည်။ နန်းတွင်းကိစ္စ၊ နန်းတွင်းရေးများတွင် သူ့အသက်အရွယ်၊ သူ့ဦးနှောက်ဖြင့် (နန်းတက်စက စုဖုရားလတ် အသက်မှာ ၁၉ နှစ်သာ ရှိသေးသည်။) ဝင်ပါနိုင်စရာမရှိ။

ထိုအချိန်ထိုအခါက စုဖုရားလတ်နေရာမှ ကြည့်လျှင် သူ့ဘဝအတွက် အရေးကြီးဆုံးအချက်တစ်ခုသာ ရှိသည်။ ထိုကိစ္စက သူ့မောင်တော် သီပေါမင်းနှင့် သူ၏အချစ်ရေး။ သူက ငယ်ချစ်ဖြစ်သည့် သီပေါမင်းသားကို မိခင်ဖြစ်သူ ဆင်ဖြူမရှင်၏ အစီအစဉ်အရ အစ်မတော်ဖုရားကြီးလက်ထဲ အရောက်မခံနိုင်။ ထို့ပြင် စုဖုရားလတ်က တစ်လင်တစ်မယားစနစ်ကို ကျင့်သုံးလိုသူ။ ထို့ကြောင့် ထိုစဉ်အချိန်က စုဖုရား



www.burmeseclassic.com

www.burmeseclassic.com



လတ်နေရာကကြည့်လျှင် စုဖုရားလတ်အတွက် အဓိကကိစ္စက အချစ်ကိစ္စသာ ဖြစ်သည်။ သိပေါမင်း နန်းရရေး မရရေးကလည်း သူဝင်ပါရမည့် သူဝင်ပါနိုင်သည့်ကိစ္စ မဟုတ်။ ထို့ထက်ရေးရလျှင် ကုန်းဘောင်ခေတ် နန်းတွင်းရေး အရေးတော်ပုံများကိုလည်း ဘာမျှလေ့လာခဲ့သူ၊ ထဲထဲဝင်ဝင် သိရှိခဲ့သူ မဟုတ်။ ထိုသို့ ဝင်ပါနိုင်ရလောက်အောင်ကလည်း ကလေးတွေးသာသာမျှ ရှိသေးသည့် သူ့ဦးနှောက်က အဆင့်မမီနိုင်သေး။ ထို့ကြောင့် သူနှင့် သိပေါမှာ ဘုရင်နှင့် မိဖုရားအဖြစ်အမည်သာ ခံခဲ့ရသည်။ အုပ်ချုပ်ရေးအာဏာ လက်ဝယ်မဲ့သည့် အာဏာကို ကြိုးကိုင်ချယ်လှယ်ထားသူတို့၏ ကြိုးဆွဲခံအရုပ်ကလေးနှစ်ရုပ်မျှသာ ဖြစ်ခဲ့ရသည် မဟုတ်ပါလား။

<u>ကိုးကားစာအုပ်စာတမ်း</u>

စုဖုရားလတ်နှင့် အင်တာဗျူး (တော်ဖုရားလေးအောင်ဧေ)

ချယ်ရီမဂ္ဂဇင်း။ ဇွန်လ၊ ၁၉၉၀

ကုန်းဘောင်ရှာပုံတော် ညိုမြ

• • •



www.burmeseclassic.com

www.burmeseclassic.com

# စုဖုရားလတ် ဘာလဲ
## သို့မဟုတ်
# ရှင်းတမ်းကို ရှင်းခြင်း (၄)

ကြိုးဆွဲခံ သီပေါဘုရင်ကို အဓိကကြိုးကိုင်ချယ်လှယ်နေသူမှာ ဆင်ဖြူမရှင် ဖြစ်သည်။ ဆင်ဖြူမရှင်သည် မင်းတုန်းမင်း၏ မိဖုရားခေါင်နေရာကို ရည်မှန်းခဲ့သော်လည်း ထိုနေရာကို မရရှိခဲ့သူ။ အလိုဆန္ဒကြီးသည့်မိဖုရားဟုဆိုလျှင် မှားလိမ့်မည်မဟုတ်။

ဆင်ဖြူမရှင်က မြင့်မားလှသည့် မိမိ၏ရည်မှန်းချက်ကို မလျှော့။ မင်းတုန်းမင်း၏ မိဖုရားခေါင် မဖြစ်ခဲ့ရသော်လည်း သမီးတော် စုဖုရားကြီးကို သီပေါမင်းသားနှင့် လက်ဆက်၍ ဘုရင်ဖြစ်လာချိန်တွင် သမက်တော်ဘုရင်ကို နောက်ကွယ်မှ ကြိုးကိုင်ကာ အာဏာပလ္လင်ကို စိုးမိုးချယ်လှယ်လိုသူ ဖြစ်သည်။ ဆင်ဖြူမရှင်၏ တိုင်ပင်ဖော်တိုင်ပင်ဘက်ထား ကင်းဝန်မင်းကြီး ဦးကောင်း။ ဆင်ဖြူမရှင်၏နောက်တွင် ဦးကောင်းသာမဟုတ်၊ တိုင်တားမင်းကြီးလည်း ပါသည်။ သူတို့သည် သီပေါမင်းနန်းပလ္လင်မြဲရေးအတွက် ကျူပင်ခုတ် ကျူငုတ်မကျန် ရှင်းရန် တာဝန်ယူခဲ့ကြသူများ ဖြစ်သည်။ မင်းတုန်းမင်း နတ်ရွာစံကာနီးအချိန်တွင်

www.burmeseclassic.com



မင်းတုန်းမင်း၏ သားတော်များကို ဖမ်းဆီးသည်မှာလည်း သူတို့။ မင်းတုန်းမင်း၏ အမိန့်ကြောင့် ပြန်လွှတ်ပြီး။ မင်းတုန်းမင်း၏ မျက်ကွယ်တွင် ပြန်လည်ဖမ်းဆီးခဲ့သည်မှာလည်း ဆင်ဖြူမရှင်မိဖုရားနှင့် သူတို့တစ်တွေ ဖြစ်သည်ဆိုခြင်းမှာ ငြင်းကွယ်နိုင်စရာမရှိ။

သီပေါမင်း နန်းရလာသောအခါတွင်လည်း သီပေါမှာ ဆင်ဖြူမရှင်နှင့် ဝန်ကြီးများ၏ ရုပ်ပြဘုရင်မျှသာ ဖြစ်ခဲ့သည်။ အာဏာက သူ့ထံတွင် မရှိ။ ထိုအချိန်တွင်ပင် ဘုရင်နှင့် မိဖုရားတို့ မသိရှိလိုက်ရဘဲ သီပေါ၏ ညီတော်၊ နောင်တော်၊ ဆွေတော်မျိုးတော်များ ကွပ်မျက်ခံလိုက်ရသည်။ ထိုကိစ္စအတွက် သီပေါမှာ ဝမ်းပန်းတနည်း ငိုကြွေးခဲ့ရသည်။

အချို့က နယ်ချဲ့အလိုတော်ကျ နိုင်ငံခြားသားအချို့ရေးသည့် စာအုပ်များကို ဖတ်ပြီး ဤလူသတ်ပွဲနှင့် ပတ်သက်၍ စုဖုရားလတ် လက်ချက်ဟု ထင်နေကြသည်။ ယခင်လက မိမိရေးခဲ့သလိုပင် ဖြစ်နိုင်စရာက လုံးဝမရှိ။ သဘာဝယုတ္တိ လုံးဝမကျ။ လိမ်လည်ရေးသားချက်သာ ဖြစ်သည်။ ထိုစဉ် သီပေါတွင် အာဏာမရှိသလို၊ စုဖုရားလတ်တွင်လည်း လုပ်ပိုင်ခွင့် ဘာမျှမရှိသေး။ သူတို့ကား ဆင်ဖြူမရှင်နှင့် ကင်းဝန်တို့၏ ကြိုးဆွဲခံအရုပ်မျှသာ ဖြစ်ခဲ့သည်။ စုဖုရားလတ်၏ အသက်ကလည်း (၁၉)နှစ်သာ ရှိသေးသည်။ တရားခံကို 'ကုန်းဘောင်ရှာပုံတော်' တွင် ဆရာညိုမြရေးခဲ့သလို ဖီးလ်ဒင်းဟောလ (H. Fielding) ကလည်း ထိုကိစ္စအတွက် ဘုရင်နှင့် မိဖုရားတွင် လုံးဝအပြစ်မရှိဟု ရေးသားခဲ့သည်ကို လေ့လာတွေ့ရှိကြရမည် ဖြစ်သည်။ ဤမျှလောက်ဆိုလျှင် အာဏာရမှုက် လောဘဖက်ကာ မည်သူတွေ သွေးဆာရက်စက်ခဲ့ကြသည်ဆိုတာကို ယုတ္တိကျကျ နှိုင်းချိန်စဉ်းစားကာ သိနိုင်လောက်ကြပြီ ထင်ပါသည်။

www.burmeseclassic.com



ယခုဆောင်းပါးတွင် မိမိဆက်လက်၍ ရေးချင်သည်က သူ့ကျွန်ဖြစ်ရခြင်းအကြောင်းရင်းနှင့် စုဖုရားလတ်မိဖုရား၏ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် ဖြစ်သည်။ နယ်ချဲ့အင်္ဂလိပ်တို့က ပထမအင်္ဂလိပ်မြန်မာစစ်ပွဲ၊ ဒုတိယအင်္ဂလိပ်မြန်မာစစ်ပွဲ၊ စစ်ပွဲနှစ်ပွဲဖြင့် အနိုင်ယူ၍ နိုင်ငံ၏ သုံးပုံနှစ်ပုံခန့်ကို သိမ်းယူထားကြပြီးဖြစ်ရာ မင်းတုန်းမင်းနှင့် သီပေါမင်းတို့၏လက်ထက်တွင် အထက်မြန်မာနိုင်ငံ ကွက်ကွက်ကလေးသာ ကျန်တော့သည်ကို အားလုံးအသိပင် ဖြစ်ပါလိမ့်မည်။ ယင်းအထက်မြန်မာနိုင်ငံ ကွက်ကွက်ကလေးကိုလည်း သိမ်းယူရန် ကြံရွယ်ရင်းရှိပြီးဖြစ်သည့်အတိုင်း အင်္ဂလန်တွင် ဒစ္စရယ်လီခေါင်းဆောင်သည့် ကွန်ဆာဗေးတစ်အစိုးရ တက်လာချိန်တွင် ယင်းအစီအစဉ်ကို လက်တွေ့အကောင်အထည်ဖော်လာတော့သည်။ အိန္ဒိယဘုရင်ခံချုပ်အဖြစ် ပြောင်းလဲခန့်အပ်ခံရသူ လစ်တန်ကလည်း လောဘဇောပိုင်ရှင် နယ်ပယ်ချဲ့ထွင်ရေးဝါဒီ။ သီပေါမင်းနှင့် မြန်မာနိုင်ငံ၏ ကံကြမ္မာဟုပင် ဆိုရပါမည်။

ဘုံဘေဘားမားသစ်ကိစ္စမှာ အကြောင်းပြချက်တစ်ခုသာ ဖြစ်သည်။ ပြဿနာကို မီးထွန်းရှာခြင်းသာ ဖြစ်သည်။ သစ်မိုးမှုကိစ္စနှင့် ပတ်သက်ပြီး မြန်မာတို့က လိုက်လျောခဲ့သော်လည်း မြန်မာနိုင်ငံ တစ်နိုင်ငံလုံးကို သိမ်းယူရန် ကြံရွယ်ပြီးဖြစ်သည့် နယ်ချဲ့တို့က မည်သည့်လိုက်လျောမှုကိုမှ လက်သင့်မခံဘဲ သီပေါမင်းလက်ထက်တွင် အပြီးအပိုင် သိမ်းယူလိုက်ခြင်းသာ ဖြစ်သည်ဟု ဆိုရလိမ့်မည်။ အထက်မြန်မာနိုင်ငံကို နယ်ချဲ့တို့ သိမ်းပိုက်လိုက်သည့်အတွက် မတရားကြောင်းကိုလည်း အင်္ဂလိပ်သတင်းစာအချို့နှင့် အိန္ဒိယသတင်းစာအချို့တို့က ထန့်ကွက်ရေးသားခဲ့ကြသည်။ ကားလ်မတ်နှင့် ပညာရှင်များကလည်း ထန့်ကွက်ရေးသားခဲ့ကြသကဲ့သို့ အိန္ဒိယ၊ အင်္ဂလန်နှင့် ကမ္ဘာအနှံ့ပြေား လူထုများကလည်း အင်္ဂလိပ်က မြန်မာနိုင်ငံကို ကျူးကျော်သိမ်းပိုက်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းအတွက် မနှစ်သက်ခဲ့ကြ၊ လက်သင့်မခံကြ။ ဤကိစ္စနှင့် ပတ်သက်၍ မိမိအနေဖြင့် 'ဘာကြောင့် ကျွန်ဖြစ်ရသလဲ' ဆောင်းပါးတွင် ရှင်းလင်းရေးသားခဲ့ပြီး ဖြစ်သည်။

ထိုအချိန်ထိုကာလက အခြေအနေအရပ်ရပ်ကို နှိုင်းချိန်တွက်ဆစဉ်းစားမည်ဆိုလျှင် ကံဆိုးသူ သီပေါမင်းသာလျှင်မဟုတ်၊ မြန်မာမင်းမည်သည့်မင်းပဲ တက်လာလာ၊ ရွှေပြည်တော်အနာဂတ်အရေးက ရင်ခေါင်းစရာဖြစ်လာတော့မည်မဟုတ်။ မင်းတုန်းမင်းတရားလက်ထက်မှာပင် နယ်ချဲ့အလိုကို လိုက်လျောနေခဲ့ရပြီး မင်းတုန်းမင်းမှာ ကြိတ်မှိတ်အောင့်အည်း သည်းခံနေခဲ့ရသည်။ အိမ်ရှေ့စံကနောင်ကိုယ်တော်မှာလည်း မခံမရပ်နိုင်ဖြစ်အောင် စစ်ဆင်နွှဲလိုစိတ်ပင်ပေါက်နေ၍ မင်းတုန်းမင်းက ညီတော်ကို ဖျောင်းဖျခဲ့ရသည် မဟုတ်ပါလား။ စစ်ပွဲနှစ်ကြိမ်ဖြစ်ကာ အနိုင်အထက်ကျင့် သိမ်းပိုက်မှုကိုလည်း ခံခဲ့ရပြီးပြီ။ အိန္ဒိယတွင် ဟုရင်ခံချုပ်အဖြစ် လောဘဓောပိုင်ရှင် လစ်တန်ကို ခန့်အပ်လိုက်သည့်အချိန်တွင်တော့ မြန်မာတို့အနေဖြင့် မည်မျှပင် လိုက်လျောလိုက်လျော သက်သာခွင့် မရနိုင်တော့။ နယ်ချဲ့ကျားပါးစပ်အောက်တွင် လည်စင်းပေးလိုက်ရခြင်းသာ ဖြစ်သည်။

ဤနေရာတွင် အချို့က မြန်မာမင်းနှင့် မိဖုရား အရည်အချင်းမရှိလို့၊ ညံ့လို့ဟု နယ်ချဲ့တို့ လုပ်ကြံရေးသည့်စာအုပ်တွေကို ဖတ်ပြီးဆိုချင်ကြသည်။ မိမိအမြင်ကတော့ အရည်အချင်းရှိသည်ဆိုပါလျှင်ကော၊ နယ်ချဲ့ကျားစေဉ်းလဲလက်က လွတ်အောင် မည်သို့ကြံဆောင်ကြမလဲ။ ခွေးရူးကို မတွေ့ပြုံ၍ မအောင်နိုင်သကဲ့သို့ လုပ်ဆောင်စရာကနောက်ဆုံးတစ်လမ်းသာ ရှိတော့သည်။ နောင်ရိုးတိုက်ပွဲ ဖောင်ဖျက်ခဲ့ရသည့် ဘုရင့်နောင်မင်းတရားကို စံပြုကာ သေချင်သေ၊ ကြေချင်ကြေမြန်မာတို့၏ သွေးကို ပြကြရန်သာ ဖြစ်သည်။ တိုက်ရင်းသေရတာက



www.burmeseclassic.com

www.burmeseclassic.com



သမိုင်းမော်ကွန်း ကောင်းလိမ့်မည်။ ရှောင်၍ရသည့်စစ်လည်း မဟုတ်။

သီပေါဘုရင်နှင့် စုဖုရားလတ်တို့က အင်္ဂလိပ်တို့၏ မတရား အနိုင်အထက်ကျင့် တောင်းဆိုထားသည့် ရာဇသံကို ကြားနာပြီးနောက် စစ်ပြုရန်မှတစ်ပါး အခြားမရှိတော့ဟု ဆုံးဖြတ်လိုက်ခြင်းမှာလည်း မှန်ကန်သည့် ဆုံးဖြတ်ချက်ပင် ဖြစ်သည်။ သို့ရာတွင် အချို့က နယ်ချဲ့တို့၏ စာအုပ်များလောက်သာဖတ်ကာ အမှန်ဟု ထင်ပြီး နယ်ချဲ့တို့ အကြိုက် မြန်မာဘုရင်နှင့် မိဖုရားကို တရားခံစာရင်းသွင်းနေကြသည်မှာလည်း အလွန်ဝမ်းနည်းဖွယ်ကောင်းလှသည့်ဖြစ်ရပ်ဟု ရေးချင်သည်။ ဆရာ မြသန်းတင့်အရေးနှင့် ရေးရလျှင် နယ်ချဲ့စေဦးလဲတို့က မြန်မာ ဘုရင်နှင့် မိဖုရားကို ရွှံ့ပုပ်တွေနှင့် ဝိုင်းပက်ခဲ့ကြသည်ကို အင်္ဂလိပ်တို့ ပြောသမျှ အဟုတ်ကြီးထင်ကာ အမြင်တိမ်၊ အတွေးတိမ် ဖြမ်နေကြသူ များအနေဖြင့် သမိုင်းဆိုင်ရာ စာအုပ်စာတမ်းများကိုလည်း အချိန်ယူကာ သေချာလေ့လာပြီး နှိုင်းနှိုင်းချိန်ချိန် တွေးကြပါဟု မိမိရေးလိုသည်။

ယခုဆက်၍ တင်ပြလိုသည်က မြန်မာစာပေပညာရှင်အချို့ တို့၏ အမြင်ဖြစ်သည်။ ဆရာဇော်ဂျီကဆိုလျှင် . . .

"အထက်မြန်မာနိုင်ငံကို ဗြိတိသျှနယ်ချဲ့ကဲ့သို့သော ယခုခေတ် နယ်ချဲ့သမားများ၏ ခြေလှမ်းကို မြင်တတ်အောင်၊ ရှောင်ကိမ်းတတ် အောင်၊ ခုခံပြန်ဖို့လိုလျှင် ခုခံပြန်တတ်အောင်၊ ကိုယ့်တိုင်းပြည်ကို ချစ်ခင်သောစိတ်၊ သတိရှေ့ပြေးလိုသောစိတ်၊ ပညာနှံ့စပ်လိုသောစိတ်၊ ကျွမ်းကျင်လိုသောစိတ်၊ သူ့အကျိုးကိုယ့်အကျိုးကြည့်၍ ကမ္ဘာ၌ ဆန့်လိုသောစိတ်တို့ကို ကြိုတ်၍မွေးမြူနိုင်ကြမည်ဆိုပါက . . . ဟု ပြောသွားခဲ့ပြီး နယ်ချဲ့တို့၏ ပုဏ္ဏားညာဏ်ကို ဖော်ထုတ်ကာ မြန်မာတို့ သိထားနိုင်ကြစေရန်၊ မှန်မှန်ကန်ကန် တွေးမြင်သုံးသပ်ပြီး လိမ္မာနိုင် ကြစေရန် တင်ပြခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ လူထုဒေါ်အမာကလည်း စုဖုရားလတ်နှင့် ပတ်သက်ပြီး သူ့အမြင်ကို ဤသို့ ရေးသားခဲ့သည်။

"စုဖုရားလတ်လို့ခေါ်ကြတဲ့ မြန်မာ့နောက်ဆုံးမိဖုရားဟာ မကောင်းပြောအခံရဆုံးပါ။ ဘယ်သူတွေက ပြောကြသလဲဆိုတော့ ပါမောက္ခကာလပတ်ဝန်းကျင်ရဲ့အကြောင်းကို ရေးသားကြတဲ့ နိုင်ငံခြားသားတွေ၊ ဒီအရေးအသားကို ဖတ်ရတဲ့ အင်္ဂလိပ်စာတတ်မြန်မာတွေက လည်း သူတို့ရေးသမျှအားလုံးနီးနီး လက်ခံယုံကြည်ကြပါတယ်၊ ဗြိတိသျှကို ဖီဆန်မှုတစ်ခုခုပြုမယ်ဆိုရင် မင်းနှင့် မိဖုရား နှစ်ပါးအနက် မိဖုရားကပဲ ဦးဆောင်မှုပြုတယ်၊ ဒါကြောင့် မိဖုရားရဲ့သိက္ခာ ကျချင်တိုင်းကျပြီး မြန်မာပြည်သူလူထုက စက်ဆုပ်ရွံရှာလာအောင် ဗိုင်းပြီး ဝါဒဖြန့်တာပဲ ဖြစ်ပါလိမ့်မယ်။

မိဖုရားခေါင်ကြီး (စုဖုရားလတ်)ဟာ ရတနာဂိရိမှာ သူ့ (အင်္ဂလိပ်နယ်ချဲ့) လက်စုပ်ထဲတွင် အကျဉ်းသူအဖြစ်နဲ့ တစ်ပါးတည်းကျန်ခဲ့တဲ့ ဘဝ၊ သမီးနှစ်ယောက် လက်ဆွဲပြီး ဗြိတိသျှကို အံတုခဲ့တဲ့သတ္တိ၊ (သီပေါမင်းတရား) အလောင်းတော်ကို (၂ နှစ်ကျော်) ပိုက်ရင်း (မန္တလေး နန်းတော်မှာ သရဏဂုံတင်နိုင်ဖို့) တိုက်ပွဲဝင်အရေးဆိုခဲ့တဲ့ လုပ်ရပ်ဟာ သေးတဲ့ လှုပ်ရှားမှုမဟုတ်ပါဘူး"

ကိုးကားစာအုပ်စာတမ်းများ

သီပေါမင်းပါတော်မူအရေးတော်ပုံ ဦးဖိုးကျ[illegible]

(၁၈၈၅–၈၆) မြန်မာနိုင်ငံအခြေအနေ ဒေါ်[illegible]

ကုန်းဘောင်ရှာပုံတော် ညို[illegible]

• • •



www.burmeseclassic.com

www.burmeseclassic.com

# ဠဠရားလော် ဘာလဲ
## သို့မဟုတ်
## ရှင်းတမ်းကို ရှင်းခြင်း (၇)

မြန်မာစာပေပညာရှင်များက ကောက်ကျစ်ယုတ်မာသည့် နယ်ချဲ့အင်္ဂလိပ်၏ ပုဏ္ဏားညာဏ်ကို မှန်မှန်ကန်ကန် ကြောင်းကျိုးနှိုင်းချိန် သိမြင်ခဲ့ကြသည်။ ဆရာဇော်ဂျီ ရေးခဲ့သည့်အတိုင်း အထက်မြန်မာ နိုင်ငံကို သိမ်းယူခြင်းနှင့် စပ်သက်၍ သူတို့က တရားသည်ဟု ကမ္ဘာက အထင်ရှိလာအောင် (တစ်နည်းအားဖြင့်) ကမ္ဘာ့မျက်စိနှင့် ကျွန်ဖြစ်ရသည့် မြန်မာတို့ မျက်စိလည်ကုန်စေရန် နယ်ချဲ့တို့က လိမ်စာညာစာများဖြင့် ဝါဒဖြန့် ရေးသားခဲ့ကြခြင်းသာ ဖြစ်သည်။

တိုင်းတစ်ပါးသားကိုမှ အထင်ကြီး၊ နယ်ချဲ့ကိုမှ ကျွန်ခံချင်ကြသည့် သဈွာဖောက်လောက်ကောင်များကလည်း အမျိုးမာန်၊ ဇာတိမာန် မရှိ၊ ရှက်ကြောပြတ်မျက်နှာဖြင့် နယ်ချဲ့အလိုကျ ဝါဒဖြန့်၊ နယ်ချဲ့ပေးသည့် လခ၊ ငွေကြေးကို ယူကာ မြန်မာတွေကို မျက်စိလည်အောင် လုပ်ခဲ့ကြသည်မှာလည်း မြန်မာဘုရင်နှင့် မိဖုရား ပါတော်မူပြီးနောက် နှစ်တစ်ရာကျော် ကျွန်ဖြစ်ခဲ့ရသည့်အချိန်တိုင်အောင် ပြန်လှေ့လာမည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် အထင်အရှား တွေ့ကြရမည်ဟု ရေးချင်ပါသည်။ ဆိုရလျှင် ကုန်းဘောင်ဆက်နောက်ဆုံးမင်း သီပေါခေတ်ကို ကြည့်မည်ဆိုပါက အထက်မြန်မာနိုင်ငံတွင် နယ်ချဲ့တို့က လွန်စွာပင် ခြေသွက်လှုပ်ရှားကာ မြန်မာ့နန်းတွင်းမှ အရေးပါသည့် ပုဂ္ဂိုလ်အချို့ကိုပင် အကြိုက်ပေး၍ ပေါင်းကာ စည်းရုံးသိမ်းသွင်းထားနိုင်ကြပြီ ဖြစ်သည်။ ထို့ကြောင့်ပင် မြန်မာ့နန်းတွင်းတွင် အင်္ဂလိပ်ကို လိုလားသည့်အုပ်စုနှင့် ပြင်သစ်ကို လိုလားသည့်အုပ်စုဟူ၍ အုပ်စုနှစ်စု ဖြစ်လာခဲ့ရသည်။ ကင်းဝန် ဦးဆောင်သည့် အင်္ဂလိပ်ကို လိုလားသည့်အုပ်စုက သီပေါမင်းကို ဖယ်ရှား၍ အင်္ဂလိပ်အကူအညီဖြင့် အိန္ဒိယရောက် ညောင်ရမ်းမင်းသားကို နန်းတင်လိုနေကြသည်။ သီပေါမင်းနှင့် စုဖုရားလတ်တို့ကမူ နယ်ချဲ့အင်္ဂလိပ်အကြံကို ရိပ်မိသည့်အလျောက် နယ်ချဲ့ရန်ကို တုံ့ပြန်နိုင်ရေးအတွက် ပြင်သစ်၏ အကူအညီကို ရယူလိုကြသည်။

ညောင်ရမ်းကိုယ်တော်ကား အင်္ဂလိပ်တို့ အထက်မြန်မာနိုင်ငံကို အလွယ်တကူ သိမ်းယူနိုင်ရေးအတွက် အရေးပါလှသည့်ပုဂ္ဂိုလ်ဖြစ်နေရာ နောက်ဆုံး၌ နယ်ချဲ့အင်္ဂလိပ်တို့၏ လှည့်ကွက်ထဲတွင် ကင်းဝန်အပါအဝင် ညောင်ရမ်းလိုလားသည့်အုပ်စုများ အလှည့်စားခံလိုက်ရသည်ဟု ဆိုပါလျှင် မှားလိမ့်မည်မဟုတ်ပေ။ နယ်ချဲ့တို့အနေဖြင့် ဘုရင်နှင့် မိဖုရားကို ကြက်ကလေး ငှက်ကလေးဖမ်းသလို အလွယ်ဖမ်း၍ ရတနာပုံ နေပြည်တော်တွင် သေနတ်တစ်ချက်မဖောက်ရဘဲ မြန်မာ့ထီးနန်းကို သက်သက်သာသာ၊ လွယ်လွယ်ကူကူ သိမ်းယူသွားနိုင်ခဲ့ကြခြင်း ဖြစ်သည်။ ဤသည်မှာ ညောင်ရမ်းကို မျှော်ခဲ့ကြသူများ၊ နယ်ချဲ့အကူအညီဖြင့် ညောင်ရမ်းကို နန်းတင်လိုခဲ့ကြသူများကြောင့်ပင် မဟုတ်ပါလော။ ထပ်တွေးကြည့်မည်ဆိုလျှင် နိုင်ငံအတွက် ရင်နာဖွယ်ကောင်းလှသလို မခုခံလိုက်ရဘဲ အညံ့ခံလိုက်ရသည်မှာ သမိုင်းတွင် ရှက်ဖွယ်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလှပါ၏။ အမှန်က 'ဦးကောင်းလိမ်ထုတ်၊ သီပေါပြုတ်' မဟုတ်ဘဲ 'နယ်ရှဲ့လိမ်ထုတ်၊ သီပေါပြုတ်' ဖြစ်ရခြင်းဟုသာ ရေးလိုက်ချင်သည်။

ညောင်ရမ်းကိုယ်တော်ကား ထိုအချိန်တွင် အိန္ဒိယတွင် ကွယ်လွန်ခဲ့ပြီ ဖြစ်သည်။ သို့သော် ထိုကိစ္စကို နယ်ရှဲ့တို့က လျှို့ဝှက်ထားခဲ့သည်။ အင်္ဂလိပ်မြန်မာ စစ်ဖြစ်ချိန်တွင် နယ်ရှဲ့တို့၏ သင်္ဘောဦးပိုင်းမှ မင်းညီမင်းသားပုံစံဖြင့် ထိုင်၍လိုက်ပါလာသူကို မြန်မာတွေက ညောင်ရမ်းကိုယ်တော်ဟု ထင်မှတ်ခဲ့ကြသည်။ ထိုသို့ထင်အောင်လည်း အင်္ဂလိပ်တို့က ပုံများရိုက် လှည့်စားခဲ့ကြခြင်း ဖြစ်သည်။ မိမိသည် ထိုကိစ္စနှင့် ပတ်သက်၍ ညောင်ရမ်းမင်းသား၏ အနွယ်တော်များထဲမှ ညောင်ရမ်းမင်းသား၏ မြစ်တော်ဖြစ်သည့် ညောင်ရမ်းထိပ်တင်ဌေးဆိုသည့် အမျိုးသမီးကြီး၏ ရှင်းပြချက်များကိုလည်း နားထောင်ခဲ့ရသည်။ ထို့ပြင် ဆရာ အောင်သန်း (မန္တလေး) မြန်မာပြန်ဆိုထားသည့် ဒေါက်တာ ထင်အောင်၏ စာအုပ်တစ်အုပ်ကိုလည်း ဖတ်ရှုလေ့လာခဲ့ရပြီး ဖြစ်သည်၊ မကြာသေးမီက ညောင်ရမ်း၏မြစ်တော် ညောင်ရမ်းထိပ်တင်ညွန့်ကိုယ်တိုင် မိမိနှင့် လာရောက်တွေ့ဆုံ၍ ဤသို့ ရှင်းပြခဲ့သည်။

"မင်းတုန်းမင်းတရားကြီးရဲ့ သားတော်တွေထဲမှာ တကယ်တမ်း ထီးနန်းရထိုက်တာ ညောင်ရမ်းမင်းသားကြီးပဲ ဖြစ်တယ်၊ မင်းတုန်းမင်းလက်ထက်က လွှတ်တော်မှာ ညောင်ရမ်းမင်းသားက တရားစီရင်ခွင့် ရတယ်၊ သီဟာသနပလ္လင်ကိုတောင် လက်တင်ပြီး တရားစီရင်ရတဲ့ သားတော် ဖြစ်တယ်၊ အရည်အချင်းကလည်း ရှိတယ်၊ ဒါကို ကင်းဝန်က သိနေတော့ သီပေါနေရာမှာ ညောင်ရမ်းကို နန်းတင်ချင်တယ်၊ သီပေါကလည်း ညောင်ရမ်းမင်းသား ပြန်လာမယ်ဆိုရင် ညောင်ရမ်းက နန်းရှေ့က တက်ရင် သူက နန်းနောက်က ဆင်းပေးပါမယ်လို့ ကင်းဝန်

www.burmeseclassic.com



ကို ကတိပေးတယ်၊ ဒါကြောင့် ကင်းဝန်က သူ့လူယုံတစ်ယောက်ကို အောက်ပြည်လွှတ်ပြီး အောက်ပြည်ကတစ်ဆင့် အိန္ဒိယမှာ ရှိနေတဲ့ ညောင်ရမ်းမင်းသားဆီ စာတစ်စောင် ပို့ခိုင်းတယ်၊ ဒါပေမယ့် ကင်းဝန်ရဲ့ လူယုံက သစ္စာဖောက်ပြီး ရန်ကုန်ရောက်တော့ အဲဒီစာကို အင်္ဂလိပ်လက်ထဲ သွားထည့်တယ်၊ အဲဒီမှာပဲ အင်္ဂလိပ်အတွက် မြန်မာတွေကို လှည့်စားဖို့ အကွက်ရသွားတာပေါ့။ ဒါက ဒီအဖြစ်တွေကို ညောင်ရမ်းမင်းသားကြီးရဲ့ မျိုးဆက်တွေဖြစ်တဲ့ ကျွန်မတို့မိဘတွေဆီက သိခဲ့မှတ်ခဲ့ရတာ"

မဂ္ဂဇင်းတိုက်ကို ရောက်ရှိလာ၍ ပါတော်မူဖြစ်ရပ်များနှင့် ပတ်သက်ပြီး မိမိကို ရှင်းပြပြောဆိုခဲ့သည့်အတွက် ညောင်ရမ်းမင်းသားကြီး၏ မြစ်တော် 'ညောင်ရမ်းထိပ်တင်ဥုသွန်'ကိုလည်း ကျေးဇူးတင်ပါကြောင်း ဤနေရာမှ ရေးလိုပါသည်။ ဤသည်က ညောင်ရမ်းမင်းသား၏ အနွယ်တော်များထံမှ သိရှိရသည့်အချက် ဖြစ်သည်။ အနောက်နိုင်ငံတွင် အင်္ဂလိပ်ဘာသာဖြင့် ဒေါက်တာ ထင်အောင် ရေးသားပြုစုပြီး ထုတ်ဝေခဲ့သည့် စာအုပ်ကို ဆရာ အောင်သန်း (မန္တလေး) ဘာသာပြန်ဆိုထားသော 'ညောင်ရမ်းအလွန်' စာအုပ်ကို ဖတ်လိုက်ရပြန်တော့ ထိုဖြစ်ရပ်များနှင့် ပတ်သက်၍ ဤသို့ တွေ့ရှိရပါသည်။

"နိုဝင်ဘာ (၁၁) ရက်နေ့တွင် လန်ဒန်ရှိ ဗြိတိသျှအစိုးရက တိုက်ခိုက်ရေးတပ်ဖွဲ့များ ချီတက်ရန် အမိန့်ပေးဖို့ ဘုရင်ခံချုပ်ထံသို့ ကြေးနန်းဖြင့် ညွှန်ကြားသည်။ ဤသတင်းကို သီပေါဘုရင် ကြားသိရသောအခါ ဗြိတိသျှတို့နှင့် နောက်ဆုံးစစ်ပွဲကို တစ်ဖုတစ်ရုံးတည်း တိုက်ခိုက်ကြရန် ပြည်သူလူထုအား လှုံ့ဆော်လိုက်လေသည်။ သို့သော် ကင်းဝန်မင်းကြီးနှင့် ဗြိတိသျှတို့ လျှို့ဝှက်သဘောတူညီချက်အရ သီပေါဘုရင်နေရာ၌ အများနှစ်သက်သော ညောင်ရမ်းမင်းသားအား နန်းတင်လိမ့်မည်ဟူသော ကောလာဟလကို ယုံကြည်လျက်ရှိကြသဖြင့် လှုပ်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားရှားမရှိဘဲ ငြိမ်နေခဲ့ကြသည်။ ညောင်ရမ်းမင်းသားမှာ အကျယ်ချုပ်နှင့် နေရသည့် ကာလကတ္တားမြို့မှ ရန်ကုန်သို့ နှစ်များမကြာမီက ပြန်လည်ရောက်ရှိလာသည်ကို ပြည်သူလူထုက အမှတ်ရသဖြင့် ကောလာဟလကို အလွယ်ပင် လက်ခံခဲ့ကြသည်။ နောင်တွင် ညောင်ရမ်းမင်းသားကို ဗြိတိသျှတို့က ကာလကတ္တားသို့ ပြန်ပို့ခဲ့သော်လည်း နောင် အခါအခွင့်သင့်သည့်အခါ သီပေါဘုရင်နေရာ၌ ထားရှိရန် လက်သပ်မွေးထားခြင်းဖြစ်ကြောင်း ထင်ရှားပေသည်။ ညောင်ရမ်းမင်းသားသာ ရှိခဲ့မည်ဆိုပါက ဗြိတိသျှတို့အနေနှင့် ညောင်ရမ်းမင်းသားအား ယင်းတို့၏ တိုက်ရိုက်ရေးတပ်များထိပ်၌ ထားရှိကောင်း ထားရှိခဲ့ပေလိမ့်မည်။ သို့သော် လများမကြာမီက ညောင်ရမ်းမင်းသားမှာ ကာလကတ္တား၌ ကွယ်လွန်ခဲ့ပြီ ဖြစ်သည်။ ဤအကြောင်းကို မြန်မာတို့မသိအောင် ဖုံးဖိထားခဲ့ကြသည်။ ကွယ်လွန်သူ ညောင်ရမ်းမင်းသားနေရာ၌ မြင်ကွန်းမင်းသားအား ထားရှိရန် ဗြိတိသျှတို့ စဉ်းစားခဲ့ကြလေသည်။ သရက်မြို့တွင် ဗြိတိသျှစစ်သားများ တင်ဆောင်လာသည့် သင်္ဘောများ စုရုံးရောက်ရှိနေစဉ် သင်္ဘောတစ်စင်း၏ ဦးပိုင်း၌ နန်းတွင်းသူ နန်းတွင်းသားတို့ကဲ့သို့ ဝတ်စားထားသူများကြား၌ အဆောင်အယောင် အပြည့်အစုံနှင့် မင်းသားတစ်ပါးကို တွေ့မြင်ကြရသည်။ ယင်းတို့ကို ညောင်ရမ်းမင်းသားနှင့် ယင်း၏အခြွေအရံများ ဖြစ်သည်ဟု ယုံကြည်ခဲ့ကြသည်။

သူ့ဖခင်၏မိတ်ဆွေမှာ သရက်အထက် မိုင်အနည်းငယ်ဝေးသော မြန်မာ့ပိုင်နက်အတွင်းရှိ ဆင်ပေါင်ဝဲမြို့မှ အကောက်အရာရှိငယ်တစ်ဦး ဖြစ်သည်။ သူသည် ကင်းဝန်မင်းကြီးထံမှ ဖြစ်သည်ဟုဆိုသော အမိန့်ကို လက်ခံရရှိခဲ့သည်။ ညောင်ရမ်းအား နန်းတင်ရန်လာခြင်းဖြစ်သဖြင့် 'ဗြိတိသျှတို့ကို စစ်တိုက်ခိုက်ခြင်းမပြုရ'ဟူသော အမိန့်ဖြစ်သည်။ သံသယအနည်းငယ်ဝင်သဖြင့် သူသည် ကိုယ်တိုင်ကိုယ်ကျ



www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းကြည့်ရှုရန် သရက်မြို့သို့ လာခဲ့ခြင်း ဖြစ်သည်။ သဘော်ဦးပိုင်းရှိ မင်းသားအကြောင်းကို ကြားရသောအခါ သူ၏သံသယတို့မှာ ရှင်းသွားတော့သည်။ လူငယ်ကလေးသည် အင်္ဂလိပ်စကားကို ကောင်းစွာပြောတတ်သဖြင့် အစောင့်စစ်သားများကြားမှ သဘော်ပေါ်သို့ တက်ရောက်ကာ မင်းသားကို အနီးကပ် ကြည့်ခွင့်ရလေသည်။ သူ အလွန်အံ့အားသင့်ရတော့သည်။ အဆောင်အယောင်နှင့်မင်းသားမှာ မင်းသားစစ်စစ်မဟုတ်ဘဲ ယခင်က သူနှင့် တစ်ကျောင်းတည်းနေဖူးသူ ကျောင်းသားဟောင်းတစ်ဦးဖြစ်နေကြောင်း၊ နောင်တွင် ရန်ကုန်မြို့ရှိ မဟာဝန်ရှင်တော်မင်းကြီးရုံး၌ စာရေးဝင်လုပ်နေသူဖြစ်ကြောင်း တွေ့ရှိရသောကြောင့် ဖြစ်သည်။ သူသည် မန္တလေးမှ လျှို့ဝှက်အမိန့်များအကြောင်းကို ဘာမျှမသိသည့်အလျောက် သူ၏ဖခင်နှင့် ဖခင်၏မိတ်ဆွေအားအကြောင်းစုံ ပြန်လည်ပြောပြသည်။ ဖခင်၏မိတ်ဆွေက သူ့အားသေသေချာချာ မေးမြန်းပြီးနောက် ဆင်ပေါင်ဝဲသို့ ကပျာကယာ ပြန်သွားသည်။ မြစ်ညာရှိ မြို့များသို့ အမြန်သတင်းပေးပို့ကာ ခုခံတော်လှန်ရေးအတွက် စိုင်းပြင်းလေတော့သည်။ သို့သော် နောက်ကျခဲ့ပြီဖြစ်ကြောင်းကိုကား သူသိလေသည်။ သူကိုယ်တိုင် မင်းလှခံတပ်သို့အရောက်သွား၍ ချီတက်လာသော ဗြိတိသျှတပ်များကို ခုခံရန် စောင့်ဆိုင်းနေခဲ့သည်။ နိုဝင်ဘာလ (၁၇)ရက်နေ့တွင် လက်တစ်ဖက်ဆီတွင် ဓားတစ်လက်ဆီကို ကြိုးဖြင့် ချည်လျက် ဗြိတိသျှတို့အား တိုက်ခိုက်ရင်း ကျဆုံးသွားလေတော့သည်။

ဒေါက်တာ ထင်အောင်၏ စာအုပ်ပါ ရေးသားပြုစုချက်အရ ဆိုပါလျှင်လည်း တတိယအင်္ဂလိပ်မြန်မာနောက်ဆုံးစစ်ပွဲတွင် ညောင်ရမ်းကိစ္စက ပါဝင်နေသည်။ နယ်ချဲ့တို့သည် မရှိတော့သည့် ညောင်ရမ်းကို ရှိသယောင် အတုပြု လှည့်စားကာ အထက်မြန်မာနိုင်ငံကို လွယ်လွယ်

www.burmeseclassic.com



ဒုကူဖြင့် သိမ်းယူသွားခဲ့ကြခြင်း ဖြစ်သည်။ ထိုစဉ်က ညောင်ရမ်းကို ထိုလားသူ၊ ညောင်ရမ်းမျှော်အုပ်စုကလည်း မနည်းခဲ့။

စစ်ပွဲကာလနှင့် ပတ်သက်၍ ရေးရလျှင် ညောင်ဦးတွင် နယ်ချဲ့တို့၏သင်္ဘောများကို မြန်မာတို့က အနည်းငယ်သာ ဆီး၍ပစ်ခတ်သည်။ မြင်းခြံ၌ရှိသည့် မြန်မာတပ်များသည် 'မခုခံရ'ဆိုသည့်အမိန့်ကြောင့် (ထိုအမိန့်ကို သီပေါဘုရင်က ပေးပို့ခြင်းမဟုတ်။) ချက်ချင်းဆုတ်ခွာသွားကြသည်။ နယ်ချဲ့တို့၏သင်္ဘောများ အင်းဝသို့ ရောက်ရှိလာသည့်အခါတွင်တော့ ကင်းဝန်က သီပေါအား လက်နက်ချရန် လျှောက်ထားအကြံပေးသည်။ နယ်ချဲ့အင်္ဂလိပ်တို့၏သင်္ဘောများ အထက်သို့ ဆန်တက်လာချိန်တွင် ခံတပ်များရှိရာသို့ မခုခံရေးအတွက် ဝန်ကြီးများထံမှ ဟုဆိုသည့် အမိန့်အမျိုးမျိုးကလည်း ရောက်ရှိနေသည်။ ဖြစ်စဉ်များက ရှုပ်ထွေးလှ၏။ သပြေတန်းခံတပ်အပါအဝင် ခံတပ်အချို့မှာ မတိုက်ခိုက်ရဘဲ လက်နက်ချခဲ့ရသည့် ဤစစ်ပွဲအတွက် ရှက်ဖွယ်ကောင်းအောင် ဖြစ်ခဲ့ရသည်။

ထို့ကြောင့်ဟု ဆိုရမည်။ မြန်မာဘုရင်နှင့် မိဖုရားတို့၏ ရှင်းလင်းချက်များတွင် ပါတော်မူဖြစ်စဉ်များနှင့် ပတ်သက်၍ ၎င်းတို့၏ ခံစားနာကြည်းရမှုများကို ပွင့်လင်းစွာ ရှင်းလင်းမိန့်ဆိုခဲ့ကြခြင်း ဖြစ်သည်။ ပို၍ခံစားရသူက မိဖုရား စုဖုရားလတ်ဟု ဆိုရမည်။ သည်မိဖုရားက ထက်မြက်ရဲရင့်သည်နှင့်အမျှ ရတနာဂီရိသို့ ရောက်သွားရသည့်တိုင် နယ်ချဲ့တို့ကို နာကြည်းမုန်းတီး စက်ဆုပ်မှုများစွာဖြင့် ဆန့်ကျင်ခံတော့ခဲ့သူ။


**ကိုးကားသည့် စာအုပ်များ**

၁။ ပဒေသရာဇ်မြန်မာနိုင်ငံ ဇာတ်သိမ်း ဒေါ်[illegible]

၂။ တုန်းဘောင်အလွန် အောင်သန်း (မန္တလေး)




www.burmeseclassic.com

www.burmeseclassic.com

# စုဖုရားလတ် အာလဲ

## သို့မဟုတ်

# ရှင်းတမ်းကို ရှင်းခြင်း (၆)

စုဖုရားလတ်ကား မိန်းမသားတစ်ဦးပင် ဖြစ်သော်လည်း ယောကျ်ားဆိုသူတွေထက်ပင် ထက်မြက်ပြတ်သားသူ။ စိတ်ဓာတ်က လည်း မာကြောသည်။ မိမိလျှောက်ရာလမ်းတွင် ယုံကြည်မှုတစ်ခု အတွက် ဘယ်အရာကိုမဆို ပြောရဲဆိုရဲ လုပ်ရဲကိုင်ရဲသူ။ အာဂမိဖုရား ဟု ဆိုရမည်။ ပျော့ညံ့သည့် အသည်းနှလုံးပိုင်ရှင်မျိုး မဟုတ်။ ဤ သည်ကို စုဖုရားလတ်၏ ဘဝသမိုင်းအတက်အကျနှင့် ရေခြားမြေခြား ဖြစ်သည့် ရတနာဂီရိသို့ ရောက်သည်အထိ နယ်ချဲ့အင်္ဂလိပ်ကို ဆန့်ကျင် အရေးဆို တိုက်ပွဲဝင်ခဲ့ပုံများကို အသေအချာ လေ့လာမည်ဆိုပါက တွေ့ကြရမည်သာ ဖြစ်သည်။

မောင်တော် သီပေါဘုရင်နှင့်အတူ ရတနာပုံရွှေနန်းပလ္လင်တွင် မဟေသီအဖြစ် စံစားရစဉ်အခါကလည်း ဘုရင်များ မိဖုရားအခြွေအရံ အများယူကြသည့် ပဒေသရာဇ်စနစ်အောက်မှာပင် မြန်မာနိုင်ငံတွင် ပထမဦးဆုံး တစ်လင်တစ်မယားစနစ်ကို စံပြအနေဖြင့် လက်တွေ့



www.burmeseclassic.com

www.burmeseclassic.com



အကောင်အထည်ဖော်ခဲ့သူမှာလည်း သည်မိဖုရားပင် ဖြစ်ပါ၏။ 'တစ်လင်တစ်မယားစနစ်အစ စုဖုရားလတ်က'ဟု ဆိုပါလျှင် မှားနိုင်ပါမည်လား။

မိမိရေးလိုသေးသည့် အချက်တစ်ချက်ကား စုဖုရားလတ်၏ အချစ်ရေးကိစ္စ၊ အိမ်ထောင်ရေးကိစ္စတို့နှင့် ပတ်သက်၍ဖြစ်သည်။ စုဖုရားလတ်နှင့် သီပေါတို့မှာ သီပေါ ဘုရင်မဖြစ်လာမီအချိန်ကပင် ချစ်သူငယ်ချစ်များ ဖြစ်ခဲ့ကြသည်။ သီပေါမင်းသားဘဝကပင် တစ်ယောက်ကို တစ်ယောက် နိုင်နိုင်မြဲမြဲ၊ မှျော်ကိုးခြင်းမဲ့သည့် ချစ်မေတ္တာအရင်းခံဖြင့် ခွဲချစ်ခဲ့ကြသူများဖြစ်ကြရာ မမျှော်လင့်ဘဲ သီပေါမင်းသားက ဘုရင်ဖြစ်လာရသည့်အခါတွင်တော့ ဆင်ဖြူမရှင်၏ အစီအစဉ်ကြောင့် စုဖုရားလတ်မှာ မောင်တော် သီပေါ၏အချစ်ကို လက်လွှတ်ဆုံးရှုံးရတော့မည့် အနေအထားသို့ ရောက်ရှိခဲ့ရသည်။ ဆင်ဖြူမရှင်က ရွှေဘုံနိဒါန်းလာ စည်းကမ်းအရ သီပေါကို သမီးတော်ကြီးဖြစ်သည့် စုဖုရားကြီးနှင့် လက်ထပ်ပေးကာ စုဖုရားကြီးကို သီပေါမင်း၏ မိဖုရားခေါင်ကြီးအဖြစ် တင်ဖို့ စီစဉ်ဆောင်ရွက်သည်။

ဤနေရာတွင်လည်း ကြည့်၊ တော်ရုံတန်ရုံမင်းသမီး ပျော့ညံ့ညံ့မိန်းမသားမျိုးဆိုလျှင် စုဖုရားလတ်ဆိုသည့်မင်းသမီး မိဖုရားခေါင်ဖြစ်လာဖို့ ဝေးစွ။ မောင်တော်သီပေါကို လက်လွှတ်ဆုံးရှုံးကာ မျက်ရည်နှင့် အဖော်ပြုရဖို့သာ ရှိသည်။ သို့သော် စုဖုရားလတ်ဆိုသည်က ဤသို့မိန်းမသားမျိုးမဟုတ်၊ လိုချင်တာ ဖြစ်ချင်တာကို ရအောင် ဖြစ်အောင် လုပ်တတ်သူ။ နောက်ဆုံး ဆင်ဖြူမရှင်တစ်ယောက် ဒုတိယသမီးတော်ကို အရှုံးပေးလိုက်ရသည်။ ဤသည်က အချစ်ရေးနှင့် အိမ်ထောင်ရေးကိစ္စတို့တွင် ရဲဝံ့ပြတ်သားစွာ စုဖုရားလတ် လုပ်ဆောင်နိုင်ခဲ့ပုံပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဆက်၍ရေးရမည်က မိမိတို့၏ လက်ရှိအခြေအနေ၊ မိမိတို့၏ အနေအထားကို စုဖုရားလတ် မှန်မှန်ကန်ကန် တွေးမြင်နိုင်ပုံ။ မိမိနှင့် မောင်တော်သီပေါတို့မှာ ရတနာပုံထီးနန်းကိုသာ စံမြန်းနေရသည်။ အုပ်ချုပ်ခွင့်အာဏာ လက်တွင်မရှိ။ ဆင်ဖြူမရှင်၊ ကင်းဝန်တို့၏ ကြိုးဆွဲခံမှုသာ ဖြစ်သည်။ ဤသည်ကို စုဖုရားလတ်တစ်ယောက် သဘောပေါက်လာသည်။ သူက မောင်တော်သီပေါကဲ့သို့ ပျော့ညံ့ညံ့မဟုတ်။ မိမိတို့၏ လက်ရှိအနေအထားကို လက်မခံနိုင်။ အိပ်ပျော်နေသော မောင်တော်ဘုရင်ကို လှုပ်နှိုးလိုက်သည်။ သည်တော့မှ သီပေါဘုရင် အခြေအနေမှန်ကို နားလည်သွားသည်။ ကင်းဝန်တို့၏ ဆယ့်လေးဌာန အုပ်ချုပ်ရေးစနစ်ကို ဖျက်သိမ်းပြီး အာဏာကို မိမိလက်သို့ ယူလိုက်သည်။ ဤသို့ အာဏာပလ္လင် အစစ်အမှန်ကို ရရှိခဲ့သည်မှာလည်း စုဖုရားလတ်ကြောင့်ဟု ဆိုရမည်။

စုဖုရားလတ်မိဖုရား၏ စိတ်ဓာတ်နှင့် ပတ်သက်၍ ရေးရဦးမည်ဆိုလျှင် အကျဉ်းစံဘဝနှင့် ရတနာဂီရိသို့ ရောက်ပြီးနောက် သီပေါဘုရင် ကံတော်ကုန်သွားချိန်တွင် ဖြစ်သည်။ ထိုစဉ်က သီပေါဘုရင်အလောင်းတော်ကို ထုံးစံအတိုင်း နယ်ချဲ့တို့က သရဏဂုံတင်ခွင့်မပေးခဲ့။ ထို့ကြောင့်ပင် စုဖုရားလတ်က အလောင်းတော်ကို မသဂြိုဟ်ဘဲ စံအိမ်တော်တွင်ပင် ခေါင်းသွင်း၍ထားသည်။ နယ်ချဲ့တို့က သီပေါဘုရင်၏ အလောင်းတော်ကို အမြန်ဆုံး သဂြိုဟ်ရန် ကြိုးစားသည်။ စုဖုရားလတ်က သရဏဂုံတင်ခွင့် မရသဖြင့် ခွင့်မပြု။ မိမိအချစ်ဆုံးမောင်တော်၏ အလောင်းတော်ကို မိမိနှင့်အတူ (၂)နှစ်နှင့် (၃)လ ကြာသည်အထိ ထားပြီး နယ်ချဲ့ကို ဆန့်ကျင်အံတုခဲ့သည်။ နယ်ချဲ့တို့က လိမ်ညာ အကြောင်းပြကာ သီပေါဘုရင်၏အလောင်းတော်ကို ကားဖြင့် ခိုးပြေးကြသည့်အခါတွင်တော့ စုဖုရားလတ်တစ်ယောက် နယ်ချဲ့အင်္ဂလိပ်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



နာကြည်းသထက် နာကြည်းခဲ့ရသည်။ ရှုံရှာမုန်းတီး စက်ဆုပ်ခဲ့ရသည်။ သီပေါဘုရင်အလောင်းတော်ကို နယ်ချဲ့တို့က ဂူသွင်းသည့်ပွဲကိုပင် သွားရောက်ခြင်းမရှိခဲ့တော့။ ဤတွင်လည်း နယ်ချဲ့လက်အောက်သို့ ရောက်ခဲ့သည့်တိုင်အောင် စုဖုရားလတ်၏ ပြတ်သားရဲရင့် ထက်မြက်သည့် စိတ်ဓာတ်ကို တွေ့ရှိကြရမည် ဖြစ်သည်။

အင်္ဂလိပ်တို့၏ မတရားအနိုင်အထက်ပြုသည့် ရာဇသံနှင့်ပတ်သက်၍ မြန်မာဘုရင်၏ လွှတ်တော်အစည်းအဝေးတွင် စစ်ပြုသင့်မပြုသင့် ပြောဆိုတင်ပြကြရာတွင်လည်း တိုင်တားအုပ်စုက နယ်ချဲ့အားခုခံတိုက်ခိုက်ရန် တင်ပြသည်။ ကင်းဝန်အုပ်စုက ရာဇသံကို လက်ခံရန် တင်ပြသည်။ စုဖုရားလတ်ကမူ နယ်ချဲ့တို့၏ အနိုင်အထက်ကျင့် စော်ကားခြင်းအတွက် မခံမရပ်နိုင် ဖြစ်နေသည်၊ ကင်းဝန်၏ လျှောက်ထားတင်ပြချက်ကို လက်သင့်မခံနိုင်။ မြန်မာဖြစ်ပြီး သွေးနည်းသည်ဟု အထင်မခံနိုင်။ ငုံ့ခံ၍မဖြစ်တော့ဟု ဆိုကာ စစ်ပြုလိုသည့် တိုင်တားအုပ်စုကို ထောက်ခံခဲ့သည်။ သီပေါဘုရင်ကလည်း စစ်ပြုရန်မှတစ်ပါး အခြားမရှိတော့ဟု ဆိုကာ စစ်ပြုရန် ဆုံးဖြတ်ချက်ချခဲ့သည်။

ဤသည်နှင့်ပတ်သက်၍ နယ်ချဲ့တို့ရေးသားသည့် အချို့စာအုပ်များတွင် မိဖုရားက မြှောက်ပေး၍၊ မိဖုရားကို မလွန်ဆန်နိုင်၍ သီပေါဘုရင်က စစ်ပြုရန် ဆုံးဖြတ်ရသည်။ မြန်မာတွေ ကျွန်ဖြစ်ရခြင်းမှာ မိဖုရား၏အမှားကြောင့်ဟု ရေးကြသည်။ H. Fielding ၏ THIBAW'S QUEEN စာအုပ်တွင် ပါသည်ကို အတိုချုံးရေးပြရလျှင် ဤသို့။ စုဖုရားလတ်မိဖုရားက နန်းမြင့်ထိပ်ပေါ်က အစောင့်ကို 'မြစ်ဆိပ်ဘက်မှာ ဘာတွေမြင်ရသလဲ' ဟု မေးရာ အစောင့်က 'ကမ်းပေါ်ကို အင်္ဂလိပ်စစ်သားတွေ ဆင်းလာကြပြီ' ဟု လျှောက်တင်သည်။ မိဖုရားသည် အခြေအနေမှန်ကို သိရှိသွားပြီး ရုတ်တရက် သူ့ကိုယ်သူ နန်းမြင့်ဆောက်



www.burmeseclassic.com

www.burmeseclassic.com



က ကွက်လပ်ရှိ ကျောက်ပြားပေါ်သို့ မှောက်လျက် လှဲချလိုက်သည်။ ပြီးတော့ ရှိုက်ကြီးတငင် ငိုကြွေးနေသည်။ မိဖုရားက ငိုနေရာမှ ခေါင်းထောက်ပြီး ထလိုက်သည်။ သူ့ရင်ဘတ်ကို ထုသည်။ 'ဘုရင်နဲ့ တိုင်းပြည်အပေါ်ကို ကံဆိုးမိုးမှောင်ကျအောင် ငါလုပ်မိလေခြင်း' ဆိုပြီး ဟစ်အော်ငိုကြွေးသည်။ 'ငါ့မောင်တော်ဘုရင်နဲ့ ငါ့တိုင်းသူပြည်သားတွေ ကံဆိုးမိုးမှောင်ကျအောင်လုပ်တာ တခြားလူမဟုတ်ဘူး။ ငါ . . . ငါ 'ဟု ဆိုပြီး ငိုကြွေးသည်။ ထို့နောက် ကျောက်ပြားပေါ် မှောက်လျက် လှဲချလိုက်ပြန်သည်။ သူ့ဆံပင်တွေကလည်း မျက်ရည်တွေနဲ့ရောပြီး မျက်နှာတစ်ဝိုက်မှာ ပြန့်ကျဲလျက်။ သူ့တစ်ကိုယ်လုံးဟာလည်း ရှိုက်ကြီးတငင် ဖြစ်နေသည့်အတွက် လှုပ်ခါ၍နေသည်။

ဝတ္ထုသွားပုံစံဖြင့် H. Fielding ရေးထားသည့်စာအုပ်မှ ဖြစ်သည်။ ရေးရက်လေခြင်းဟူသာ ဆိုချင်သည်။ မြန်မာဘုရင်နှင့် မိဖုရားကို သိက္ခာကျချင်တိုင်းကျအောင်၊ ရစရာမရှိအောင် ရေးကြသည့်အထဲမှ တစ်ကွက်ကိုသာ မိမိလှစ်ပြလိုက်ခြင်း ဖြစ်သည်။ ယုတ္တိတန်ပါရဲ့လား။ ဖြစ်နိုင်ပါရဲ့လား။ မြန်မာမိဖုရားစုဖုရားလတ်၏ စရိုက်နှင့် ကိုက်ညီပါရဲ့လား။ မိမိသည် လူနှင့်ပတ်သက်၍ ဗီဇစရိုက်ကို အကြောင်းရင်းခံအဖြစ် လေ့လာနေသူဖြစ်သည်။ ယုတ္တိယုတ္တာမဲ့ပင်။ ဒါက စုဖုရားလတ်၏စရိုက် စုဖုရားလတ်၏ ဗီဇမဟုတ်။ ကျိုးကြောင်းမမြော်မြင်နိုင်သူများ၊ နှိုင်းနှိုင်းချိန်ချိန်မရှိသူများ၊ ကိုယ်ခံဦးနှောက်အားနည်းသူများသာ ယုံချင် ယုံလိမ့်မည်။ လက်သင့်ခံချင် ခံလိမ့်မည်။ မိမိကမူ လက်သင့်မခံနိုင်

မိဖုရားက မြှောက်ပေး၍၊ မိဖုရားကို မလွန်ဆန်နိုင်၍ သီပေါဘုရင်က စစ်ပြုရန် ဆုံးဖြတ်ရသည်။ မြန်မာတွေ ကျွန်ဖြစ်ရခြင်း မိဖုရားကြောင့်ဟု ဆိုသည်မှာလည်း လိမ်စာညာစာအဖြစ် [illegible] ခြင်းမျှသာ။ တင်ပြပုံ နိုင်နိုင်မာမာ မရှိ ရေးရလျှင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



တွင် မိမိဆိုလျှင်လည်း စစ်ပြုရတော့မည်ကို သဘောတူရတော့မည် ပင်။ နယ်ချဲ့တို့၏ ရာဇသံကို ကြည့်ပါက လက်သင့်ခံနိုင်စရာ၊ လိုက်လျောနိုင်စရာ မရှိ။ ရာဇသံကို လက်ခံမည်ဆိုပါကလည်း အရှုံးသာ။ ဒီတော့ ရှုံးကာမှရှုံး၊ တိုက်ရင်းသာ အသေခံရတော့မည်။

ကိုးကားသည့်စာအုပ်များ

၁။ (၁၈၈၅–၈၆) မြန်မာနိုင်ငံတော်အခြေအနေ ဒေါ်ကြန်
၂။ သီပေါမင်းပါတော်မူအရေးတော်ပုံ ဦးဖိုးကျား

● ● ●



www.burmeseclassic.com

www.burmeseclassic.com

# စူပွရားလတ် ဘာလဲ
## သို့မဟုတ်
# ရှင်းတမ်းကို ရှင်းခြင်း (၇)

ယခုဖြစ်ရသည့်ကိစ္စမှာ ဘုံဘေဘားမားသစ်ကိစ္စသာ ဖြစ်သည်။ ဘုံဘေဘားမားသစ်ကုမ္ပဏီက နင်းကြမ်း (ပျဉ်းမနား)သစ်တောတွင် တရားမဝင်သစ်များ ခုတ်ယူခဲ့သဖြင့် မြန်မာတို့က အပြစ်ဒဏ်စီရင်ခဲ့သည့်အမှုသာ ဖြစ်သည်။ ပြစ်ဒဏ်အနေဖြင့် ဘုံဘေဘားမားသစ်ကုမ္ပဏီမှ မြန်မာအစိုးရကို ဒဏ်ငွေအဖြစ် ကျပ်ငွေ နှစ်ဆယ့်သုံးသိန်း ပေးဆောင်ရန် ချမှတ်ခဲ့သည်။

ထိုသည်က ပြစ်မှုနှင့်ပတ်သက်သည့်ကိစ္စကို နှစ်ဖက်ဖြေရှင်းရန်သာ ဖြစ်သည်။ အခြားကိစ္စများမှာ သစ်မှုနှင့်မဆိုင်။ ယခုတော့ အင်္ဂလိပ်တို့ ရာဇသံပေးခဲ့သည့် အချက် (၅)ချက်တွင် အချက် (၂)ချက်သာ သစ်ကိစ္စနှင့်ဆိုင်သည်။ ကျန် (၃)ချက်မှာ သစ်ကိစ္စနှင့် မပတ်သက်ဘဲ မြန်မာအစိုးရကို အနိုင်အထက်ကျင့် တောင်းဆိုသော လက်ခံနိုင်စရာ မရှိသည့် ရာဇသံဖြစ်သည်။

ယင်းအချက် (၃)ချက်တွင် ပါသည်က ဤသို့



www.burmeseclassic.com

www.burmeseclassic.com



၃။ မန္တလေးတွင် အင်္ဂလိပ်ကိုယ်စားလှယ်တစ်ဦး ခန့်ထားနေထိုင်ခွင့် ပြုရမည်။

၄။ အင်္ဂလိပ်ကိုယ်စားလှယ်များ မြန်မာဘုရင်၏ ရွှေတော်သို့ ဝင်ရောက်ရာတွင် ဖိနပ်စီး၍ ဓားကိုင်ဆောင်ခွင့် ပြုရမည်။

၅။ အင်္ဂလိပ်တို့၏ သဘောတူညီမှုမရရှိဘဲ မြန်မာအစိုးရအနေဖြင့် မည်သည့်နိုင်ငံနှင့်မျှ ဆက်ဆံခြင်းမပြုရ။

ကြည့်ပါ။ ရာဇသံတွင် ပါရှိသည်တို့က ဖြစ်စဉ်အကြောင်းရင်းခံ သစ်မှုနှင့် ဘာမျှမဆိုင်။ (၃)ပုံ(၁)ပုံသာ ကျန်တော့သည့် အထက်မြန်မာနိုင်ငံကို သိမ်းယူရန် ကြံတင်စီစဉ်ပြီး ဖြစ်နေသည့် နယ်ချဲ့တို့၏ မြန်မာတို့ လက်ခံနိုင်စရာမရှိအောင် အနိုင်အထက်ကျင့် စော်ကားထားသည့် ရာဇသံသာ ဖြစ်သည်။ ကျားသနား၍ နွားမချမ်းသာနိုင် (ကျားက နယ်ချဲ့ကျားစဉ်းလဲ)။ ယခုကြည့် . . . မြန်မာတို့အနေဖြင့် မည်သို့ လုပ်ရမည်နည်း။ ဒီစစ်ကို ရှောင်၍ကော ရနိုင်ပါမည်လား။ ရာဇသံကို လိုက်လျောနိုင်ဖို့ဆိုသည်မှာ မဖြစ်နိုင်။ ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းနှင့်နေသော တိုင်းပြည်။ လက်အောက်ခံနိုင်ငံ မဟုတ်။ နယ်ချဲ့၏ ရုပ်သေးအစိုးရမဟုတ်။ ဒီတော့ . . . မဖြစ်နိုင်သည်ကို တောင်းဆိုလာမှတော့ မြန်မာတို့ ဘာလုပ်ကြရမည်နည်း။။

ကင်းဝန်မင်းကြီး ဦးကောင်းက ရာဇသံကို လက်ခံသင့်ကြောင်း ယခုလိုအချိန်တွင် အင်္ဂလိပ်တို့ကို ပြန်လည်တိုက်ခိုက်လျှင် တိုင်းပြည် နစ်နာမည်ဖြစ်ကြောင်း လွှတ်တော်အစည်းအဝေးတွင် သီပေါဘုရင်ကို တင်ပြလျှောက်ထားသည်။ တိုင်တားမင်းကြီး ဦးတိုးတို့အုပ်စုကမူ ရာဇသံကို ငြင်းဆိုရန် အကြံပြုသည်။ အင်္ဂလိပ်တို့အား တိုက်ခိုက်ရန် တင်ပြလျှောက်ထားသည်။

စုဖုရားလတ်ကလည်း တိုင်တားအုပ်စုနှင့် တစ်စိတ်တည်းပင်။

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ကို အင်္ဂလိပ်တို့ မတရားအနိုင်အထက်ကျင့် စော်ကားခြင်းဟု ခံယူသည်။ ပင်ကိုကပင် စိတ်ထက်သည့်မိဖုရားဖြစ်သဖြင့် ကင်းဝန်၏ လျှောက်တင်ချက်နှင့် ပတ်သက်၍ လက်မခံနိုင်၊ ဒေါသအမျက် ဖြစ်ခဲ့ရသည်။ 'ဘိုးဘိုးက ထဘီဝတ်ပြီး ကျောက်ပြင်ဆောင်ထားဖို့ပဲ ကောင်းတယ်' ဟုပင် ကင်းဝန်ကို ဆိုခဲ့သည်။

မိမိဆက်လက်ပြီး တင်ပြလိုသည်က စစ်ပွဲနှင့်ပတ်သက်၍ ဖြစ်သည်။ ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ (၁၀)ရက်နေ့တွင် အိန္ဒိယဘုရင်ခံချုပ်က အင်္ဂလိပ်အစိုးရသို့ အထက်မြန်မာနိုင်ငံကို သိမ်းခွင့်ပြုရန် တောင်းခံသည်။ နိုဝင်ဘာလ (၁၁)ရက်နေ့တွင် အင်္ဂလန်ရှိ အတွင်းဝန်က ဗိုလ်ချုပ်ပရင်ဒါဂက်အား မန္တလေးသို့ ချက်ချင်းချီတက်ရန် ညွှန်ကြားလိုက်ပါဟု အိန္ဒိယဘုရင်ခံချုပ်ကို အကြောင်းပြန်လိုက်သည်။

နိုဝင်ဘာလ (၁၄)ရက်နေ့တွင် အင်္ဂလိပ်တပ်ကို ဆင်ပေါင်ဝဲနယ် စစ်စခန်းမှ မြန်မာစစ်တပ်က ခုခံတိုက်ခိုက်သည်။ မြန်မာတို့ အရေးမလှ။ မြန်မာတို့၏ သင်္ဘောတုလွှတ်ယာဉ်ကျော်ကို အင်္ဂလိပ်တို့က သိမ်းယူသည်။ ဆက်လက်ပြီး ပန်းတော်ပြင်ခံကတုတ်၊ ဦးကင်းဘုရား၊ မင်းလှခံတပ်နှင့် ငွေးချောင်းခံတပ်တို့တွင် တိုက်ပွဲများ ဖြစ်ပွားသည်။ လက်နက်ချင်းကွာသော်လည်း မြန်မာစစ်သည်တို့က နယ်ချဲ့တို့အား ရှုပ်ရှုပ်ရှဲရှဲ အသေခံတိုက်ခိုက်ကြသည်။ နိုင်ငံနှင့်လူမျိုးအတွက် မြန်မာတို့ အသက်ပေါင်းများစွာ စွန့်လွှတ်ခဲ့ကြရသည်။

အင်္ဂလိပ်တို့၏တပ်များ ဆက်လက်ချီတက်လာရာ လှေသင်းအတွင်းဝန် ဦးရွှေမောင်၏ ဌာနချုပ်ဖြစ်သည့် မြင်းခြံသို့ ရောက်ရှိလာသည်။ သမိုင်းမှတ်တမ်းအရ အတိအကျရေးရလျှင် နိုဝင်ဘာလ (၂၄)ရက်နေ့ညနေတွင် ဖြစ်သည်။ ထိုနေ့ တစ်ညနေလုံး ကမ်းပေါ်ရှိ မြန်မာအမြောက်တပ်များနှင့် အင်္ဂလိပ်စစ်သင်္ဘောများ အပြန်အလှန်



www.burmeseclassic.com

www.burmeseclassic.com



ဝစ်ခဝတ်ခဲ့ကြသည်။ သို့သော် နံနက်လင်း၍ အင်္ဂလိပ်တပ်များ ကမ်းပေါ်သို့ တက်၍တိုက်ခိုက်သောအခါတွင်မူ လေှသင်းအတွင်းဝန်၏တပ်များ မရှိတော့။ ကျောက်ရုံအရပ်သို့ ဆုတ်ခွာသွားခဲ့ကြပြီ ဖြစ်သည်။ နိုဝင်ဘာလ (၂၅)ရက်နေ့တွင် မြင်းခြံ ရန်သူ့လက်တွင်းသို့ ကျသွားပြီဆိုသည့် သတင်းသည် မန္တလေးနေပြည်တော်ကို ရောက်ရှိလာခဲ့သည်။ ထိုသတင်းက မန္တလေးနေပြည်တော်ကို တုန်လှုပ်ချောက်ချားသွားစေခဲ့သည်။ လေှသင်းအတွင်းဝန် ကြီးကြပ်ကွပ်ကဲသော အောက်မြစ်စဉ်စစ်ကြောင်းကို ဘုရင်နှင့်တကွ တိုင်းပြည်က လွန်စွာအားထားခဲ့သည်။ ယခုတော့ စစ်ဖြစ်ပြီး (၁၀)ရက်အတွင်းမှာပင် အင်္ဂလိပ်တို့က မြင်းခြံကို သိမ်းနိုင်ခဲ့ကြပြီ ဖြစ်သည်။ သီပေါဘုရင်က လွှတ်တော်တွင် အရေးပေါ်အစည်းအဝေး ကျင်းပသည်။ အချို့က သီပေါဘုရင်ကို ပြင်ဦးလွင်သို့ တိမ်းရှောင်သင့်ကြောင်း၊ အချို့က အရှေ့တောင်တန်းများကို ဖြတ်ကျော်၍ တရုတ်ပြည်တွင် ခိုလှုံသင့်ကြောင်း တင်ပြလျှောက်ထားကြသည်။ အများနှစ်မြို့က်ကြသည့် အဆိုပြုချက်မှာ သီပေါဘုရင်အနေနှင့် ဘုန်းတော်မင်းအဆက်ဆက်က အောင်မြေဟု ယူဆသော ရွှေဘိုသို့ ဆုတ်ခွာရန်၊ အကယ်၍ အခြေအနေဆိုးရွားလာခဲ့သော် ဝန်းသိုနှင့် မိုးကောင်းမှတစ်ဆင့် တရုတ်ပြည်သို့ တိမ်းရှောင်ရန် လျှောက်တင်ကြသည်။ သို့သော် ထိုအဆိုပြုချက်တို့မှာ အထမမြောက်ခဲ့။ ကင်းဝန်မင်းကြီး၏ အကြံပြုလျှောက်ထားချက်ဖြစ်သည့် မင်း၊ မိဖုရားတို့အနေဖြင့် နေမြဲအတိုင်း နေပြည်တော်တွင် ဆက်လက်နေပြီး အင်္ဂလိပ်တို့နှင့် စေ့စပ်ပြငြိမ်းမှုကို ဆောင်ရွက်သင့်သည်ဆိုသော အကြံပြုချက်ကသာ အောင်မြင်အရေးသာခဲ့သည်။

ကင်းဝန်မင်းကြီး၏ အကြံပြုချက်အတိုင်း ကျောက်မြောင်းအတွင်းဝန်နှင့် ဝက်မစွတ်ဝန်ထောက်တို့ကို အင်္ဂလိပ်စစ်ဦးစီးချုပ်ထံ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည့် ဂျင်နရယ်ပရင်ဒါဂတ်စ်ထံသို့ စေလွှတ်၍ စစ်ပြေငြိမ်းရန် ဆွေးနွေးစေခဲ့ရာ အင်္ဂလိပ်တို့က မြန်မာတို့ ခြွင်းချက်မရှိ လက်နက်ချမည်ဆိုလျှင် သီပေါဘုရင်၏အသက်ကို ချမ်းသာပေးမည်။ နှစ်နိုင်ငံဖြစ်ပွားနေသော ပဋိပက္ခများကိုလည်း မိမိတို့အင်္ဂလိပ်သတ်မှတ်ပေးသည့် ဘောင်အတွင်းမှသာ ဆွေးနွေးရမည်ဟု တောင်းဆိုခဲ့သည်။ လွှတ်တော်က လက်နက်ချရန် သဘောတူပြီး အင်းဝနှင့် စစ်ကိုင်းခံတပ်များရှိ မြန်မာတပ်များကို အင်္ဂလိပ်တို့အား အခုအခံမပြုဘဲ လက်နက်ချရန် ကြေးနန်းဖြင့် အကြောင်းကြားလိုက်သည်။ ထို့ကြောင့် အင်္ဂလိပ်တပ်များသည် အင်းဝနှင့် စစ်ကိုင်းခံတပ်များကို အခက်အခဲမရှိဘဲ သိမ်းယူနိုင်ခဲ့ကြပြီး မန္တလေးနေပြည်တော်သို့ ဆက်လက်ချီတက်ခဲ့ကြသည်။ နိုဝင်ဘာလ (၂၉)ရက်နေ့တွင် လက်နက်ချအခမ်းအနားပြုလုပ်ပြီး ထိုနေ့ညနေ ၆း၃၀ နာရီတွင် သီပေါဘုရင်၊ စုဖုရားလတ်နှင့် နောက်လိုက်နောက်ပါတို့ကို ရွှေနန်းတော်မှ ဆောင်ယူလျက် သူရိယသင်္ဘောပေါ်သို့ တက်စေခဲ့သည်။ နောက်တစ်နေ့နံနက်တွင် ရန်ကုန်သို့ ထွက်ခွာကာ ရန်ကုန်မှတစ်ဆင့် ရတနာဂီရိသို့ ပို့ဆောင်အကျဉ်းချထားခဲ့သည်။

ရေးရလျှင် အင်္ဂလိပ်တို့နှင့် ဖြစ်ခဲ့ရသော စစ်ပွဲသုံးပွဲအနက် ဤစစ်ပွဲကား မြန်မာတို့အတွက် ရှက်ဖွယ်ကောင်းသော၊ ညံ့ဖျင်းသော စစ်ပွဲသာ ဖြစ်သည်။ ဦးစီးဦးဆောင်အကြံပြုသူများ၏ ဉာဏ်ရည်သိမ်ခြင်းသည်ကား အဓိကအချက်တစ်ခု ဖြစ်သည်။ ဝံပုလွေတောတွင် သိုးငယ်ကဲ့သို့ကျင့်က ဝံပုလွေစားခြင်းကိုသာ ခံရမည်ဖြစ်သည်။ အသက်ကို ချမ်းသာပေးလိမ့်မည်မဟုတ်။ ယခုတော့ မြန်မာဘုရင်နှင့် မိဖုရားမှာ ကြက်ကလေး ငှက်ကလေးဖမ်းသကဲ့သို့ အဖမ်းခံလိုက်ရပြီး နယ်ချဲ့စေဦးလဲတို့လက်တွင် အလွယ်တကူပင် ပါသွားခဲ့ရပြီ။ ဖေါ်နန်ဆိပ်သို့ဆင်း၍ သူရိယသင်္ဘောဆီကို မြန်မာဘုရင်နှင့် မိဖုရားအတက်တွင်



www.burmeseclassic.com

www.burmeseclassic.com



တော့ မြန်မာတို့ ယူကျုံးမရဖြစ်ကာ ငိုကြွေးကျန်ခဲ့ကြရပြီး ထီးသုဉ်း နန်းသုဉ်း။ မြို့သုဉ်းသုညာ၊ သုဉ်းသုံးဝနှင့်၊ သုညခေတ်ဖြစ်ကာ မြန်မာတွေအဖို့ ကျွန်နိဒါန်းစခဲ့ရပြီဟု ဆိုရပါတော့မည်။

အကယ်၍သာ အချို့ပုဂ္ဂိုလ်များ၏ အကြံပြုတင်ပြလျှောက်ထားချက်အတိုင်း ဘုရင်နှင့် မိဖုရားအနေဖြင့် အင်္ဂလိပ်တို့ ရောက်မလာမီ ရွှေဘိုသို့ ဆုတ်ခွာကာ၊ ထိုမှ ဝန်းသိုနှင့် မိုးကောင်းမှတစ်ဆင့် တရုတ်ပြည်သို့ တိမ်းရှောင်ခဲ့ကြမည်ဆိုပါလျှင် . . . ယခုကဲ့သို့ ပါတော်မူဖြစ်ရပ်ဆိုးမျိုးနှင့် ကြုံကြရမည်လား။ စဉ်းစားမည်ဆိုပါက ရှင်းရှင်းလင်းလင်းပင်။ ကြည့်ပါ။ ဘုရင်နှင့် မိဖုရားသာ အလှည့်စားခံဘဝဖြင့် ပါတော်မူသွားကြရသည်။ နယ်ချဲ့တို့က အထက်မြန်မာနိုင်ငံကို သိမ်းယူလိုက်သည်သာ ဆိုသည်၊ ငြိမ်ဝပ်ခဲ့ပါရဲ့လား။ သွေးနီသောမြန်မာတို့ အညံ့ခံခဲ့ကြပါရဲ့လား။ ပါတော်မူသည့်ညမှစ၍ ပါတော်မူပြီးနောက်ပိုင်း မြန်မာနိုင်ငံတွင် မြန်မာသူရဲကောင်းများသည် နေရပ်ဒေသအသီးသီးမှနေ၍ ရရာလက်နက်တို့ဖြင့် နယ်ချဲ့တို့ကို ခုခံတိုက်ခိုက်ခဲ့ကြသည်။ နီမောင်းသည့် မြန်မာ့သွေးကို ပြခဲ့ကြသည့် စောရန်ပိုင်မင်းသား၊ စောရန်နိုင်မင်းသား၊ မြင်စိုင်းမင်းသား၊ ရွှေချီးဖြူမင်းသား၊ ကြည့်မြင်တိုင်မင်းသား၊ ချောင်းခွမင်းသား၊ လင်းပင်မင်းသား၊ ဗိုလ်ရွှေ၊ ဗိုလ်မင်းရောင်၊ ဗိုလ်ရာညွှန့်၊ ဗိုလ်ရိုင်း၊ ဗိုလ်ချို၊ ဗိုလ်ဥတ္တမ၊ ဗိုလ်တာတေ၊ ဝန်းသိုစော်ဘွား၊ ဗိုလ်ခိုင်ကမ်း စသည့် မိမိနိုင်ငံနှင့် မိမိလူမျိုးအတွက် ရှုပ်ရှပ်ချုံ့ချုံ့ အသက်ပေး ခုခံတွန်းလှန်ခဲ့ကြသည့် နယ်ချဲ့သူရဲကောင်းများ၏ သမိုင်းကား ထွန်းပြောင်ထင်ရှားခဲ့သည်မှာ အားလုံးအသိပင် ဖြစ်ပါသည်။

သို့သော် . . . ကင်းဝန်မင်းကြီး၏ အကြံပြုလျှောက်ထားချက်ကို လက်ခံယုံစားမိခဲ့သည့် သီပေါဘုရင်နှင့် စုဖုရားလတ်တို့အတွက်မှာမူ 'ယုံမှတ်၍ ပုံအပ်မိကာမှ' ဆိုသည့် စကားအတိုင်း။ ယခုတော့



www.burmeseclassic.com

www.burmeseclassic.com



လွှန်လည်းလွှန်ခဲ့ပြီ။ အမှားကြီးလည်း မှားခဲ့ရပြီ။ သို့သော် . . . ဘာများ တတ်နိုင်ပါတော့မည်နည်း။

ကိုးကားသည့်စာအုပ်များ

၁။ သီပေါမင်းပါတော်မူအရေးတော်ပုံ ဦးဖိုးကျား
၂။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း အပိုင်း(၁)
၃။ အင်္ဂလိပ်မြန်မာစစ်ပွဲနှင့် မင်းလှုခံတပ် နတ်မောက်ဘုန်းကျော်

● ● ●



www.burmeseclassic.com

www.burmeseclassic.com

# စုဖုရားလတ် အာလဲ

## သို့မဟုတ်

# ရှင်းတမ်းကို ရှင်းခြင်း (ဂ)

သီပေါဘုရင်နှင့် စုဖုရားလတ်တို့အနေဖြင့် ကြည့်လျှင် ကင်းဝန် င်းကြီးနှင့် ပတ်သက်၍ သမိုင်းကြောင်းကလည်း ရှိ၏။ ကင်းဝန် င်းကြီးကား မိမိတို့ တကယ်တမ်း စိတ်ချယုံကြည်ရမည့်ပုဂ္ဂိုလ် တ်။ နန်းတွင်းတွင် ကင်းဝန်ဂိုဏ်း၊ တိုင်တားဂိုဏ်းဟူ၍ ရှိခဲ့ရာတွင် င်တားအုပ်စုက ပို၍အရေးပေးခံခဲ့ရပြီး ကင်းဝန်မှာ တိုင်တားတို့ က် အရေးမပါ၊ အရာမရောက်ဘဲ ဖြစ်ခဲ့ရသည်။

သို့သော် သီပေါဘုရင်နှင့် စုဖုရားလတ်တို့အနေဖြင့် ကင်းဝန် မယုံစားဘဲ တိုင်တားကို ယုံစား၍ မြှောက်စားကာ အမြင့်သို့ င်ပေးခဲ့သော်လည်း တကယ်တမ်း၌ တိုင်တားမှာ သီပေါဘုရင် တော်သား။ သီပေါနှင့် စုဖုရားလတ်တို့၏လူဟု ပြော၍ရသည့်သူ တ်။ တိုင်တားမင်းကြီးကလည်း သီပေါဘုရင်ကို ဖယ်ရှား၍ ကွန်းမင်းသားကို နန်းတင်ရေးအတွက် လျှို့ဝှက်ကြံစည်နေသူသာ သည်။ မြင်ကွန်းမင်းသားမှာ ထိုစဉ်က အိန္ဒိယနိုင်ငံ ပွန်ဒီချယ်ရီ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကင်းဝန်ကလည်း နယ်ချဲ့အင်္ဂလိပ်တို့၏ အကူအညီဖြင့် ညောင်ရမ်းမင်းသားကို နန်းတင်လိုသူဖြစ်ရာ သီပေါဘုရင်အနေဖြင့် မိမိ၏ ဝန်ကြီးများနှင့် ပတ်သက်၍ တကယ်တမ်း ယုံကြည်စိတ်ချ အားထားရမည့်သူမရှိဘဲ ဖြစ်ခဲ့ရသည်။ ဝန်ကြီးများမှာလည်း အချင်းချင်း ညီညွတ်မှုမရှိ။ ကင်းဝန်ဂိုဏ်း၊ တိုင်တားဂိုဏ်း၊ လှေသင်းဂိုဏ်းဟူ၍ ဂိုဏ်းများကွဲကာ နန်းတွင်းတွင် ရှုပ်ထွေးလျက်။ နယ်ချဲ့သူလျှိုတို့၏ အန္တရာယ်က တမှောင့်ဖြင့် ရွှေပြည်တော်ရေးရေးမှာ ရင်မအေးစရာ ဖြစ်ခဲ့ရသည်။

ထို့ကြောင့်ပင် ဖြစ်ပါမည်။ ပါတော်မူတော့မည့် ၁၈၈၅ ခု နိုဝင်ဘာလ (၂၉)ရက်နေ့ နံနက်တွင် သီပေါဘုရင်အား နယ်ချဲ့အင်္ဂလိပ် တို့နှင့်အတူ လိုက်ပါလာခဲ့သည့် အနောက်နိုင်ငံသား သတင်းစာဆရာ များက တွေ့ဆုံမေးမြန်းခဲ့ရာတွင် သီပေါဘုရင်က ဤသို့ဖြေဆိုခဲ့ခြင်း ဖြစ်သည်။

"ကျွန်ုပ်ပိုင်ဆိုင်သမျှကိုလည်း အင်္ဂလိပ်တွေကို ပေးလိုက် ရပါပြီ၊ သင်တို့ကို ကျွန်ုပ် ပြောချင်တာက ကျွန်ုပ်ဟာ ဘုရင်ဖြစ်ခဲ့ မယ့် မကောင်းတဲ့အကြံတွေကိုသာ အပေးခံခဲ့ရသူပါ။ ကျွန်ုပ်ရဲ့ဝန်ကြီး အဖွဲ့ထဲမှာ သစ္စာသမာဓိရှိသူ၊ အမြော်အမြင်ရှိသူရယ်လို့ အင်မတန် ရှားပါတယ်၊ သူတို့ အသုံးမကျလို့ မဖြစ်သင့် မဖြစ်ထိုက်တာတွေ ဖြစ်ကုန်ရတယ်၊ ကျွန်ုပ်အတွက် အင်မတန်ကို နာကြည်းစရာပါပဲ"

စုဖုရားလတ်ကမူ ဝန်ကြီးများထဲတွင် ကင်းဝန်ကို မယုံကြည် သကဲ့သို့ ပါတော်မူပြီး ရတနာဂီရိသို့ ရောက်ရှိ၊ ထိုမှ ရန်ကုန်သို့ ပြန်လည်ရောက်လာခဲ့သည့်တိုင် ကင်းဝန်မင်းကြီးအပေါ် ... နာကြည်းခဲ့သည်မှာလည်း မိဖုရား၏ မိန့်ဆိုစကားများအရ သိ... လောက်သည်ဟု ဆိုရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ကို ရောက်ရှိလာပြီး ရွာမရိုလမ်း (ယခု ကိုယ်မင်းကိုယ်ချင်းလမ်း)ရှိ စံအိမ်တော်တွင် စံနေစဉ် သမိုင်းပညာရှင် ကထိက ဦးသက်တင်က စုဖုရားလတ်နှင့် တွေ့ဆုံလျှောက်ထား မေးမြန်းစဉ်က ဖြေဆိုခဲ့သည်များကို လေ့လာလျှင်ပင် ကင်းဝန်မင်းကြီးနှင့် ပတ်သက်၍ စုဖုရားလတ်၏ စိတ်ခံစားချက်ကို သိမြင်နားလည်နိုင်လိမ့်မည်ဖြစ်သဖြင့် ဤဆောင်းပါးတွင် စာဖတ်သူများအတွက် ကထိက ဦးသက်တင် လျှောက်ထားမေးမြန်းချက်ဖြစ်သည့် မေးခွန်းအမှတ် (၁)ကို ဖော်ပြလိုက်ပါသည်။

မေးခွန်း (၁) ။ ။ ဦးကောင်းလိမ်ထုတ်၊ သီပေါပြုတ်ဟု ဆီးဘန်နီ ဆရာတော်စာချိုးခြင်းနှင့် ပတ်သက်၍ ဘာများ အဓိပ္ပါယ်ရှိလိုပါသလဲ ဘုရား။

အဖြေ ။ ။ ဆရာတော်ပြောတာ မှန်တယ်၊ စံမြို့များအားလုံး၏ ပုံစံပန္နက်များကို အင်္ဂလိပ်မဟာမင်းကြီးထံ ကင်းဝန်ဦးကောင်းပဲ တိတ်တဆိတ် နိုးပို့တယ်၊ ပြင်သစ်နဲ့ မဟာမိတ်ဖွဲ့တဲ့ စာချုပ်မိတ္တူကို အင်္ဂလိပ်ထံ ခိုးပို့တာလည်း သူပဲ၊ နိုင်ငံတော်ကို ချီတက်သိမ်းပိုက်ဖို့ အင်္ဂလိပ်ကို တိတ်တဆိတ် မှာကြားတာလည်း သူပဲ၊ ထီးနန်းမှချပြီး ကုလားပြည် ပူတာကေ နယ်ပို့ရန် အကြံပေးတာလည်း သူပဲ၊ သို့ပေမယ့် အင်္ဂလိပ်က သူတို့ ပိုင်နက်အတွင်း ရတနာဂီရိသို့ စုဖုရားတို့ကို ပို့လိုက်တယ်၊ သူက အနောက်ဘက် လွှန်မင်းရဲ့ သံ့ပန်း၊ ပူတာကေအဆက်အနွယ်ဖြစ်တယ်၊ သစ္စာမရှိ၊ ကျေးစူးမဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



မင်းတုန်းမင်းလက်ထက်မှ စတင်ခဲ့သည့် ရတနာပုံခေတ် နန်းတွင်းရေးများကား ရှင်ထွေးလှသည်ဟု ဆိုရပါမည်။ မင်းတုန်းမင်း နန်းစံစဉ်တွင် မန္တလေးနန်းတွင်းအရေးတော်ပုံ ပေါ်ခဲ့ပြီး၊ မြင်ကွန်း မြင်းခုံတိုင်မင်းသားနှစ်ပါးလက်ချက်ကြောင့် မင်းတုန်းမင်း၏ညီတော် အိမ်ရှေ့စံ ကနောင်ကိုယ်တော် ကျဆုံးခဲ့ရသည်။ မင်းတုန်းမင်း နတ်ရွာစံ တော့မည့်အချိန်ရောက်ပြန်တော့ မင်းတုန်းမင်း၏ မိဖုရား ဆင်ဖြူမရှင် က ကင်းဝန်၊ တိုင်တားတို့နှင့် ပေါင်းပြီး မိမိတို့လိုရာ ကြိုးဆွဲရနိုင် မည့် သီပေါမင်းသားငယ်ကို နန်းတင်၊ မင်းတုန်းမင်း၏ သားတော် သမီးတော်များ အကျဉ်းချုပ်မီးဆီးသုတ်သင်ခံကြရ၊ ထို့နောက် (၁၄)ဌာန အုပ်ချုပ်ရေးစနစ်ဖြင့် ကင်းဝန်နှင့် ဝန်ကြီးများအာဏာကို စိုးမိုးချုပ်ကိုင် လာ၊ ဝန်ကြီးများလက်မှ တစ်ဖန် သီပေါဘုရင်နှင့် စုဖုရားလတ်တို့က အာဏာကို ပြန်လည်ရယူကာ အုပ်ချုပ်၊ ဝန်ကြီးများမှာလည်း မညီ မညွတ်ဖြင့် ဂိုဏ်းများကွဲ၊ ဝန်ကြီးများထဲတွင် သီပေါဘုရင်ကို ဖယ်ရှား ပြီး၊ ညောင်ရမ်းကို နန်းတင်လိုသူများနှင့် မြင်ကွန်းကို နန်းတင်လိုသူ များ၏ လျှို့ဝှက်ကြံစည်ကြိုးပမ်းမှုများဖြစ်လာ၊ ရတနာပုံနေပြည်တော် တွင် နယ်ချဲ့တို့၏ သူလျှိုများကလည်း ခြေသွက်လှုပ်ရှား၊ နယ်ချဲ့ အင်္ဂလိပ်က နောက်ဆုံးလက်ကျန် အထက်မြန်မာနိုင်ငံကို အပြီးအပိုင် သိမ်းယူနိုင်ရေးအတွက် မြန်မာဘုရင်ကို အမျိုးမျိုး အပြစ်ရှာ၊ လိမ်စာ ညာစာများဖြင့် သိက္ခာချ၊ စသည်စသည်ဖြင့် ရတနာပုံခေတ် နန်းတွင်း ရေး အရှုပ်အထွေးများကား ရေးမည်ဆိုက ရေးမဆုံးနိုင်အောင်ပင် သမိုင်းဖြစ်စဉ်တွေက များပြားလွန်းလှပါသည်။

ဤနေရာတွင် နယ်ချဲ့တို့၏ သတင်းစာ စာမျက်နှာများပေါ်မှ လုပ်ကြံဝါဒဖြန့် သတင်းလိမ်၊ သတင်းမှားများနှင့် ပတ်သက်ပြီး တင်ပြ လိုပြန်ပါသည်။ ယခင်ဆောင်းပါးများထဲ၌ စာရေးသူ ဖော်ပြခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း နယ်ရှဲ့အင်္ဂလိပ်တို့အနေဖြင့် အထက်မြန်မာနိုင်ငံကို သူတို့ သိမ်းယူခြင်းနှင့် ပတ်သက်၍ ကမ္ဘာက တရားသည်ဟု ထင်မြင်လာအောင် ဝါဒဖြန့်လက်နက်အဖြစ် လိမ်စာညာစာများကို ရေးခဲ့ကြခြင်းသာ ဖြစ်သည်။ နယ်ရှဲ့တို့၏ နယူးယောက် တိုင်းသတင်းစာမှ ရေးသားချက်များကို ကြည့်မည်ဆိုလျှင် ဝါဒဖြန့်လက်နက်ကို သုံးစွဲ၍ ကမ္ဘာ့ပြည်သူတို့အား နယ်ရှဲ့တို့ မည်မျှလိမ်ညာခဲ့ကြောင်း၊ လှည့်ဖျားခဲ့ကြောင်းကို ရှင်းရှင်းကြီး သိနိုင်လောက်စေသည်ဟု မိမိ ရေးချင်သည်။

အကြောင်းတစ်ချက်ကို ထောက်ပြရလျှင် လန်ဒန်နယူးစ်၏ ရန်ကုန်သတင်းထောက်မှ ရေးသားချက်ကို သတင်းစာတွင် ဖော်ပြထားခြင်းပင် ဖြစ်သည်။ သီပေါဘုရင်၏ ညီတော်နောင်တော် မင်းညီမင်းသားများကို သတ်ဖြတ်သည့်ကိစ္စ၌ သီပေါဘုရင်ကိုယ်တော်တိုင် ပါဝင်နေသည်ဟု ရေးသားရာ၌ "ပထမတွင်မူ သတ်ဖြတ်မှုများကို ရှေးရိုးဗမာ့ထုံးစံအတိုင်းပင် ပြုလုပ်ကြသည်။ အသတ်ခံရမည့်သူများကို နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ဘုရင်ကို ရှိခိုးစေရန် အကျဉ်းထောင်မှ ထုတ်ယူခဲ့သည်။ ထို့နောက် သာမန်ဗုဒ္ဓဘာသာဟန်လုပ်အတိုင်း သုတ်သင်ကြသည်။ ဦးခေါင်းကို သူ၏ခြေမျက်စိနှင့်ပူးတွဲချည်နှောင်ထားကာ လည်ကုပ်ကို ဝါးရင်းတုတ်ဖြင့် တစ်ချက်တည်း ရိုက်နှက်၍ ကိစ္စတုံးစေခြင်း ဖြစ်သည်။ သို့ရာတွင် သရဲမရဲစီး၍ အရူးစိတ်ပေါက်နေသော သီပေါအတွက် ဤသတ်ဖြတ်ပုံ ရှုမြင်ကွင်းသည် မကြာမီပင် ရိုး၍ ပေါ့ပျက်ပျက်ရှိလာသည်"ဟု နယူးယောက် တိုင်းသတင်းစာတွင် ဖော်ပြခဲ့သည်။

ဤသည်နှင့် ပတ်သက်၍ 'သီပေါမင်းနှင့် နယူးယောက် တိုင်းသတင်းစာ' စာအုပ်ကို ပြန်ဆိုပြုစုခဲ့သည့် ဦးကိုကိုလေး (အငြိမ်းစား ဒုအဓိပတိ၊ မန်းတက္ကသိုလ်)က ၎င်း၏စာအုပ်တွင် ဤသို့ ပြန်လည်ရှင်းလင်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက် -

(၁) ဤဆောင်းပါးတွင် မင်းဆွေမင်းမျိုးတို့ကို သတ်ဖြတ်ခဲ့ရာ၌ သီပေါဘုရင်ကိုယ်တိုင် ကန်တော့ခံ၍ မျက်မြင်ဖြစ်ခဲ့ဟန် ရေးထားသည်မှာ သမိုင်းအဆိုများနှင့် မကိုက်ညီချေ။ ကုန်းဘောင်ခေတ် မဟာရာဇဝင်ကြီးတွင် 'ဘဝရှင်မင်းတရားကြီး ဘုရားသည် မင်းသားများ ကွပ်မျက်လက်လွန်စီရင်ပြီးမှ ကြားသိတော်မူရသဖြင့် လွန်စွာကြေကွဲတော်မူသည်' ဟု ရေးသားထားလေသည်။

(၂) ထို့နောက် သာမန်ဗုဒ္ဓဘာသာဟန်လုပ်အတိုင်း သုတ်သင်ကြသည်ဟု ရေးသားရာ၌ ဗုဒ္ဓဘာသာကို သက်သက်မဲ့ နှိမ်ချထိပါးလိုက်ခြင်း ဖြစ်သည်။ ဤအကြောင်းနှင့် ပတ်သက်၍ ဆွေးနွေးခန်း၌ အကျယ်ဖော်ပြပါအံ့။ (ပြန်ဆိုပြုစုသူ)


ကိုးကားသည့်စာအုပ်များ

၁။ သမိုင်းဆိုင်ရာမှတ်စုများ — ကထိက ဦးသက်တင်

၂။ ပဒေသရာဇ်မြန်မာနိုင်ငံစာတတ်သိမ်း — ဒေါ်ကြန်

၃။ သီပေါမင်းနှင့် နယူးယောက်တိုင်းသတင်းစာ — ဦးကိုကိုလေး


● ● ●



www.burmeseclassic.com

www.burmeseclassic.com

# စုဖုရားလတ် ဘာလဲ
## သို့မဟုတ်
# ရှင်းတမ်းကို ရှင်းခြင်း (၉)

နယူးယောက်တိုင်းသတင်းစာမှ နယ်ချဲ့အင်္ဂလိပ်တို့ ရေးသားခဲ့သည့် လုပ်ကြံဝါဒဖြန့် လိမ်စာညာစာများကား ဖြစ်ရပ်မှန်များနှင့် လုံးဝခြားနားကာ ယုတ္တိမဲ့လွန်းလှသည်ဟု မိမိအနေနှင့် ရေးချင်သည်။

ပုဂ္ဂိုလ်အနေဖြင့်ကြည့်လျှင် သီပေါဘုရင်သည် မည်သို့သော လူစားနည်း။ သီပေါဘုရင်၏ ဗီဇစရိုက်၊ ကိုယ်ကျင့်တရား။ ပင်ကိုစိတ်ရင်း စသည်နှင့် ပတ်သက်၍ ဘုရင်မဖြစ်သေးမီ မင်းသားငယ်ဘဝ ငယ်စရိုက်၊ ငယ်အကျင့်တို့ကို အသေအချာ လေ့လာမည်ဆိုပါက ထိုခါမင်းသားကား နူးညံ့သိမ်မွေ့ အေးဆေးပြီး ကိုယ်ကျင့်တရားကောင်းသူ၊ ဗုဒ္ဓ၏အဆုံးအမအောက်တွင် လိမ္မာယဉ်ကျေးကာ ဘာသာတရားကို စိတ်ရောကိုယ်ပါ သက်ဝင်ယုံကြည် ရိုသေကိုင်းရှိုင်းသူ၊ ခမည်းတော် မင်းတုန်းမင်းတရားကဲ့သို့ပင် သာသနာတော်အရေးကို အလေးထားခဲ့သည့် ဘုရင်အဖြစ် တွေ့မြင်ကြရမည် ဖြစ်သည်။ ထို့ကြောင့်ပင် မင်းသားများထဲတွင် စာအတော်ဆုံးလည်း ဖြစ်၍ စိတ်နှလုံးနူးညံ့



www.burmeseclassic.com

www.burmeseclassic.com



သိမ်မွေ့ပြီး ကိုယ်ကျင့်တရားကောင်းမွန်ခဲ့သည့်အတွက် ခမည်းတော် မင်းတုန်းဘုရင်ကချစ်သည့် သားတော် ဖြစ်ခဲ့ရသည် မဟုတ်ပါလား။

ယခုတော့ ကြည့်၊ နယ်ချဲ့တို့ရေးလိုက်ပုံက သီပေါဘုရင်ကို သွေးဆာရက်စက်သည့် လူသတ်ဘုရင်အဖြစ် ကမ္ဘာက မြင်စရာဖြစ်နေသည်။ သူတို့ကိုယ်သူတို့ လူမျိုးကြီးဆိုသူတို့ ကောက်ကျစ်ယုတ်မာပုံက ဆိုးလွန်းလှလေစွ။

နောက်တစ်ချက်က ထေရဝါဒဗုဒ္ဓဘာသာကို သူတို့ စော်ကားထိခိုက်ခြင်းပင်။ အကျဉ်းထောင်မှ ထုတ်ယူခဲ့သည့် မင်းညီမင်းသားများကို သာမန်ဗုဒ္ဓဘာသာလုပ်ဟန်အတိုင်း သုတ်သင်ကြသည်ဟု ရေးလိုက်ပုံက မိမိတို့၏ဘာသာကို ရိုင်းပျစွာ တရားလွန် ထိခိုက်စော်ကားထားခြင်းဟု ဆိုချင်သည်။ မိမိတို့ ကိုးကွယ်ယုံကြည်သက်ဝင်သည့် ထေရဝါဒဗုဒ္ဓဘာသာ၏ အဆုံးအမတရားတွင် 'သူ့အသက်သတ်ရန် ရှောင်ကြဉ်ခြင်း'က ပါရှိပြီး ဖြစ်သည်။ ယခုတော့ ...

နောက်တစ်ချက် ရေးရဦးမည်က သူတို့က သီပေါဘုရင်ကို အရက်သမားယစ်ထုပ်ကြီးအဖြစ် ကမ္ဘာက မြင်လာအောင် လုပ်ကြံဝါဒဖြန့် ရေးသားခဲ့ကြခြင်းပင် ဖြစ်သည်။ မဟုတ်မမှန် ကောလာဟလများ ထုတ်လွှင့်၍ မြန်မာဘုရင်နှင့် မြန်မာတို့ဂုဏ်သတင်းညှိုးငယ်စေရန် ဝါဒဖြန့်လက်နက်ကို အသုံးချ၍ ရေးသားခဲ့ပုံများကို ပြန်လည်ဖော်ပြရလျှင် ဖော်ပြ၍ဆုံးနိုင်တော့မည် မဟုတ်ပေ။ သူတို့သတင်းစာတွင် ခေါင်းစဉ်တပ်ထားပုံအချို့ကိုပင် ကြည့်။ 'မြန်မာပြည်၏ သေသောက်ကြူးဘုရင်'၊ 'လူမဆန်အောင် ကြမ်းကြုတ်သော မြန်မာဘုရင်' 'နောက်ဆုံးတီထွင်လိုက်သည့် သီပေါဘုရင်၏ အရူးထသောင်းကျန်းမှုတစ်ရပ်' စသည်စသည်ဖြင့်။

ထိုမမှန်သတင်းရေးသားချက်တို့နှင့် ပတ်သက်၍ ပါတော်မူ



www.burmeseclassic.com

www.burmeseclassic.com



တွေ့မည့်အချိန်တွင် ရတနာပုံနေပြည်တော်သို့ ကာနယ်စလေဒင်နှင့် လိုက်ပါလာသည့် နိုင်ငံခြားသတင်းထောက်များကို သီပေါဘုရင်က ဤသို့ရှင်းလင်းပြောကြားခဲ့သည်။ သီပေါရှင်းတမ်းဟု ဆိုရမည်။

"သင်တို့ကို ပြောချင်ရှင်းပြချင်တာက သင်တို့အင်္ဂလိပ်တွေက ကျွန်ုပ်ရဲ့ဆွေတော်မျိုးတော် မင်းညီမင်းသားတွေကို ကျွန်ုပ်က သတ်တယ်လို့ ထင်နေကြတယ်၊ ဒါ မဟုတ်ပါဘူး။ ကျွန်ုပ်ကိုလည်း ဖမ်းထားတာပဲ၊ သူတို့အားလုံး လူသတ်သမားတွေလက်ချက်နဲ့ ကျဆုံးကြရတာပါ။ ကျွန်ုပ်ကိုယ်တိုင် အသတ်မခံရတာက ကျွန်ုပ်ဟာ အင်မတန်အေးတဲ့ သားတော်ပါလို့ ကျွန်ုပ်မယ်တော် နတ်ရွာစံမိဖုရားကြီးကို မိန့်ကြားခဲ့တဲ့စကားကြောင့်ပါ။ ပုဏ္ဏားတော်တွေက စာတာဖွဲ့ကြတော့လည်း ကျွန်ုပ်ဇာတာဟာ ရှေ့ဆုံးက ထွက်လာတာပဲ၊ မှန်တာကို ပြောရရင် ကျွန်ုပ်ဟာ ဘုရင်တော့ ဖြစ်ခဲ့ပါတယ်၊ ဒါပေမယ့် ဘုရင်ဖြစ်ပြီးလို့ (၇)လကြာတဲ့အထိ ကျွန်ုပ်ဟာ ဘယ်အထဲမှာမှ မပါခဲ့ရဘူး။ ဆွေတော်မျိုးတော်တွေကို မသတ်ပါနဲ့၊ အကျဉ်းပဲ ချထားပါလို့ ကျွန်ုပ်က အမိန့်ပေးခဲ့ပါတယ်၊ ဒါက နိုင်ငံတော်မှာ ဆူဆူပူပူ မဖြစ်အောင်လို့ပဲ၊ ဒါပေမယ့် မင်းညီမင်းသားတွေကို သတ်ဖို့ ဝန်ကြီးတွေက အမိန့်ပေးတော့ ကျွန်ုပ် ဒါတွေကို မသိခဲ့ရဘူး။ (၈)လကြာတဲ့အခါမှာ မင်းညီမင်းသားတွေကို သတ်ခဲ့တဲ့ ရနောင်မင်းသားက ကျွန်ုပ်ကိုလည်း သတ်ဖို့ကြိုးစားခဲ့သေးတယ်၊ သင်တို့အင်္ဂလိပ်တွေက ဘာမဆို ကျွန်ုပ်လုပ်တာလို့ အထင်ရှိနေကြတယ်၊ ကျွန်ုပ်နောက်မှာ ဘာတွေ ဖြစ်ခဲ့တယ်ဆိုတာကိုတော့ မှန်မှန်ကန်ကန် မသိကြဘူး။ နောက်ပြီး ကျွန်ုပ်ကို သင်တို့အင်္ဂလိပ်တွေက အရက်သေစာသောက်စားတဲ့ဘုရင်လို့ ပြောကြတယ်၊ ဒါလည်း လုံးဝမမှန်ဘူး။ ကျွန်ုပ် အရက်သမားမဟုတ်ဘူးဆိုတာ သင်တို့တွေ သိစေချင်ပါတယ်၊ ကျွန်ုပ်ဟာ ဘာသာတရားကို ကိုင်းရှိုင်းတဲ့ ဗုဒ္ဓဘာသာဝင်တစ်ဦးပါ"



www.burmeseclassic.com

www.burmeseclassic.com



ယင်းကိစ္စတို့နှင့် ပတ်သက်၍ စုဖုရားလတ်ကလည်း မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာချိန်တွင် သမိုင်းပညာရှင်တစ်ဦးဖြစ်သည့် ကထိက ဦးသက်တင်ကို ရှင်းလင်းပြောကြားခဲ့သည်။

"မောင်တော်ဘုရားဟာ ရတနာသုံးပါးကို အလွန်ကြည်ညို ပါတယ်၊ ငါးပါးသီလမြဲပါတယ်၊ ဖြဟ္မစိုရ်တရားလေးပါးနဲ့လည်း ပြည့်စုံ ပါတယ်၊ မင်းဖြစ်ပြီး မကြာခင် ရှစ်ပါးသီလ တစ်လပတ်လုံး ကျင့်သုံး ဆောက်တည်ပါတယ်၊ မောင်တော်၏ စိတ်နှလုံးနူးညံ့သိမ်မွေ့ပုံကို အင်္ဂလိပ်ဘုရင်ခံချုပ်များကိုယ်တိုင် ချီးမွမ်းကြောင်းကို အကျယ်ချုပ် အရာရှိများကိုယ်တိုင် ပြောကြပါတယ်၊ မင်းသားတွေကို သတ်ပြီး နောက် တစ်နေ့မှာ ရက်စွဲကိုတော့ စုဖုရား မမှတ်မိတော့ဘူး။ ညီလာခံတွင် မင်းညီမင်းသား မှူးမတ်ကြီးများသို့ မောင်တော်၏ ပယောဂအနည်း ငယ်မျှ မပါကြောင်း ရှင်းလင်းမိန့်ကြားပြီး အကုသိုလ်ပြုလျှင် ဘယ် ကဲ့သို့ အပြစ်ရှိသည်များကို မောင်တော် တရားဟောကြားပါသေး တယ်၊ မောင်တော်မသိဘဲ ဝန်ကြီး၊ အတွင်းဝန်၊ လက်သုံးတော်တို့ မည်သူ့ကိုမှ သေဒဏ်မပေးရလို့ အမိန့်တော်ထုတ်ပါသေးတယ်"

ဤမျှလောက်ဆိုလျှင် နယ်ချဲ့တို့ မည်မျှလောက် လိမ်စာ ညာစာများ ရေးပြီး အမျိုးမျိုး လုပ်ကြံဝါဒဖြန့်ခဲ့ကြကြောင်းကို သိ လောက်ပြီ ထင်ပါသည်။ နယ်ချဲ့က ၎င်းတို့ မြန်မာပြည်ကို သိမ်းယူ လိုက်ခြင်းအတွက် ကမ္ဘာက တရားသည်ဟု ထင်စေလိုကြသည်။ အမှန်ကို အမှား၊ အမှားကို အမှန် ကမ္ဘာကို လှည့်စားကြသည်။ နယ်ချဲ့စာရေးဆရာတွေကလည်း ဝတ္ထုသွားပုံစံတွေဖြင့် တစ်နည်း ပါတော်မူရခြင်းနှင့် ပတ်သက်၍ လိုရာဆွဲရေး ဆောင်းပါးတွေဖြင့် တစ်သွယ် ကလောင်လိမ်တွေဖြင့် လုပ်ကြံရေးသား ဝါဒဖြန့်ခဲ့ကြသည်။ သူတို့တွေက မှန်သယောင် သူ့မိုးက လူလူဟာစ်ခဲ့ကြသည်။ ဒါကိုပင်



www.burmeseclassic.com

www.burmeseclassic.com



မြန်မာစာရေးဆရာအချို့ကလည်း ဖျက်ဆွေးတစ်ဆုံးမကြည့်၊ ငွေမျက်နှာတစ်ခုကိုပဲ ကြည့်ကာ အရင်းအတိုင်း ဘာသာပြန်ပေးလိုက်ကြတော့ တိုင်းတစ်ပါးကိုမှ အထင်ကြီးချင်သူတွေက အဟုတ်ကြီးမှတ်ကာ အများကို အမှန်ထင်လျက် မြန်မာမှာ နေ၊ မြန်မာက မွေး၊ မြန်မာဆန်ကို စားနေသူတွေဖြစ်ပါလျက် မြန်မာဘုရင်၊ မြန်မာမိဖုရားနှင့် ရှေးခေတ် မြန်မာစစ်တပ်တွေကိုပါ အထင်သေး၊ အမြင်သေး ဖြစ်ကုန်ကြသည်။

တချို့က ဆိုကြသည်။ မြန်မာဘုရင်ညံ့ဖျင်းလို့၊ အရည်အချင်း မရှိလို့၊ မိဖုရားမကောင်းလို့၊ မိဖုရားကြောင့် တိုင်းပြည်လက်လွှတ် ဆုံးရှုံးရသည် စသည်စသည်ဖြင့်။ "ခုဗုဒ္ဓလတ်ရှင်းတမ်းနှင့် ပါတော်မူ ဖြစ်ရပ်များ"စာအုပ်တွင် အမှာအနေဖြင့် မိမိရေးခဲ့ပြီး ဖြစ်ပါသည်။ မြန်မာတွေ ဘာကြောင့်ကျွန်ဖြစ်ရသလဲ။ အကြောင်းရင်းခံက ဘာလဲ။

မိမိရေးခဲ့သည်က "တရားခံအစစ်က တစ်ဦးတည်းပါ။ ထို အချိန် ထိုကာလတွင် မြန်မာမင်း ဘယ်မင်းပဲ တက်လာလာ၊ တရားခံ အစစ်ဖြစ်သည့် နယ်ချဲ့ကျွန်းငစဉ်းလဲက နှစ်ကြိမ်တိုင်တိုင် အနိုင်အထက် ဘူ၍ ဝါးမျိုခဲ့ပြီးနောက် သုံးပုံတစ်ပုံသာ ကျန်ရှိတော့သည့် အထက် မြန်မာနိုင်ငံကွက်ကွက်ကလေးကို ဆက်လက်ဝါးမျိုးဖို့ရန် အသင့်ပြင် ထားပြီ ဖြစ်နေပါပြီ" ဟူ၍ ဖြစ်သည်။

မြန်မာပြည်ကို သိမ်းယူခြင်းနှင့် ပတ်သက်၍ ဒေါ်ရောသီဝုဒ် ကလည်း သူမ၏ The Making of Burma စာအုပ်တွင် နယ်ချဲ့တို့ ချုပ်ချုပ်ဖုံးအုပ်ထားသော အချက်အလက်များကို မှုရင်းစာများ ကိုးကား ၍ အမှန်အတိုင်း ထုတ်ဖော်ဖွင့်ချခဲ့သည်။

၎င်းက "၁၈၈၆ ခုနှစ်တွင် အထက်မြန်မာပြည်ကို သိမ်းပိုက် လိုက်ရာ၌ သီပေါဘုရင်က ဗြိတိသျှတို့အား ရန်သူကဲ့သို့ မှုခဲ့သော စိတ်သဘောထား။ မိဖုရားခေါင်ကြီး၏ ရက်စက်ကြမ်းကြုတ်မှု၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းသစ်အရောင်းအဝယ်စာချုပ်ကိစ္စ မပြေလည်ခြင်း စသည့်အချက်များကို လည်းကောင်း၊ ပြင်သစ်ကုန်သည်များ ယှဉ်ပြိုင်ဝင်ရောက်လာမှုကို လည်းကောင်း၊ ဆင်ခြေပေး၍ အကြောင်းပြနေစရာမလိုပါ။ ဤအခြင်းအရာများသည် အထက်မြန်မာပြည် သိမ်းပိုက်ယူရန် အချိန်ပိုင်းကို ဆုံးဖြတ်ရာ၌ အရေးကြီးခဲ့ပါ၏။ သို့ရာတွင် သိမ်းပိုက်ယူရခြင်း၏ အကြောင်းရင်းများ မဟုတ်ခဲ့ပါချေ။

မြန်မာပြည်အပေါ်တွင် ထားရှိသော ဗြိတိသျှကိုလိုနီဝါဒလမ်းစဉ်အတိုင်း အပြီးအပိုင် သိမ်းပိုက်ခြင်းမှာ မလွှဲမသွေ ပြုလုပ်ရမည့် နိဂုံးချုပ်လုပ်ငန်းရပ်တစ်ခုသာ ဖြစ်ပေသည်။ မင်းတုန်းဘုရင်မင်းမြတ်သည် မိမိတိုင်းနိုင်ငံတစ်ဝက်ကျော်ကျော်ကို သိမ်းပိုက်ထားသော တိုင်းတစ်ပါးသားများနှင့် အတူတကွ ယှဉ်တွဲနေထိုင်မှုကို သည်းခံကျင့်သုံးနေစဉ်မှာပင် ဗြိတိသျှနိုင်ငံ၌ နယ်ချဲ့သမားများသည် မြန်မာပြည်ကို အပြီးအပိုင်သိမ်းပိုက်ယူရန် အလေးအနက် စဉ်းစားဆုံးဖြတ်ပြီးခဲ့ကြချေပြီ။ ဤသို့ ဆုံးဖြတ်ရာတွင် ဗြိတိသျှကုန်သည်ကြီးများ၏ တိုက်တွန်းမှုသည် အပြင်းထန်ဆုံး ဖြစ်ခဲ့သည်”ဟု ရေးသားခဲ့ခြင်းပင် ဖြစ်သည်။

မိမိ (၉)လတိုင်တိုင် ရေးသားလာခဲ့သည့် ဤဆောင်းပါးကို ယခုလနိဂုံးချုပ် ရေးရမည်ဆိုလျှင် ယခုဆောင်းပါးကို ရေးနေရင်းက မိမိ မှတ်မှတ်ထင်ထင် သတိတရဖြစ်လာရသည်က မိဖုရားစုဖုရားလတ်၏ မိန့်ဆိုစကား။

မိဖုရား၏စကားကား ဓမ္မသံဝေဂတို့ဖြင့်။

“တစ်ဆယ့်ကိုးနှစ်သမီးတွင် မိဖုရားခေါင်ဖြစ်၊ နှစ်ဆယ့်ခြောက်နှစ်မှာ နန်းမှ လျော၊ ရတနာဂီရိရောက်၊ ငါးဆယ့်ခြောက်နှစ်မှာ မုဆိုးမဖြစ်၊ အခု ပုလဲစင်ကုန်းရောက်နေပြီပေါ့။ စုဖုရား...တော့ ဗုဒ်...



www.burmeseclassic.com

www.burmeseclassic.com



ဟောလို့ အမည်ပေးထားတယ်၊ နန်းမှ ရိပ်သာသို့ ဆင်း၊ ရိပ်သာမှ အိမ်သို့ သက်၊ တစ်ဆင်းတည်းဆင်းလာခဲ့တာ သုံးဆယ့်ခုနစ်နှစ် ရှိပြီ ပေါ့၊ သံဝေဂရနေတာ အဲဒီလောက်ကြာပြီ၊ အနိစ္စတရားကို တခြားမှာ ရှာစရာမလို၊ စုဖုရားကိုယ်တိုင် ကိုယ်တွေ့ဖြစ်နေပြီ၊ အင်္ဂလိပ်တို့ စိုးမိုး ခြင်းကို ပြင်သစ်နဲ့ပေါင်းပြီး တော်လှန်ချင်တဲ့ မောင်နဲ့ စုဖုရားတို့ဟာ ဖြစ်ချင်တိုင်းမဖြစ်၊ မဖြစ်ချင်တာ ဖြစ်နေခဲ့ရတယ်၊ မွေးတုန်းကတော့ လွတ်လပ်တဲ့ မြန်မာမိန်းကလေးတစ်ယောက်ပေါ့၊ အင်္ဂလိပ်ကျွန်အဖြစ် နဲ့ သေရမှာ စက်ဆုပ်လှပါတယ်ကွယ်”

ကုန်းဘောင်ဆက် နောက်ဆုံးမင်း သီပေါဘုရင်နှင့် မိဖုရား ခေါင် စုဖုရားလတ်တို့၏ ဘဝကား အတက်အကျ၊ အကွေ့အလှည့် ပေါင်းများစွာဖြင့်ဟု ဆိုရလိမ့်မည်။ သမိုင်းပုံရိပ် အမှတ်ထင်စရာတွေ သလည်း များလွန်းလှလေစွ။ သမိုင်းဆရာတို့ ရေးကြမည်ဆိုက ရေး ဆုံးနိုင်အောင်ပင်။

နောက်ဆုံး မိမိကမူ ဤသို့ စဉ်းစားမိသည်။ ကုန်းဘောင် ဆက် နောက်ဆုံးမင်းအဖြစ် သီပေါက မရွယ်ဘဲ မင်းဖြစ်လာသည်။ သီပေါက ပလ္လင်မြင့်သို့ အဆင်သင့်ရောက်လာ၍လည်း စုဖုရားလတ် သလည်း မထင်မှတ်ဘဲ မိဖုရားခေါင် ဖြစ်လာခဲ့ရသည်။ သို့သော် နန်းဝင်ချိန်တွင် အဝေးရပ်၌ နှစ်ပေါင်းများစွာ အကျဉ်းစံဘဝဖြင့်။ မိမိ တို့၏ အချစ်ဆုံးသမီးတော်နှစ်ပါးမှာလည်း မဖြစ်သင့်သူတွေ၊ မတန် ရာတွေနှင့် ဖြစ်ခဲ့ရပြီ။ အကျဉ်းစံဘုရင်နှင့် မိဖုရားတို့အဖို့ ဘဝ၏ နောက်ဆုံးနေဝင်ချိန်များတွင် စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်း များ ကြီးစွာဖြင့်။

တွေးမိသလို မိမိရေးလိုက်ချင်သည်က ဤသို့။

သီပေါနှင့် စုဖုရားလတ်တို့အဖို့ နယ်ချဲ့ကျားစဉ်းလဲတို့၏



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်က လက်တစ်ကမ်းသို့ ရောက်နေချိန်တွင် မင်းနှင့် မိဖုရားဖြစ်လာခဲ့ရသည်မှာ ... သူတို့အတွက် ကံဆိုးခြင်းလား၊ ကံကောင်းခြင်းလားဟူ၍ပင် ခံစားစာနာမိရင်းမှ ဆောင်းပါးကို အဆုံးသတ်လိုက်ပါသည်။

ကိုးကားသည့်စာအုပ်များ

၁။ သမိုင်းဆိုင်ရာမှတ်စုများ — ကထိက ဦးသက်တင်

၂။ သီပေါမင်းနှင့်
နယူးယောက်တိုင်းသတင်းစာ — ဦးကိုကိုလေး

၃။ သီပေါမင်းပါတော်မူအရေးတော်ပုံ — ဦးဖိုးကျား

● ● ●



www.burmeseclassic.com

www.burmeseclassic.com

# အမှန်တရားဆိုင်ရာ
# အတွေးအမြင်များ

www.burmeseclassic.com

www.burmeseclassic.com

# ခဲဇစ်ကြသူများ

လူငယ်နှစ်ယောက်ရှိ၏။ သူတို့လက်၌ ခဲတစ်လုံးစီ ကိုင်ထား၏။ သူတို့ရှေ့၌ကား သစ်ပင်တစ်ပင်။ တစ်ဦးက ... လက်မှ ခဲကို သစ်ပင်ထိပ်ဖျားသို့ ပစ်ရန်ကြံ၏။ ကျန်တစ်ဦးကမူ ထိုသို့မဟုတ်။ မိုးသို့ပစ်ရန် ချိန်မှန်း၏။ သို့ဆိုပါလျှင် ... ထိုလူငယ်နှစ်ဦး ပစ်အပ်သော ခဲများတွင် မည်သူ၏ခဲက ပို၍အမြင့်သို့ ရောက်နိုင်မည်ကို သင်စဉ်းစားပါလေ။ ရှေးနိတိဆရာပညာရှင်၏ လမ်းညွှန်ဖြစ်ပါ၏။

မောင်ကနှင့် မောင်ခဟု ဆိုကြပါစို့။

မောင်ကသည် ငယ်စဉ်ကပင် ဘဝမှန်းထားချက် ကြီးမြင့်ခဲ့သူ။ တစ်နေ့တွင် သူမှန်းထားသော ကြီးမြင့်သည့်ဘဝသို့ ရောက်ရှိရမည်ဟု ယုံလည်းယုံကြည်ခဲ့သူ။ သူ့တွင် တစ်ချိန်အောင်မြင်ရမည်ဆိုသည့် အောင်စိတ်လည်း ရှိ၏။ ရည်မှန်းချက်ကလည်း သံမဏိကဲ့သို့ မာ၏။ ခိုင်၏။ ငယ်စဉ်ကပင် ပြောင်းလဲခြင်းမရှိ။ ဘဝရည်မှန်းချက်တစ်ခုတည်းကိုသာ ဖောက်ချ၏။

နောက်တစ်ယောက်က မောင်ခ။

သူလည်း ရည်မှန်းချက်တော့ ရှိသူ။ ဒါပေမယ့် တစ်ခုတည်း



www.burmeseclassic.com

www.burmeseclassic.com



တော့ သတ်သတ်မှတ်မှတ်မဟုတ်။ နှစ်မျိုးသုံးမျိုး ဖြစ်နေသည်။ စိတ်ကူးကလည်း ယဉ်သည်။ သူဖြစ်ချင်တာတွေကို အမြဲတမ်း စိတ်ကူးယဉ်နေသူ။ တွက်ရေးကတော့ စက်သူဌေး။

မောင်ကသည် ငယ်စဉ်ကပင် ကြိုးစားသူ။ သူလက်ခံကျင့်သုံးသည့် အဆိုအမိန့်က ဤသို့ဖြစ်သည်။ "ကြိုးစားခြင်းသည် ရှေ့မှ သွားနေပါလျှင် လှပယ်ကျူခြင်း၊ အောင်မြင်ခြင်းတို့သည် နောက်မှ အလိုလို လိုက်ပါလာလိမ့်မည်"။ နောက်တစ်ခုကလည်း ရှိသေး၏။ "ခုနစ်ကြိမ်လဲလျှင် ရှစ်ကြိမ်ထမည်" ဆိုသည့် ဂျပန်စကားပုံ ဖြစ်သည်။

သူသည် လူငယ်ဘဝမှစပြီး ယင်းအဆိုအမိန့်နှင့် စကားပုံကို သက်ကိုင်ထား ကြိုးစားခဲ့သည်။ စိတ်ဓာတ်ကလည်း "ငါ မဖြစ်လျှင် မနေ၊ မဖြစ်လျှင် မသေ" ဆိုသည့် စိတ်ဓာတ်။ အရှုံးတွေ လာစမ်း။ အဖျက်တွေ လာစမ်း။ ငါ ကြံ့ကြံ့ခံမည်၊ ငါလဲရင်လည်း မရရအောင် ငါ ပြန်ထမည်။ သူက ရှင်ရဲထွတ် (ဘုရင့်နောင်) ကဲ့သို့ စိတ်ဓာတ်။ သခုဖော်ပြသည့် ကဗျာအတိုင်း ကျင့်ကြံသည်။

မှောင်ချင်သလောက်သာ
မှောင်လိုက်စမ်း။
အမှောင်ရဲ့အဆုံးသည်
တစ်နေ့ရောက်ရှိရမည်မလွဲ။
ပုတ္တိုလ်ကျော်များ
လမ်းပြသွားခဲ့ကြပြီ။
နောင်ရီးတိုက်ပွဲ
ဖောင်ဖျက်နွှဲဝံ့
ရှင်ရဲထွတ်လိုလူ
အလံဖြူဆို မတင်စတမ်း။



www.burmeseclassic.com

www.burmeseclassic.com



ထုပေသားကျ
ဘဝသည်အမာ
အိပ်မက်မဟုတ်၊ ပန်းမဟုတ်။
အဘိဓမ္မာထုံး
တစ်သက်လုံးပေ့
"အရှုံးပေးဖို့ လူဖြစ်လာတာ မဟုတ်ဘူး"

မောင်ခကမှ မောင်ကနှင့် ဆန့်ကျင်ဘက်။ သူဖြစ်ချင်တာက နှစ်မျိုးသုံးမျိုးလောက် ဖြစ်နေသည်။ လုပ်တော့လည်း လုပ်သည်။ သို့သော် စခဲ့ပြီးအလုပ်ကို ပြီးဆုံးအောင် မလုပ်တာက ခက်သည်။ တစ်ပိုင်းတစ်စတွေက များသည်။ ကြိုးစားပုံကျတော့လည်း အပင်ပန်း ခံပြီး ကြိုးစားသည်မဟုတ်။ စိတ်ရှည်သည်မဟုတ်။ ကြိုးစားမှုက သင့်ရုံမျှသာ။ တစ်ကြိမ်နှစ်ကြိမ်လောက် မအောင်မြင်လျှင် စိတ်ဓာတ်က လျှော့ကျသွားပြီ။ ဆက်မကြိုးစားချင်တော့။ ဇွဲကို မဆောင်။

အစ်ကိုက အပင်ပန်းမခံတာပဲ ဖြစ်သည်။ သူလုပ်လျှင် လွယ်လွယ်ကူကူနှင့် အောင်မြင်လိမ့်မည်ဟု ထင်ခဲ့သော်လည်း တကယ်တန်း လက်တွေ့လုပ်ရာတွင်တော့ သူလိုလူအတွက် အခက်တွေသာ ဖြစ်နေ သည်။ စိတ်ကူးခဲ့သည့် အိပ်မက်များနှင့် တကယ့်လက်တွေ့ဘဝကား တခြားစီ။ သူလို ဇွဲပျော့သည့်လူစားအတွက်ကတော့ စိတ်ဓာတ်ကျစရာ တွေချည်း ဖြစ်နေပြီ။

မောင်ကကတော့ ထိုသို့မဟုတ်။ "ဖြစ်သင့်ဖြစ်ထိုက်တာကို အစွမ်းကုန်ကြိုးစားရမှာက ငါ့တာဝန်"။ သူ့ကျင့်စဉ် သူ့ခံယူချက်က ဒါပဲဖြစ်သည်။ အောင်မြင်ခြင်းပန်းတိုင်ကို သွားရာလမ်းမှာ ကံဆိုး ကြမ္မာဆိုး။ ဒုက္ခဆိုးတွေနဲ့ ကြုံနေပါစေ၊ ထမင်းနှစ်နပ်ကို တစ်နပ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



စားပြီး ငါထပ်ကြိုးစားမည်။ မောင်ကက သည်လိုစိတ်မာတတ်မျိုး။ တကယ်လည်း ဝတ်ခဲ့ပြတ်ခဲ့သည်။ သူမနေကျောမှာ ဒဏ်ရာတွေနှင့် ဆိုတာလို လောကစံ၏ အထုအထောင်းအောက်မှာ ဒုက္ခတွေကို ရင်ဆိုင်ခဲ့သည်။ သူက ရှေ့သို့သမား။ ဖောင်ဖျက်နွံဝှံသည့် ရှင်ရဲထွတ် လိုလူ။

ပြီးတော့ ကိုယ့်ကိုယ်ကို အမြဲဝေဖန်ရေးလုပ်သည်။ ငါ့မှာ ဘာတွေချို့ယွင်းနေလဲ။ ဘာအားနည်းချက်တွေ ရှိနေလဲ။ ငါ့တက်လမ်း အတွက် ငါ ဘာတွေပြုပြင်ရမလဲ။ ငါ့အမှားတွေက ဘာလဲ။ ကိုယ့် ကိုယ်ကို ပြန်မေးပြီး ချို့ယွင်းချက်၊ အားနည်းချက်နှင့် အမှားတွေကို တွေ့သည်နှင့် ချက်ချင်းပြုပြင်သည်။ အတွေ့အကြုံထဲမှ ရလာသည့် သင်ခန်းစာတွေကိုလည်း ရအောင်ယူသည်။ နောက်သည်လို ထပ်မဖြစ် စေရ။

မောင်ခကမူ သူ့ကိုယ်ကို အမြဲဖြေတွေးသည်။ လျော့တွေး သည်။ သူ့မှာ အမှားမရှိ၊ ချို့ယွင်းချက်၊ အားနည်းချက် မရှိ။ သူသည် အမြဲမှန်နေသူဟု ကိုယ့်စိတ်ကို ပြန်လိမ်ညာနေသည်။ ဘယ်တော့မှ ကိုယ့်ကိုကိုယ် ဝေဖန်ရေးမလုပ်။ ကိုယ့်အပြစ်ကို ဝန်မခံ။ (လောက တွင် သည်လိုလူတွေက များသည်။)

အမှားနှင့် ပတ်သက်၍ အမေရိကန်နိုင်ငံမှ ကုမ္ပဏီဥက္ကဋ္ဌ တစ်ဦးက ယခုကဲ့သို့ ဆိုခဲ့သည်။ "အလုပ်လုပ်သူတိုင်း အမှားရှိတယ်၊ အမှားလုပ်မိမှာကို ကြောက်တာ၊ မိမိအမှားကို ဝန်မခံရဲတဲ့လူဟာ အောင် မြင်မှုနဲ့ ဝေးနေတဲ့သူပဲ၊ အမှားမလုပ်ဖူးတဲ့လူဟာ အလုပ်မလုပ်သေးတဲ့ သူပဲ ဖြစ်တယ်၊ ကမ္ဘာကျော်ဆိုတဲ့လူတွေအားလုံးလည်း အမှားတွေကို လုပ်ခဲ့ကြတာပဲ၊ အယ်ဒီဆင်ဆိုတဲ့ပုဂ္ဂိုလ်ဆိုရင် တီထွင်တဲ့လုပ်ငန်းတွေ မှာ အမှားပေါင်းများစွာနဲ့ပါ" ဟု။



www.burmeseclassic.com

www.burmeseclassic.com



မောင်ကသည် ရည်မှန်းချက်တစ်ခုတည်းအပေါ်မှာ ကြိုးစားမှုကို မရပ်နားခဲ့တော့ သူလုပ်နေသည့်အလုပ်တွင် ကျွမ်းကျင်လာသည်။ အရည်အချင်းက ပြည့်စုံသထက် ပြည့်စုံလာသည်။ ရေးရလျှင် သက်လတ်ပိုင်းအရွယ်တွင် အောင်မြင်မှုတွေကို စရလာခဲ့သည်။ ဆက်ကြိုးစားလိုက်တော့ အောင်မြင်သူတစ်ဦး ဖြစ်လာခဲ့ရပြီ။

သူက အာရုံပျက်ပြားမှုတွေကို ရှောင်သည်။ အိပ်ချိန်၊ စားချိန်၊ အနားယူချိန်မှလွဲ၍ အလုပ်ထဲမှာသာ စိတ်နှစ်ခဲ့သူ ဖြစ်သည်။ ပြီးတော့ မောင်ကက ဒုတိယဖြစ်ချင်သူမဟုတ်။ ရထားသည့် အောင်မြင်မှုအပေါ် ကျေနပ်နေသူ မဟုတ်။ ပထမထက်တောင် ပိုချင်သူ။ မိုးကို ချိန်ပစ်သည့် မဲပစ်သမား။ သူ ခြေချသည့်နယ်မြေတွင် အတော်ဆုံးလူ ဖြစ်ရမည်ဆိုသည့်စိတ်နှင့် မနေမနား ကြိုးစားနေသူ။

မောင်ခကို ကြည့်ပါ။ အရွယ်က သက်လတ်ပိုင်းသာ ရောက်လာပြီ။ ဘာမှမယ်မယ်ရရ ဖြစ်မလာ။ ရည်မှန်းခဲ့တာတွေ တစ်ခုမှ အကောင်အထည်ပေါ်မလာ။ မောင်ကနှင့် ယှဉ်လိုက်လျှင် အဝေးဆုံး တစ်နေရာမှာ ပြတ်ကျန်ရစ်ခဲ့ပြီ။ ရှေ့လည်း မဆက်တော့။ သာမန်လူတစ်ယောက်အနေဖြင့် ရပ်ကျန်ရစ်ခဲ့သူ ဖြစ်သွားပြီ။ မအောင်မြင်သူဟု ဆိုရမည်။

ဤတွင် ကံနှင့် ပတ်သက်၍ အနည်းငယ်ရေးချင်သည်။ ကံသည် အလုပ်၊ အလုပ်သည် ကံ။ မိမိအလုပ်၊ မိမိလုပ်ရပ်ကောင်းလျှင် ကံကောင်းမည်။ မိမိအလုပ်၊ မိမိလုပ်ရပ်မကောင်းပါက ကံကောင်းမည်မဟုတ်။ တချို့က မအောင်မြင်ခဲ့လျှင် မိမိကံမကောင်း။ ကံအကျိုးမပေးဘူးဟု ဆိုကြသည်။ မိမိကိုယ်ကို မိမိမဝေဖန်၊ မိမိညံ့ကွက်၊ မိမိချို့ယွင်းချက်ကို မရှာ။ ကံကိုသာ အပြစ်ပုံကြသည်။ အပြစ်သည် မိမိကိုယ်၌ဖြစ်သော်လည်း ကိုယ့်ကိုယ်ကိုကျတော့ မမြင်ဟန် ဖျောက်ကွယ်ဖြုံကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသည်တို့မှာ အောင်မြင်သူနှင့် မအောင်မြင်သူ၏ မတူညီခြားနားခြင်းများနှင့် အောင်မြင်ခြင်းနှင့် မအောင်မြင်ခြင်းတို့၏ အကြောင်းရင်းခံများပင် ဖြစ်သည်။ တကယ်တော့ အောင်မြင်ခြင်းသည် အလွယ်တွေး၍မက်သော စိတ်ကူးအိပ်မက်များမဟုတ်။ ရွှေတောင်တက်ဘဝလည်း မဟုတ်ပါ။ ရွေးနှင့်ရင်းကာ မနေမနား ကြိုးစားခြင်းသည်သာ ထာဝရ။ ကြိုးစားပါ။ မအောင်မြင်လျှင် ထပ်၍ကြိုးစားပါ။ အောင်မြင်လာလျှင်လည်း ယခုထက်ပို၍ အောင်မြင်အောင် ကြိုးစားနေရမည်မှာ အောင်မြင်သူတို့၏ ကျင့်စဉ်ဟု ဆိုချင်ပါသည်။

• • •



www.burmeseclassic.com

www.burmeseclassic.com

# လူတိုင်းမှားကြသည် သို့သော် . . .

## အသိနှင့် သတိ

လူတစ်ယောက်၏ သက်ရှိထင်ရှားဘဝတွင် အရေးအကြီးဆုံး အရာနှစ်ခု။ "အသိ"ဆိုသည်က သိမှုအသိတရား။ ထို့ထက်ဆိုရလျှင် ကျိုးကြောင်းမြော်မြင်နိုင်သည့် အသိပညာ။ ကောင်းသည်ကို ကောင်းသည့်အလျောက် သိမှု။ မကောင်းသည်ကိုလည်း မကောင်းသည့်အလျောက် သိမှု။ အဓိကမှာ ကောင်းသည်ကိုဆောင်၍ မကောင်းသည်ကို ရှောင်ရန်။ သို့မှသာ ဘဝတွင် နေပျော်သည့်လူ။ လူ့အသိုင်းအဝန်းတွင် နာမည်တစ်လုံးဖြင့် ရပ်တည်နိုင်သည့် လူကောင်းတစ်ယောက် ဖြစ်နိုင်ပေလိမ့်မည်။

လူဖြစ်လာလျှင် လူတစ်ယောက်အတွက် သတိဆိုသည်က လည်း အရေးကြီးလှပါသည်။ စားသတိ၊ သွားသတိ၊ လာသတိ၊ ပြော သတိ။ "သတိကို လက်ကိုင်၊ ပညာကို လက်ဝဲ"ဆိုသည့် ပညာရှင်တို့၏ ဆိုမိန့်စကားကလည်း ရှိထားသည်မဟုတ်ပါလား။

လူ့လောကကြီးတွင် လူကောင်းတွေချည်း စုပေါင်း၍ နေထိုင် နေကြသည်မဟုတ်။ ဗုဒ္ဓ၏ ဝိဓာနဝတ္ထု အဋ္ဌကထာ၌ ပြဆိုထားသည်ကို တင်ပြရလျှင် လူ၌ လူ လေးမျိုးလေးစား ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(၁) လူငရဲ (မနုဿနေရယိက)
(၂) လူပြိတ္တာ (မနုဿပေတ)
(၃) လူတိရစ္ဆာန် (မနုဿတိရစ္ဆာန)
(၄) လူအစစ်၊ လူအနစ်၊ တကယ့်လူ (ပရမတ္ထမနုဿ)
ဟူ၍ ဖြစ်ပါသည်။

လူငရဲ၊ လူပြိတ္တာ၊ လူတိရစ္ဆာန် ထိုသုံးမျိုးသုံးစားတို့မှာ လူသာဖြစ်လာသည်၊ လူဟုသာ အလွယ်ခေါ်ဆိုနေကြသည်။ မလိုလားအပ်သည့် ပယ်ရမည့် အမျိုးအစားများသာ ဖြစ်ပါ၏။

လူငရဲ (မနုဿနေရယိက) ဆိုသည်မှာ လူပင်ဖြစ်လာသော်လည်း ကောင်းသောအမှု၊ ကောင်းသောအလုပ်ကို မစဉ်းစား၊ အပါယ်ကို မကြောက်၊ ငရဲကို မမှု၊ ဘုရားမကြိုက်သည့် အလုပ်မျိုးကိုမှ လုပ်သူ။ တရားမဲ့လုပ်ရပ်မျိုးကိုမှ မွေ့လျော်သူ။

လူပြိတ္တာ (မနုဿပေတ) မှာမူ လူဖြစ်လာသော်လည်း လူဖြစ်လာရသည့်ဘဝတွင် လူ့အတန်းအဆင့် နံချာ၊ ညှံလွန်းလှစွာ၊ ဆိုးလွန်းလှစွာ၊ စားရမဲ့ သောက်ရမဲ့၊ ဝတ်တစ်လှည့်၊ ပြတ်တစ်လှည့်၊ မွဲတေဆင်းရဲ၊ ဒုက္ခဝဲမှ မလွတ်၊ လူမဖြစ်သည်မှ ကောင်းသေး၏ဟု ဆိုရမည့် အနိမ့်စားမျိုး။

လူတိရစ္ဆာန် (မနုဿတိရစ္ဆာန)ကမူ လူကမွေးလာ၍ လူဟုသာ ခေါ်သည်၊ လူဟုသာ ဆိုသည်။ သုစရိုက်ကို မကြိုက်၊ ဒုစရိုက်အမိုက်သံသရာတွင် မလှပသည့်နလုံးဖြင့် တရားမှုကို မလို၊ အမှန်ဆိုလျှင် အမှား။ လူဖြစ်လာလျှင် လူ့အချင်းချင်း လူလိုသိ လူလိုကျင့်ရမည့် စာနာမှု၊ ညှာတာမှုဆိုသည့် လူ့အသိတရားမရှိ၊ လူ့အကျင့်ကိုအကျင့်ကြံ၊ သိမှုအလိမ္မာ ဉာဏ်အလင်းမဲ့ အမှိုက်တိုက်ဖုံးကာ ပိန်းပိတ်အောင် မှောင်နေသော ထိုလူစား။ တချို့ဆိုလျှင် တိရစ္ဆာန်နှင့် နှိုင်းချင်စရာ တိရစ္ဆာန်က နာရမည့် တိရစ္ဆာန်ထက် မိုက်သည့်လူ။



www.burmeseclassic.com

www.burmeseclassic.com



ဆိုရပါလျှင် လူ့ရဲ၊ လူပြိတ္တာ၊ လူတိရစ္ဆာန် တို့သုံးမျိုးသုံးစား တို့မှာ လူသာဖြစ်လာသည်၊ လူဟူသော အလွယ်ခေါ်ဆိုနေကြသည် မလိုလားအပ်သည့် ပယ်ရမည့် အမျိုးအစားများသာ ဖြစ်ပါ၏။

တကယ်တမ်းဖြစ်ရမည့်လူက လူ့ဘဝကို ရသည်နှင့်အညီ လူပီပီသသ၊ ကောင်းမှန်းသိ၊ ဆိုးမှန်းသိသည့် လူလူချင်း သိတတ်မှု စာနာမှု၊ စိတ်ရင်းကောင်းတို့ဖြင့် အရင်းခံသည့် လူအစစ်၊ လူအနစ် တကယ့်လူ။ တစ်နည်းရေးရလျှင် လူကောင်းတစ်ယောက်ဖြစ်ဖို့ကသာ အဓိက ဖြစ်ပါသည်။

လူတွေနေထိုင်ရာ ဤကမ္ဘာမြေတွင် အားလုံး လူကောင်းတွေ ချည်း မရှိနိုင်သလို လူမိုက်၊ လူဆိုး၊ လူယုတ်မာ စသည်ဖြင့် မကောင်း သည့်လူတွေချည်းလည်း ရှိမနေနိုင်ပါ။ အားလုံး မဆိုးသလို အားလုံး လည်း မကောင်းနိုင်ပါ။ သည်တော့ လူဖြစ်လာ၍ လူ့လောက လူ့ အသိုင်းအဝန်းတွင် လူနှင့်လူချင်း ဆက်ဆံပေါင်းသင်းရာ၌ စာရေးသူ အထက်တွင် ရေးခဲ့သည့်အတိုင်း "အသိနှင့် သတိ"တွင် "သတိ" ကလည်း အရေးကြီးလှပါသည်။ သတိမထားလိုက်မိ၍ သတိလေး တစ်ချက် လွတ်သွား၍၊ မိမိစိတ်နှင့်နှိုင်းကာ ယုံစားလိုက်မိ၍ မှားခဲ့ ကြရ၊ ဆုံးရှုံးခဲ့ကြရ၊ နစ်နာခဲ့ကြရသည့် ဖြစ်စဉ်ဆိုးများကလည်း လူတွေ ထဲတွင် ယနေ့ထက်တိုင် အမှားသံသရာ မဆုံးနိုင်အောင်ဆိုသလိုပင် များပြားလှနေပါပြီ။ ဉာဏ်ပညာရှိသူဆိုသည်မှာ သတိကို လက်ကိုင် ထားနေသူပင် ဖြစ်ပါသည်။

လူတိုင်း အမှားနှင့် မကင်းနိုင်ကြပါ။ လူတိုင်းမှားကြသည် သို့သော် မှားပြီးရင်းမှား။ အမှားတွေ ထပ်ထပ်ဖြစ်မနေဖို့၊ ဖြစ်မလာ တော့ လိုသည်။ အမှားမဆုံးဆိုလျှင်တော့ ... ဘဝသည် နစ်သည် ထက် ဆိုးပြီ။ လူသည် အမှားလမ်းကို ရောက်လျှင် အမှန်လမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်လျှောက်နိုင်ရမည်။ တချို့ရှိ၏။ အပင်ကြီးသော်လည်း အသီးမထွားမှု၍ ဆိုသကဲ့သို့ အသက်ပင်ကြီးလာသည်၊ အသိမကြီးသောလူများ။ အလိမ္မာမတိုးသောလူများ။ ရှင်းအောင်ရေးရလျှင် ကြီးမိုက်များ။ ထိုသူများကဲ့သို့ မဖြစ်ဖို့တော့လိုသည်။

တချို့က အပြောကောင်း၏။ အပြောတတ်၏။ အပြောမှာတော့ သူ့လောက် နားလည်သူ၊ တတ်သူ၊ သိသူ မရှိ။ သို့သော် အလုပ်ကမူ၊ လုပ်ရပ်ကမူ၊ လက်တွေ့ကျင့်ကြံမှုကမူ ဆန့်ကျင်ဘက်။ တရားတတ်၏၊ မစောင့်။ စကားတတ်၏၊ မဖြောင့်။ သူတော်တရားကိုနားလည်၏၊ တည်ကြည်အောင် မကျင့်ဆိုသည့် လူစားမျိုး။ ထိုကဲ့သို့ အပြောသမားတွေကလည်း လူတွေထဲမှာ များလွန်းလှပါ၏။ တွေ့ရကြုံရဖူးပေါင်းလည်း များခဲ့ပြီ။

ရေးရလျှင် လူသည် အများမကောင်းနိုင်ဟုဆိုသော်လည်း အများနည်းသထက်နည်းအောင် ကြိုးစားနေရမည်က လူ့တာဝန်။ အမှန်တွေများနေပါမှ အောင်မြင်သည့်လမ်းပေါ်တွင် လျှောက်နိုင်ပါလိမ့်မည်။ မိမိတို့၏ ဘဝလမ်းကြောင်း ဖြောင့်တန်းနိုင်ပါလိမ့်မည်။ ထို့ကြောင့် သက်ရှိထင်ရှားနေသည့် လူသားတစ်ဦး၏ဘဝတွင် ဘာအရေးကြီးဆုံးလဲ ဟု မေးမည်ဆိုပါက အဓိကအရေးအကြီးဆုံး လက်ကိုင်ထားရမည့်၊ လက်စွဲပြုရမည့် "အသိနှင့် သတိ" တာဝရရှိနေဖို့သာ လိုသည်ဟု ရေးသားလိုပါသည်။

• • •

www.burmeseclassic.com

www.burmeseclassic.com

# ပညာအသိ ဘဝရေ ရှိစေ

"ဘဝသည် ပညာ၊ ပညာသည် ဘဝ" ဟူ၍ လည်းကောင်း၊ "ဘဝမလာ၊ စာမပါ၊ ဘဝမသိ၊ စာမရှိ" ဟူ၍လည်းကောင်း ရေးခဲ့ကြ၊ ဆိုခဲ့ကြသည်။ လူတစ်ယောက်အတွက် "ဘဝသည် အခရာ၊ ဘဝသည် ပညာ၊ ဘဝထက်ကောင်းသော ပညာပေးဆရာသည် လောက၌ မရှိ" ဟူ၍ စာရေးသူကိုယ်တိုင်လည်း ရေးခဲ့ဖူးသည်။ ဤနေရာတွင် ကမ္ဘာကျော် ဆိုဗီယက်စာပေပညာရှင်ကြီး မက္ကဇင်ဂေါ်ကီ ရေးခဲ့သည့် အဆို အမိန့်တစ်ခုကို သတိသွားရလိုက်မိသည်။ "ဘဝဆိုတာ ကိုယ့်ကို အလိုလိုက်တဲ့ မိခင်မဟုတ်ဘူး၊ ညှာမယ်တော့ မထင်နဲ့၊ ကိုယ်က သင်ယူနေရတဲ့ ကိုယ့်ရဲ့ ကြမ်းတမ်းတဲ့ အလုပ်သင်ဆရာပဲ ဖြစ်တယ်၊ တတ်အောင် မသင်နိုင်တဲ့အတွက် သူရိုက်လိုက်ပြီဆိုလို့ကတော့ မလွှယ်ဘူးသာမှတ်" ဆိုသည့် စကား။

မွေးဖွားခြင်းနှင့် သေဆုံးခြင်း၏ ကြားကာလ သက်ရှင်ရှင်သန်နေရသည့် လူ့ဘဝသက်တမ်းတစ်လျှောက် ဘဝက ပေးနေသည်က အတွေ့အကြုံများ၊ သင်ခန်းစာများ။ တစ်နည်းအားဖြင့် လူ့ဘဝစာအုပ်ကြီးထဲက စာမျက်နှာများ။ ဒါတွေကို ပညာ မြန်ကန်စွာ



www.burmeseclassic.com

www.burmeseclassic.com



သိမြင်မှု) အဖြစ် ခံယူပြီး ပညာကို ယူတတ်ဖို့ လိုအပ်သည်။ မယူဘဲ ပေ့ါပေ့ါနေလို့မဖြစ်။ ပေ့ါပေ့ါနေပါက ပေ့ါပေ့ါနေ၊ ပေ့ါပေ့ါတွေး ပေ့ါပေ့ါစား ပသုံးလုံးဘဝဖြင့် အမှားမဆုံး ဝဏ်ပါထဲတွင် ယောင်လည်လည်၊ စမ်းတဝါးဝါးဖြင့် အချိန်တွေ ကုန်သွားလိမ့်မည်။

တချို့ ကျောင်းသင်ခန်းစာမှ ထွက်လာသူများ ရှိသည်။ ကျောင်းကတော့ ပြီးသွားပြီ။ ဘဝထဲကို ရောက်လာပြီး မိမိအနာဂတ်အတွက် ကိုယ့်ဒူးကိုယ်ချွန် ကိုယ့်လမ်းကိုယ်ဖောက်ရတော့မည်။ လက်တွေ့ဆိုသည့် အတွေ့အကြုံက မရှိသေး။ ကျောင်းစာအုပ်ဖတ်ထားတာလောက်ပဲ ရှိသည်။ တကယ်တော့ ဘဝဆိုတာကြီးက မျဉ်းတစ်ကြောင်းလို ဖြောင့်တန်းနေတာကြီးမဟုတ်။ ကျောင်းသင် သချာၤကဲ့သို့ ၂ နဲ့ ၂ ပေါင်းတိုင်း ၄ အဖြေထွက်နေတာကြီး မဟုတ်။ ဆန်းကြယ်လှည့်စားမှုများနှင့်။ ဘေးအန္တရာယ်များနှင့်။ အခက်အခဲများနှင့်။ ပြီးတော့ အကွေ့အကောက်များစွာနှင့်။ အလွယ်တွေး၍ကတော့ မရ။

တရားသဘောအရ လည်းကောင်း၊ မှန်ကန်စွာ ထိုးထွင်းသိနိုင်သည့် ပညာမျက်စိအရ လည်းကောင်း ကြည့်လိုက်မည်ဆိုလျှင် လူ့ဘဝသည် ဒုက္ခဘုံကြီးပင် ဖြစ်၏။ သုခဟူသည် အနှစ်မပါ၊ အကာမျှသာ။ လူအဖြစ်နှင့် ရှင်သန်နေသမျှ အခက်အခဲပေါင်းများစွာနှင့်လည်း တွေ့ရလိမ့်မည်။ လူသည် မိမိကျင်လည်ရာ ဘဝလမ်းတစ်လျှောက်တွင် အပြစ်နှင့်အကျိုးကို ခွဲခြားနိုင်ဖို့၊ ကျိုးကြောင်းမြော်မြင် နှိုင်းချိန်နိုင်ဖို့၊ မှန်ကန်စွာ သိမြင်မှုဆိုသည့် "ပညာ"က အရေးကြီးလှပါသည်။

ရှင်းအောင်ရေးရလျှင် လူတိုင်းလူတိုင်း အသက်ရှင်နေသမျှ ဘဝလပတ်လုံး ပညာနှင့်သာ စခန်းသွားကြရမည်။ ရှေ့နောက်ဆင်ခြင်ကာ မှန်မှန်ကန်ကန် တွေးနိုင်ဖို့၊ လမ်းမှန်လမ်းမှားကို ခွဲခြားသိမြင်နိုင်ဖို့၊ မိမိဘဝ၏ လမ်းဆုံ၊ လမ်းခွ၊ လမ်းခွဲများတွင် မိမိ၏ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ချက်များ မှန်နေနိုင်ဖို့။ ဒါတွေက အလွန်အရေးကြီးလှပါသည်။ စာတွေ ဖတ်ထားရုံ၊ စာသိလောက်နှင့်မှုတော့ ဘာမှဖြစ်မလာနိုင်။ စာတွေ့ ဆိုသည်ကလည်း လက်တွေ့၏ သားသမီးမျှသာ ဖြစ်သည်။ စာသိ စာတွေ့သက်သက်ဖြင့် အလုပ်က လုပ်၍မရ။

အရေးကြီးသည်က အတွေ့အကြုံရှိလာဖို့၊ အတွေ့အကြုံကို ပညာအဖြစ် ရယူအသုံးချနိုင်ဖို့၊ ဘဝထဲမှာ အတွေ့အကြုံကြောင့် ရင့်ကျက်လာဖို့နှင့် လူသည် အမှားနှင့် မကင်းနိုင်သော်လည်း မှားပြီးရင်း ထပ်မမှားဖို့။ ဒါတွေက အဓိကဖြစ်သည်။ စာရေးဆရာမကြီး ပါးလ်ဘတ် ကလည်း "၈၁ နှစ်အတွင်းမှာ ကျွန်မဘဝတစ်လျှောက် တွေ့ရကြုံရ တဲ့ ဘဝသင်ခန်းစာတွေဟာ မနည်းကြီး စုဆောင်းမိပြီး ဖြစ်နေတာမို့ အခုနေအချိန်မှာ အသက် ၁၈ နှစ်အဖြစ်နဲ့ လဲမလားလို့မေးရင် မလဲ နိုင်ပါဘူးလို့ ပြန်ဖြေရမှာပဲ။ ၁၈ နှစ်ဆိုတာ နုပျိုလှပတာကလွဲလို့ အသိပညာ မစုံလင်သေးတဲ့အရွယ်မို့ပါ။ ၈၁ နှစ်လုံးလုံး ဘဝအတွေ့ အကြုံက ရထားတဲ့ပညာတွေဟာ အလွန်တန်ဖိုးကြီးတာမို့ အသက် ကြီးတာအတွက် သိပ်ပြီး ကျေနပ်ဝမ်းသာမိပါတယ်"ဟု ဆိုခဲ့ပါသည်။

အချို့ အသက်တွေသာ ကြီးလာသည်။ အရွယ်တွေသာ ရလာသည်။ အပင်ကြီးသော်လည်း အသီးမထွားမှု၍ ဆိုသကဲ့သို့ပင် အသက်သာကြီးပြီး အသိမကြီးသည့်လူတွေကလည်း လူတွေထဲမှာ အများကြီးရှိနေသည်။ ထိုသူတို့မှာ မိမိတို့၏ ဘဝအတွေ့အကြုံကို ပညာအဖြစ် မရယူခဲ့ကြသည့် ဘဝတစ်လျှောက် ပေါ့ပေါ့နေခဲ့ကြသူများ သာ ဖြစ်ကြသည်။ ပေါ့ပေါ့နေ၍ ပေါ့ပေါ့တွေး။ ပေါ့ပေါ့စားပါက ဘဝ တွင် ဘာမျှဖြစ်လာလိမ့်မည် မဟုတ်ပါ။

လူသည် မိမိအသက်ရှင်သန်နေသည့်အချိန်တွင် မိမိ၏ဘဝ ကို အလေးအနက်ထားသင့်ကြပါသည်။ မိမိကိုယ်ကို အသက်အရွယ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးရင့်လာသည်နှင့်အမျှ ဆင်ခြင်ဉာဏ်ရင့်သန်၍ အသိအလိမ္မာ ဉာဏ်ပညာကို တိုးသထက် တိုးလာစေရန် အားထုတ်သင့်ကြပါသည်။ မိမိတန်ဖိုးဆိုသည်မှာ မိမိကိုယ်တိုင်က လုပ်ယူရသောအရာသာ ဖြစ်သည်။ လူသည် မိမိဘဝနှင့် မိမိတန်ဖိုးကို အထက်သို့ မြင့်တက်ရန် လုပ်နိုင်သကဲ့သို့၊ အောက်သို့ နိမ့်ကျရန်ကိုလည်း လုပ်နိုင်ပါသည်။ မိမိကိုယ်ကို တန်ဖိုးရှိအောင်နေ၊ တန်ဖိုးရှိအောင်လုပ်ပါမှ မိမိတန်ဖိုးက မြင့်တက်လာမည် ဖြစ်သည်။

နောက်တစ်ချက်က ပညာအသိကို ရှာရာတွင် လက်တွေ့သည် အဓိကကျသော်လည်း စာပေအတွေ့ကိုလည်း လုံးဝလွှတ်ထား၍ မရ။ လက်တွေ့နှင့် စာတွေ့ကို ပေါင်းစပ်ရမည်။ စာတွေ့ဆို၍လည်း တွေ့သမျှစာကို ဖတ်ရန်မဟုတ်။ စိတ်ကူးယဉ်၊ စိတ်အပန်းဖြေ၊ အပျော်ဖတ်စာမျိုးကို ဖတ်ရုံဖြင့်တော့ မိမိအတွက် မှန်ကန်ခြင်းဆိုင်ရာ အသိပညာသည် မြင့်တက်လာလိမ့်မည်မဟုတ်။ စာကောင်းကို ရွေးဖတ်နိုင်ဖို့ လိုသည်။ မိမိအတွက် အကျိုးပြု အနှစ်သာရကို ပေးသည့်စာ၊ မိမိစိတ်နှင့် ဦးနှောက်ပိုင်းဆိုင်ရာအတွက် အားသစ်ခွန်သစ် ဖြစ်စေမည့်စာ၊ ပညာရှင်အသီးသီးမှ မိမိတို့၏ ကိုယ်ပိုင်အတွေ့အကြုံ အသိအမြင်များကို ပညာအဖြစ် ထုတ်နုတ်တင်ပြထားသည့် စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုကြရမည် ဖြစ်သည်။

သို့အားဖြင့် လက်တွေ့နှင့် စာတွေ့ ပေါင်းစပ်ကာ ပညာအသိရှိလာကြမည်ဆိုပါလျှင် သက်ရှင်ထင်ရှား လူ့ဘဝတွင် အမှားနည်းကာ အမှန်များ၍ ဘဝသည် နေပျော်သည့်ဘဝ၊ ကိုယ်စိတ်နှစ်ပါး ချမ်းမြေ့သည့်ဘဝ၊ တစ်နည်းအားဖြင့် လူဆိုသည့် အမည်သညာနှင့် လိုက်ဖက်အောင်တယ်စွာ အညွန့်တလူလူဖြင့် အဓိပ္ပာယ်ရှိသည့်ဘဝ ဖြစ်နေပေမည်ဟု တင်ပြလိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ကြွေ လွင့်သွားရှာသော ကြယ်ပွင့်များနှင့် လူ၏ နာမည်

ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ။

ဇာတိနှင့်စသမျှ မရဏနှင့် ဆုံးရမည်ချည်းသာဟူ၍ ဆိုသည့် တရားဆိုမိန့်မှု။ သိမှုမကြွယ်၊ ရွယ်နုငယ်တစ်ချိန်ကပင် မိမိတို့ ဖတ်ခဲ့ရပြီ၊ မှတ်ခဲ့ရပြီ။ ထိုစဉ်က လူငယ်စာသမားတစ်ယောက်အနေနှင့် မိမိ၏ မှတ်စုမှတ်ရာစာအုပ်တွေထဲမှာ ယင်းတရားသဘောတရားအဆို တွေကို ကူးခဲ့မှတ်ခဲ့မိသော်လည်း ယခုလောက် အလေးအနက် မရှိခဲ့။ ဘဝအတွေ့အကြုံအရ ရင့်ကျက်မှုက နည်းသေးတော့လည်း ဖတ်သာ ဖတ်၊ မှတ်သာမှတ်ခဲ့သည်။ မွေးဖွားခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း တရားနှင့် ပတ်သက်၍ နက်နက်ရှိုင်းရှိုင်း အနှစ်အသားကျကျ သဘော မပေါက်နိုင်ခဲ့သေး။ မိမိ၏နှလုံးသားကို ထိရှမှုနည်းစွာ မိမိမှာ ပုစဉ်း တစ်ကောင်အပေါ် ရှပ်ပျံသကဲ့သို့ အလွယ်တွေး အလွယ်သိသာ ဖြစ်ခဲ့ ရသည်ကို ဝန်ခံလိုပါသည်။

ယခုတော့ အသက်အရွယ်လည်း ရလာခဲ့ပြီ။ အရေးအကြောင်းရပ် အမျိုးမျိုးနှင့် ပတ်သက်၍ တွေ့ကြုံသိမြင်ခံစားရမှုတို့ကလည်း များ

www.burmeseclassic.com



လာခဲ့ရပြီ။ အသိမကြွယ် ရှယ်နရှိန် ငယ်ဘဝတွေနှင့် မတူ ခြားနား ဘဝမှပေးသည့် အသိတရားတို့ဖြင့် တွေ့မြင်မှုများလည်း ပြောင်းလဲခဲ့ ရပြီဟု ဆိုချင်ပါသည်။ သည်တော့ .... ။

ယခုတလော၊ မိမိတို့ အနုပညာနယ်ထဲမှ မထင်မှတ်ဘဲ ကြွေလွင့်သွားရာကြရသည့် ကြယ်ပွင့်များအကြောင်း။ မြန်လိုက်သည့် ဖြစ်ခြင်း။ တစ်ဦးပြီးတစ်ဦး။ မယုံနိုင်စရာ။ အံ့သြတုန်လှုပ်စရာများပင်။ ဘာမျှမကြာသေးသည့် အချိန်ကလေးများပင် မိမိနှင့် ခင်မင်သည့် စာရေးဖော် မြင့်မောင်မောင် ဆုံးသည်။ ကဗျာဆရာ မောင်မောက် (ဥက္ကလာ) ဆုံးသည်။ ထို့နောက် မဟာသိမဂ္ဂဇင်းအယ်ဒီတာ ဆရာ ဦးခင်မောင်မြင့် ဆုံးသည်။ ထိုရက်ပိုင်းအတွင်းမှာပဲ ရှမဝ၊ မြဝတီခေတ် က မိမိနှင့် ကဗျာရေးဖော်ဖြစ်ခဲ့သည့် မုံရွာဝင်းဖေ ဆုံးသည်။ မိမိ၏ မိခင်ကြီးလည်း ဆုံးပါးသွားခဲ့ရသဖြင့် မုံရွာဝင်းဖေနှင့်အတူ တစ်နေ့ တည်း၊ တစ်ညနေတည်း ရေဝေးမှာ သင်္ဂြိုဟ်ခဲ့ရသည်။ မှတ်မှတ်ရရ ၂၄ ၄၊ ၂၀၀၄ နေ့။ မိမိ၏ မိခင်ကြီးက ညနေ (၅)နာရီ။ မုံရွာဝင်းဖေ က (၆)နာရီ။ သည်ရက်ထဲမှာပဲ ဆရာတက္ကသိုလ်မင်းညိုလည်း ဆုံးပါး သွားခဲ့သည်။ ယခုတစ်ခါ ကွယ်လွန်သူ ရုပ်ရှင်သရုပ်ဆောင် ဦးဝင်းဦး၏ ညီ သရုပ်ဆောင်နှင့် စာရေးဆရာ ကိုအောင်မိုး (မိုးမြင့်ဦး)။ အနုပညာ ရှင် သူတို့အားလုံးအတွက် ကြေကွဲဝမ်းနည်း၍မှမဆုံးမီ မိမိ၏ အနီးမှ ချတ်တရက်ကြီး ထွက်ခွာသွားပြန်သူက စာရေးဆရာ ညီညီ (စီးပွားရေး)။

ဆရာ ညီညီ (စီးပွားရေး)က ရုပ်ရှင်အမြုတေမဂ္ဂဇင်း၏ နိုင်ငံ ခြားအနုပညာကဏ္ဍတွင် လစဉ်ပင်တိုင်ရေးပေးနေသူ။ အေးဆေးသူ။ စိတ်ထားကောင်းစေတနာကောင်းသူ။ ရိုင်းပင်းကူညီတတ်သူ။ မိမိ ဆိုင်တွယ်နေသည့် ရုပ်ရှင်အမြုတေမဂ္ဂဇင်း တိုးတက်ရာတိုးတက် ကြောင်းအတွက် မိမိအား အကြံကောင်း၊ ဉာဏ်ကောင်းများ ပေးခဲ့သူ။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ ဆရာညီညီလည်း ကွယ်လွန်ပြန်ပြီ။ မိမိ၏အသည်းနှလုံး ဗဟိုဆီ ပစ်လိုက်သည့် "သေခြင်းတရား" ဆိုသည့် မြားတို့၏ထိချက်များက ပြင်းလွန်းလှလေစွ။ ပုထုဇဉ်တစ်ဦးအနေနှင့် တုန်လည်းတုန်လှုပ်မိပါသည်။ သက်ရှင် ရှင်သန်နေရဆဲ ဘဝကလေးတွင် သေခြင်းကိစ္စနှင့် ပတ်သက်၍ ပို၍ပို၍လည်း ဆင်ခြင်လာမိပါ၏။ ရှေ့က သွားကြသူများနှင့် နောက်က ဆက်လိုက်ကြရမည့်သူများ။ မသွားချင်သေးပါဆို၍လည်း မရ။ ရပ်နေ၍လည်း မရ။ သွားချင်ချင် မသွားချင်ချင် တစ်နေ့ပြီးတစ်နေ့ နီးလာနေကြပြီလေ။ တမလွန်သို့ ဦးတည်နေသည့် ရထားပေါ်တွင် တစ်ယောက်ဆင်း တစ်ယောက်တက်ဆိုသကဲ့သို့ အနိမ့်အမြင့်မရွေး။ အောင်မြင်သူတွေရော၊ မအောင်မြင်သူတွေရော၊ နောက်ဆုံးကတော့ သည်လမ်းသည်စခန်းပါပဲ။

သည်တော့ ... မိမိစဉ်းစားမိပါ၏။ မိမိတို့ အသက်ရှင်နေစဉ် ရှင်သန်နေရသည့် လူ့ဘဝအဓိပ္ပာယ်။ လူတစ်ယောက်အဖို့ ရှင်သန်နေဆဲဘဝတွင် အဓိပ္ပာယ် ရှိ မရှိ။ လူသည် ဘာအတွက် ရှင်သန်နေပါသလဲ။ ပေါ့ပေါ့တွေး ပေါ့ပေါ့နေ ပေါ့ပေါ့စား ပေါ့ပေါ့သေ၊ ပလေးလုံးနဲ့ နိဂုံးသတ်လို့ကတော့ လူတစ်ယောက် လူဖြစ်နေရသည့် လူ့ဘဝအဓိပ္ပာယ်က မဲ့လွန်းလှပါ၏။

လူသည် မိမိရှင်သန်နေမှုအပေါ် အဓိပ္ပာယ်ရှိနေစေဖို့။ တစ်ချိန်က ဆရာတစ်ဦး ရေးခဲ့ဖူးသလို။ မွေးလာတယ်၊ စာသင်တယ်၊ စီးပွားရှာတယ်၊ အိမ်ထောင်ပြုတယ်၊ သားသမီးတွေ မွေးတယ်၊ အဘိုးကြီးအဘွားကြီး ဖြစ်လာတယ်။ နောက်ဆုံးတော့ သေသွားတယ်။ သည်ပုံစံခွက်ထဲကလူလောက်နဲ့တော့ ... ဘဝဆိုတာက အဓိပ္ပာယ်ရှိပါ့မလား။ ရှိနိုင်ပါ့မလား။ လူဖြစ်ရတာ ဒါပဲလား။ သည်ကိစ္စတွေပဲလား။ သည်လောက်နဲ့ပဲ လူ့ဘဝဆိုတာကြီးက ပြီးရောလား။



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုတော့ လက်သင့်မခံနိုင်။ သည့်လောက်နဲ့မဖြစ်။ အဓိပ္ပာယ်ရှိအောင်တော့ လုပ်ကြဖို့လိုသည်ဟု ထင်သည်။ မိမိအမြင်၊ မိမိခံယူမှုက "လူသည် မိမိ၏သမိုင်းကို ကောင်းအောင်ရေးနိုင်ဖို့၊ မိမိ၏သမိုင်း သစ်စွန်းမသွားဖို့" ဤသည်သာ အဓိကအရေးကြီးဆုံးဟု ဆိုချင်သည်။ နာမည်တစ်လုံးသည် မသေခင်လည်း မွေး၊ သေပြီးနောက်တွင်လည်း ဖုံ့မွှေးကျန်ရစ်နေစေဖို့၊ နာမည်ကောင်းနဲ့ သေဆုံးကြဖို့။ လောကတွင် ဥစ္စာစနေသည် နံပါတ်တစ်မဟုတ်။ အောင်မြင်မှုသည် နံပါတ်တစ်မဟုတ်။ နာမည်ကောင်းရှိဖို့သည်သာ နံပါတ်တစ် ဖြစ်သည်ဟု ဆိုချင်သည်။ ဤသည်မှာလည်း ဘာသာတရားအရ ကြည့်မည်ဆိုလျှင် ဘုရားရှင်တို့၏ အလိုအတိုင်းဖြစ်သလို လူမှုရေး၊ စီးပွားရေးနယ်ပယ် အသီးသီးတွင်လည်း လူအဖြစ် အသက်ရှင်သန်နေသမျှ "နာမည်"ကို နံပါတ်တစ်ထားနေရမည်သာ ဖြစ်ပါသည်။

မိမိသည် စာရေးသူတစ်ဦးဖြစ်သည်နှင့်အညီ ဤနေရာတွင် ထင်ရှားကျော် စာပေပညာရှင်ကြီးတစ်ဦးကို သွား၍ သတိရလိုက်မိသည်။ စာပေပညာရှင် စာရေးဆရာကြီးအမည်က ချားလ်ဒစ်ကင်း ဖြစ်သည်။ ချားလ်ဒစ်ကင်းနှင့် ပတ်သက်၍ ပြောကြားခဲ့သူကတော့ မန်ချက်စတာမြို့မှ ဝိုထ်းအုပ်ဘုန်းတော်ကြီး။ စာရေးဆရာကြီး ချားလ်ဒစ်ကင်း ကွယ်လွန်ကာနီးအချိန်တွင် ဝိုထ်းအုပ်ဘုန်းတော်ကြီး ရောက်ရှိလာပြီး ပြောကြားခဲ့သည့် စကားကတော့ "ကျုပ်ဟာ မစ္စတာ ဒစ်ကင်း ရေးတဲ့စာတွေ အားလုံးလောက်ပဲ ဖတ်မိပါတယ်၊ ဖတ်မိသလောက် သူ့စာပေတွေထဲက စာတစ်မျက်နှာ၊ ဝါကျတစ်ခုတလေမျှ သိက္ခာကင်းမဲ့သည့် အကျင့်ပျက်စေမည့် အရေးအသားမျိုး မတွေ့မိပါ။ အင်္ဂလန်ပြည်ဟာ လူတွေရဲ့ ဖြူစင်ရိုးဖြောင့်တဲ့ ဘဝမျိုးရောက်မယ့် စာပေမျိုးကို ရေးသားပေးခဲ့တဲ့ သူ့ကို အထူးပဲ ကျေးဇူးတင်သင့်ပါတယ်" ဟု ချီးကျူးပြောဆိုခဲ့ခြင်းပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မိမိတို့သည်လည်း လေးစားဝုထဲဖြူ ထိုက်စွာ ဆရာကြီး ရှားလ်ခစ်ကင်းကို "စံ"အဖြစ် သတ်မှတ်ကြိုးစား လိုက် ကျင့်ကြံကြမည်ဆိုပါလျှင် .... ။ ရေးလိုသည်ကတော့ ဤမျှ ဖြစ်ပါ၏။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

# ကြောက်ဖွယ်မိတ်များ ( ၁ )

သူတော်ကောင်း၏ မလေ့သည် လူများကို နှစ်သက်အောင် တတ်နိုင်၏။ မသူတော်ကိုကား မတတ်နိုင်။ ရှင်မောဂ္ဂလန်သည် ပထဝီ မြေကြီးကို မှောက်နိုင်လှန်နိုင်၏။ ဘုရားရှင်သည် မြင့်မိုရ်တောင်ကို ဖဝါးအောက်သို့ ရောက်စေနိုင်၏။ မသူတော်၏ စိတ်ကို မတတ်နိုင်။

(မဟာသီဿဇာတ်ပါဠိ)

ဘဝတွင် လူအမျိုးမျိုးနှင့် တွေ့ခဲ့ကြုံခဲ့ရပြီ။ ဆက်ဆံပေါင်းသင်းခဲ့ရဖူးပြီ။ ကောင်းသည့်လူများနှင့်လည်း တွေ့ခဲ့ဖူးသည်။ ထို့အတူ စိတ်ရင်းကောင်းမရှိသည့်လူ တစ်နည်းအားဖြင့် သူတော်မဟုတ်သူများနှင့်လည်း တွေ့ခဲ့၊ ကြုံခဲ့၊ ဆက်ဆံခဲ့ရကာ သူတို့တွေ၏အကြောင်းကို ဘဝစာမျက်နှာများထဲတွင် ဖတ်ခဲ့ရဖူးပြီ။

ကောင်းသည့်လူများကား ပဋိသန္ဓေ နဂိုမူလ ဗီဇဓာတ်ခံ ကောင်းများဖြင့် စိတ်ဖြူသူ၊ တစ်ဖြောင့်တည်းစိတ်ရှိသူများ ဖြစ်ကြ၍ ထိုလူများနှင့် ဆက်ဆံပေါင်းသင်းခဲ့ရာ၌ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်ခဲ့ရသည်။ သို့သော် ... ဘဝစာမျက်နှာများထဲတွင် လူအမျိုးမျိုး



www.burmeseclassic.com

www.burmeseclassic.com



စရိုက်အထွေထွေဆိုသကဲ့သို့ သူတော်မဟုတ်သူများနှင့် တွေ့ကြုံဆက်ဆံလိုက်ရသည့်အခါတွင်ကား ...

မိမိ၏ဘဝတစ်လျှောက် တွေ့ခဲ့ကြုံခဲ့ဖူးသူများထဲမှ လူတချို့အကြောင်းကို ဦးစွာတင်ပြလိုပါသည်။ မိမိ၏ပတ်ဝန်းကျင်တွေ့များဟုဆိုရပါမည်။ မိမိငယ်စဉ်က ဖြစ်ပါသည်။ မိမိနှင့် သိခဲ့ရသော လူငယ်တစ်ယောက်။ သူ့မိဘက ငွေကြေးခနေ ချမ်းသာသည်။ ကုန်သည်များဖြစ်ကြသည်။ သူ့အကြောင်းကို ရေးရလျှင် သူသည် ငွေကြေးခနေပြည့်စုံသော မိဘများမှ မွေးဖွားလာသည့် သားသမီးတစ်ဦးတော့မှန်ပါသည်။ သို့သော် ... အံ့ဖွယ်ကောင်းသည်က မယုံနိုင်စရာပင်။ သူသည် လူချမ်းသာသားသမီးဆိုသည့် အဆင့်အတန်း၊ အနေအထားနှင့် ဆန့်ကျင်ကာ မကောင်းမှုတစ်ခုကို ကျူးလွန်နေခြင်းပင် ဖြစ်သည်။ ယင်းမကောင်းမှုကို ကျူးလွန်နေသည်ဆိုတာကလည်း တစ်ကြိမ်လည်းမဟုတ်၊ နှစ်ကြိမ်လည်းမဟုတ်၊ အကြိမ်ကြိမ်။

တစ်ခါကဆိုလျှင် သူ့ဖခင်က စာရေးသူတို့ခြံရှေ့မှ လမ်းမီးတိုင်တွင် သူ့ကို ကြိုးဖြင့် တုတ်နှောင်ကာ ရိုက်နှက်ဆုံးမရသည်အထိပင် ဖြစ်ပါသည်။ သူကလည်း ဆိုးလွန်းလှပါ၏။ ရပ်ကျော်ရွာကျော်ပင်။ ငယ်ငယ်ရွယ်ရွယ်နှင့် ရဲစခန်းသို့လည်း ရောက်ခဲ့ရပြီ။ အချုပ်ထဲတွင်လည်း အိပ်ခဲ့ရပြီ။ သို့သော် သူက သူကျူးလွန်သည့် ကိစ္စများအတွက် ဘယ်တော့မှ နောင်တရမည့်သူ မဟုတ်။ နောက်ဆုံး သူ့မိဘက အိမ်မှ နှင်ချလိုက်သည်။ တခြားတစ်နယ်တွင်ရှိသည့် သူ့ဦးလေးတစ်ဦးအိမ်မှာ သွားနေသည်။ သို့သော် အကျင့်က မပျောက်နိုင်။ နောက်ဆုံး ထောင်ကျသွားသည်။ ထောင်ကလွတ်လာတော့လည်း ပြောင်းလဲမလာ။ ဤတွင် စာဖတ်သူတို့အနေနှင့် သိချင်ကြမည်။ သူ မည်သည့်မကောင်းမှုကြီးကို ကျူးလွန်နေပါသလဲ။ ဖြေရလျှင်တော့



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝ၊ သူ့အနေအထား၊ သူ့ပတ်ဝန်းကျင်၊ သူ့မိဘမျိုးရိုး၊ သူ့မိသားစု အခြေအနေနှင့် ဆန့်ကျင်ဘက် "နိုးခြင်း"ဆိုသည့် မကောင်းမှု ဒုစရိုက် ကို အကြိမ်ကြိမ်အခါခါ သူ ကျူးလွန်နေခြင်းပင် ဖြစ်သည်။ အံ့ဖွယ် ကောင်းလေစွဟု ဆိုရလိမ့်မည်။ နောက်ဆုံးရေးရလျှင် သူခိုးတစ်ယောက် ဖြစ်သွားခဲ့သည်။ ဘယ်လောက်များ ခိုးကျင့်ဆိုသည့် ကြောက်ဖွယ် ဗီဇဆိုးကြီး ပါပါသလဲဆိုလျှင် နောက်ဆုံး သူခိုးယူသွားသည်က သူ့ အစ်ကိုအရင်း၏ မိန်းမကိုပဲ ဖြစ်ပါ၏။

သူ့အကြောင်းကတော့ ဤမျှနှင့် တော်လောက်ပြီ။ စာရေးသူ ကြုံတွေ့ခဲ့ရသည့် နောက်တစ်ဦးအကြောင်းကိုလည်း ရေးပြရဦးမည်။ ထိုပုဂ္ဂိုလ်မှာ စာရေးသူတို့ စာနယ်ဇင်းလောကထဲမှ ဖြစ်သည်။ သူက တော့ ငွေကြေးနှင့် ပတ်သက်လာလျှင် မှန်ကန်မှုမရှိသည့် ပုဂ္ဂိုလ်၊ စာနယ်ဇင်းသမားဆိုတော့ သူကိုင်သည့်မဂ္ဂဇင်းမှ စာမူတွေကို ဆိုင်တွေ မှာ ကွန်ပျူတာစာစီသည်။ ကွန်ပျူတာစာစီသည်က တစ်ဆိုင်တည်း မဟုတ်။ စာမူကများတော့ ဆိုင်တွေ ခွဲစီရသည်။ သို့သော် သူက တစ်ဆိုင်လည်းမဟုတ်၊ နှစ်ဆိုင်လည်းမဟုတ်။ သူစာစီသည့် ဆိုင်တွေ က များလာသည်။ ကွန်ပျူတာစာစီဆိုင်တွေ များများလာသလိုပင် သူ့ကမ္ဘာကလည်း ကျဉ်းကျဉ်းလာသည်။ တဖြည်းဖြည်းနှင့် ဟိုလမ်း မဝင်ရဲ၊ သည်လမ်းမထွက်ရဲနှင့် မြို့လယ်ထဲတွင် ကွေ့ပတ်ပြီး သွားနေ ရသည်။

ဤသို့ ဘာကြောင့်ဖြစ်ရသလဲဆိုတော့ ဘယ်ဆိုင်မှာမှ စာစီ ကြေးတွေ မရှင်းတော့လို့ပင်။ သည်ဆိုင်မှာ ပေးစရာတွေ များလာပြီ ဆိုလျှင် နောက်တစ်ဆိုင် ပြောင်းစီသည်။ စာစီတာတွေသာ အချော ထုတ်ယူပြီးသွားပြီ။ ငွေက မရှင်း။ ဟိုနေ့ပေးမည်၊ သည်နေ့ပေးမည်။ ဟိုရက်ရွှေ့၊ သည်ရက်ရွှေ့။ နောက်တော့ ... ထိုကွန်ပျူတာစာစီ

www.burmeseclassic.com



ဆိုင်ရှိသည့်လမ်းထဲကို မဝင်တော့၊ မသွားတော့။ နောက်ထပ် စာစီသည့် ဆိုင်တွေကျတော့လည်း ထိုအတိုင်းပင်။ သူ့မှာ အကြွေးဆပ်စရာ မရှိလို့လားဆိုတော့လည်း မဟုတ်။ သူသည် အဆင်ပြေနေသူ။ အလုပ်ကလည်း ကောင်းသည်။ သည်ငွေတွေကို သူ ပေးနိုင်သည်။ သို့သော် သူက ပေးစရာရှိလျှင် မပေးချင်သူ။ ပေးနိုင်လျက်နဲ့လည်း မပေးသူ။ သူ့ဗီဇ၊ သူ့အကျင့်ကလည်း တစ်မျိုး။ နာမည်ပျက်မှာကို မကြောက်။ ဂရုမစိုက်သူ။ ငါလုပ်တာမဟုတ်ပါလား၊ မမှန်ပါလားဆိုတာ မတွေး။ ဤလိုပုဂ္ဂိုလ်မျိုးကိုလည်း စာရေးသူ ကြုံခဲ့တွေ့ခဲ့ဖူးပါ၏။

ယခုဆောင်းပါးကို ရေးနေရင်းမှ စာရေးသူသည် ဗုဒ္ဓ ဟောကြားတော်မူခဲ့သည့် ပရာဘဝသုတ်တော်တွင် ပါရှိသည်တို့ကို သွားသတိရလိုက်မိပါ၏။ လူတချို့သည် လမ်းမှန်ဆိုလျှင် မကြိုက်။ လမ်းလွဲကိုသာ လိုက်လျှောက်ရှိကြ၏။ လူတို့၏စိတ်ဓာတ်၊ လူတို့၏ အကျင့်စရိုက်သည် အမျိုးမျိုးအဖုံဖုံ ခြားနားထူးထွေကုန်၏။ ကောက်ကျစ်ဆန်းပြားသောသဘောကို နှစ်သက်တတ်၏။ မိစ္ဆာဒိဋ္ဌိစရိုက်ရှိကြသဖြင့် မှားယွင်းသောအယူကို အကောင်းထင်မြင်တတ်ကြ၏။ မသူတော်ဓာတ်၊ မသူတော်၏ အကျင့်စရိုက်ဟုပင် ဆိုရမည်ဟု ပရာဘဝသုတ်တော်တွင် ပါရှိသည်ကို စာရေးသူ လေ့လာဖတ်မှတ်ခဲ့ဖူးပါ၏။

ဘုရားရှင်လက်ထက်တော်အခါကပင် ဖြစ်သည်။ သုနက္ခတ္တ အမည်ရှိသည့် ရဟန်းသည် မြတ်စွာဘုရားသခင်၏ တပည့်ရဟန်း အဖြစ် ဘုရားရှင်ထံပါးတွင် အလုပ်အကျွေးဖြစ်၍နေပါလျက် ဘုရားရှင်၏ တရား၊ ဘုရားရှင်၏ ဆုံးမစကားကို မနာခံ မနှစ်သက်ဘဲ ဒိဋ္ဌိတဏ္ဍတွန်းတို့၏ တရား၊ ဒိဋ္ဌိတဏ္ဍတွန်းတို့၏ စကားကို နှစ်သက်လေ့ရှိသဖြင့် ဘုရားရှင်ထံပါးမှ ဖယ်ခွာ၍ မိစ္ဆာဒိဋ္ဌိတို့၏နောက်သို့ လိုက်ပါသွားခဲ့သည်ဟု ဖတ်ရှုသိရှိခဲ့ရပါသည်။ သူတော်ကောင်းကို တွေ့လျှင်



www.burmeseclassic.com

www.burmeseclassic.com



အလွဲထင်၊ မသူတော်ကိုမှ အကောင်းဟု ထင်မြင်သည့် နဂိုမူလဓာတ်ခံ ဒီဇစရိုက်ကောင်း ပါမလာသည့်ပုဂ္ဂိုလ်များဟု ဆိုချင်ပါသည်။

မိမိတွေ့ခဲ့ဖူးသမျှ လူတော်တော်များများတွင် သုနက္ခတ္တရဟန်း ကဲ့သို့ ပုဂ္ဂိုလ်မျိုးကား မနည်းခဲ့ပါ။ အချို့ပုဂ္ဂိုလ်၊ အချို့လူများသည် ဘုရားရှိပ်၊ တရားရှိပ်၌ နေပါလျက် သူတော်ကောင်းဓာတ် တရားမြတ် ဆို၍ "တရားတတ်၏ မစောင့်။ စကားတတ်၏ မဖြောင့်"။ "သူတော် တရားကို နားလည်၏။ တည်ကြည်အောင် မကျင့်" ဆိုသကဲ့သို့ပင် ကောင်းဗီဇ၊ မကောင်းစရိုက်ဆိုး အမျိုးမျိုးနှင့် လူလိမ္မာ၊ လူကောင်း နှင့် သူတော်ကောင်းများအတွက် အမြဲသတိမပြတ် ရှိနေရမည့်သူများ ဟု ရေးချင်ပါသည်။

• • •



www.burmeseclassic.com

www.burmeseclassic.com

# ကြောက်ဖွယ့်မိတ်များ ( ၂ )

လူသည် ယခုဘ၀မှစ၍ ယုတ်မာခြင်းမဟုတ်။ ယခုဘ၀တွင် မှစ၍ မြင့်မြတ်ခြင်းမဟုတ်။ ရှေးရှေးဘ၀က မကောင်းမှုကံကြောင့် ယခုဘ၀တွင် ယုတ်မာခြင်း ဖြစ်၏။ ရှေးရှေးဘ၀က ကောင်းမှုကံကြောင့် ယခုဘ၀တွင် မြင့်မြတ်ခြင်း ဖြစ်၏။

(ဓမ္မနီတိ)

မိမိသည် မိမိကျင်လည်ရာ ဘ၀သက်တမ်းတစ်လျှောက် လူအမျိုးမျိုးနှင့် တွေ့ကြုံဆက်ဆံခဲ့ရသည့်အခါတွင် လူတို့၏အကျင့်စရိုက်၊ လူတို့၏ ဗီဇဓာတ်ခံကို အဓိကထား၍ လေ့လာမှုပြုခဲ့ပါသည်။ မိမိဆက်ဆံပေါင်းသင်းခဲ့ရာ လူတစ်ဦးချင်းစီ၏ ပင်ကိုမူလ အတွင်းခံစိတ်ရင်းကိုသာ စူးစိုက်လေ့လာကာ အဖြေရှာခဲ့မိပါသည်။ ပညာရှိတို့၏ ဆိုမိန့်မှုတွင်လည်း "အသိပညာအပေါင်းတို့တွင် လူအကြောင်းကို သိခြင်းသည် အကြီးဆုံးသော ပညာရပ်ဖြစ်သည်"ဟု ဆိုထားခဲ့သည် မဟုတ်ပါလား။

ဤနေရာတွင် မိမိ၏ပတ်ဝန်းကျင်တွေ့များမှ မိမိရေးပြလို

www.burmeseclassic.com



သည့် လူတစ်ဦး၏အကြောင်းကို သတိရလာမိသည်။ ပုဂ္ဂိုလ်ကြီးတစ်ဦး ဆိုလျှင် စာတတ်၊ ပေတတ်၊ ကျမ်းတတ်ပုဂ္ဂိုလ်။ ဘာသာရေးစာပေများတွင်လည်း နှံ့နှံ့စပ်စပ်ရှိပြီး အပြောအဟောလည်း ကောင်းသူ။ အတွေးအမြင်ကိစ္စများနှင့် ပြောရဆိုရ ငြင်းခုံရမည်ဆိုလျှင် သူ့ပြိုင် ရှိ။ မိပတိပုဂ္ဂိုလ်။

တော်တော်များများက သူနှင့် ဆွေးနွေးငြင်းခုံရမည်ဆိုလျှင် သက်ရှောင်လာကြရသည်။ သူ့အပြော၊ သူ့အဟောကို နားထောင်မိလိုက်ကြလျှင်တော့ သူ့ကို အထင်တကြီး၊ တလေးတစား ဖြစ်သွားကြရမည်အထိ ကောအရာတွင် သူက တော်သည်။ သို့သော် ...

ဤသို့သောက အံ့ဖွယ် သို့သော်။ သူသည် ဘာသာအယူ၊ ဘာသာတရားဆိုင်ရာကိစ္စတို့နှင့် ပတ်သက်၍ မည်မျှအပြောကောင်းသူ၊ အဟောကောင်းသူ၊ အငြင်းအခုံကောင်းသူ ဖြစ်ပါစေ၊ သူ နာမည်ကြီးနေသည်က ကိလေသာကိစ္စပင် ဖြစ်နေသည်။ တရားသိသည်မှာ သိသည်ပင် ဖြစ်သည်။ တရားတတ်သည်မှာ တတ်သည်ပင် ဖြစ်သည်။ (ငါပြောသလိုလုပ်၊ ငါလုပ်သလို မလုပ်နှင့်ဆိုသကဲ့သို့)၊ (လုပ်တော့ မွေကာထိက၊ ယူထားတော့ ဇနီးငါးယောက်ဆိုသကဲ့သို့) သိနေရုံ၊ တတ်နေရုံကလွဲ၍ လက်တွေ့ပိုင်းတွင် ခံယူကျင့်သုံးနိုင်သူ မဟုတ် သူသည် ပုတီးလည်း စိပ်သည်။ တရားလည်း ထိုင်ဖူးသူ ဖြစ်ပါသည်။

သို့သော် ... မိန်းမနှင့် ပတ်သက်၍ အနံ့ဆိုးထွက်နေခြင်း ဝင်။ ထိုပုဂ္ဂိုလ်သည် သားသမီး၊ သားမယားများ ရှိပါလျက်နှင့် မိမိ အသက်၊ မိမိအရွယ်ကိုမျှ မငဲ့၊ အခွင့်သင့်လျှင် သင့်သလို မကောင်းသည့်မိန်းမများကို လိုက်စားသည်။ သူနေထိုင်ရာနယ်မြေ၊ သူ့ပတ်ဝန်းကျင်တွင် သူနှင့် ပတ်သက်၍ ထိုအနံ့ဆိုးများ ထွက်နေသည်ကို သူ သိနေသော်လည်း သူက ဂရုမစိုက်၊ ဆင်ခြင်မှုမရှိ။ တသိမှာ တော်



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း စာတခြား လူတခြား ဖြစ်နေသည်။ သူ့တန်ဖိုး၊ သူ့ သိက္ခာ လျော့ကျသွားမည့်ကိစ္စမျိုးကို အလေးဂရုမပြုသည့် သူ့စိတ် ဓာတ်မျိုးကလည်း အံ့ဖွယ်ဟု ဆိုရပါလိမ့်မည်။ သူ့အကြောင်းကို နောက် ဆုံး ရေးပြရလျှင်တော့ ... သမီးပျိုအရွယ် ဈေးသည်မလေးတစ် ယောက်ကို ခေါ်ပြီး မရိုးမသား မတော်တရော်ပြုမိသည့်အတွက် သူ့ခမျာ ရဲစခန်းသို့ ရောက်သွားခဲ့ရခြင်းပင် ဖြစ်သည်။ ဤသည်မှာ မိမိနှင့် သိကျွမ်းခဲ့သည့် မိမိဘဝသက်တမ်းတစ်လျှောက် မိမိ၏ ပတ် ဝန်းကျင်တွေ့များမှ ပုဂ္ဂိုလ်ကြီးတစ်ဦး၏ အကြောင်းပင် ဖြစ်ပါ၏။

မိမိအခြေအနေ၊ မိမိအနေအထား၊ မိမိသိက္ခာ၊ မိမိပတ်ဝန်း ကျင်နှင့် ဆန့်ကျင်ကာ ထိုပုဂ္ဂိုလ်၏ လုပ်ရပ်၊ ဘာသာတရား၏ အဆုံး အမနှင့် လူမှုကျင့်ဝတ်ကို မစောင့်ထိန်းသည့် ထိုပုဂ္ဂိုလ်၏ ပြုမူမှုတို့မှာ အံ့ဖွယ်လည်း ကောင်းလွန်းလှပါသည်။ ထိုပုဂ္ဂိုလ်မဟုတ်ဘဲ အခြားသူ တစ်ဦးဆိုလျှင်တော့ ထားပါတော့။ ယခုတော့ ...

နောက်တစ်ဦးကတော့ ရှိသေး၏။ သူ့အကျင့်က တစ်မျိုး။ သူက ဤအကျင့်ကို ဖျောက်တော့မည့်ပုဂ္ဂိုလ်လည်း မဟုတ်။ ပါရမီ ပါလာသူဟု ဆိုရပါမည်။ သူက "အချိန်ပြည့် အဆန်းထွင်၊ ကလိန်ချေ ငြမ်းဆင်" ဆိုသကဲ့သို့ လိမ်ညာပြောဆိုတတ်သူ။ လိမ်တတ်ညာတတ် သူ။ သူပြောသည့်စကားက ဘယ်တော့ဖြစ်ဖြစ် မှန်~~~က နည်းသည်။ တစ်ခုခုကို ပြောပြီဆိုလျှင် မဟုတ်တာက စပြောသည်။ လိမ်ညာ ပြောဆို၍ သူ့အတွက် အကျိုးထူးသွားသလားဆိုတာလည်း ဤသို့ မဟုတ်။ မမှန်တာကို ပြောတာကိုက သူ့ဝသီ။ အကျင့်က ပါနေသည်။ သူက စာသမားဖြစ်သည်။ စာတွေလည်း ဖတ်သည်။ မှတ်သည်။ ဗဟုသုတလည်း ရှိသည်။ သို့သော် ... လိမ်ညာပြောဆိုရတာကိုက သူ့ဝါသနာ၊ သူ့အကျင့်လို ဖြစ်နေသည်။ သူ့ကို အနှင့် ဆက်ဆံရ

www.burmeseclassic.com



သည့်သူ တော်တော်များများက မယုံကြည်ကြတော့၊ အကြောင်းသိတွေ ဖြစ်နေပြီ။ သို့သော် ... သူကတော့ မုသာဝါဒကို နှုတ်က ချတော့မည်မဟုတ်။ သူ့အကျင့်၊ သူ့ဗီဇကလည်း ဆိုးဝါးလွန်းလှပါ၏။

ဤနေရာတွင် မိမိသည် မိမိကြည်ညိုရသည့် ကျေးရွာတော်ရှင် ဆရာတော်ကြီးတစ်ပါးကို ပြေး၍ သတိရလိုက်မိသည်။ ဆရာတော်ကြီးကား သီလ၊ သမာဓိ၊ ပညာအရာတွင်လည်း အားလုံးက စံပြုကြရမည့် ကျမ်းပြုပုဂ္ဂိုလ်ကျော်။ ဘွဲ့အမည်က "အရှင်နေကာဘိဝံသ" ဖြစ်ပါသည်။ မိမိနာယူမှတ်သား လက်ခံခဲ့သည်များကား ဆရာတော်ကြီး၏ ဆုံးမြဩဝါဒစကားများ။ နံနက်ခင်းတရားတော်များ။ ယခု ရေးပြလိုသည်က "ဗီဇအကျင့်ဆိုး"နှင့် ပတ်သက်၍ ဆရာတော်ကြီး၏ မိန့်ဆိုတော်မူမှုများပင် ဖြစ်ပါသည်။

"ဘုန်းကြီးတို့တစ်တွေဟာ ဓာတ်တွေ စုပေါင်းနေတဲ့ ခန္ဓာကိုယ်၊ ဥပမာ ... စက္ခုဓာတ် ရှိတယ်၊ နားထဲမှာ သောတဓာတ်၊ သောတပသာဒ ရှိတယ်၊ နှာခေါင်းထဲမှာ ဃာနဓာတ်၊ ဃာနပသာဒ ရှိတယ်၊ အဲဒီလို စသည်ဖြင့် ဟဒယထဲမှာ မနောဝိညာဏဓာတ် စိတ်ဝိညာဉ်တွေ ရှိတယ်၊ ဒီ့အပြင် စိတ်ဝိညာဉ်မှတစ်ပါး စေတသိက်တွေဆိုတဲ့ တရားတွေ၊ တချို့သော ရုပ်တွေက ဓမ္မဓာတ်၊ အားလုံး ခန္ဓာကိုယ်က ဓာတ်ကောင်ကြီး။ "ယောဓိရော၊ နဂိုမူလဓာတ်ခံရှိသဖြင့်" လို့ ဆိုတော့ အဲဒီဓမ္မဓာတ်ထဲက ဘုန်းကြီးတို့ဓာတ်ခံတွေ၊ ဘဝသံသရာမှာ ဓာတ်ကောင်ကြီးအဖြစ်နဲ့ လာခဲ့ရာက အဲဒီဓာတ်ခံ ပါလာတယ်၊ မကောင်းတဲ့သူက မကောင်းတဲ့ဓာတ်ခံ ပါလာ၊ ကောင်းတဲ့သူက ကောင်းတဲ့ဓာတ်ခံ ပါလာတယ်"

"ဓာတ်ကောင်း ပါမလာတဲ့သူကို မိကောင်းဖကောင်းတာ အဲဒီ ဓာတ်ကောင်းပါဖို့ ဆုံးမပေမယ့် နားမထောင်ပေါင်။ ဆရာကောင်း



www.burmeseclassic.com

www.burmeseclassic.com



သမားကောင်းက ဆုံးမပေမယ့် နားမထောင်ပေါင်။ မိတ်ကောင်းဆွေကောင်းက ပြောပေမယ့် နားမထောင်ပေါင်။ ဒါ ဓာတ်ကောင်းပါမလာလို့၊ သိပ်ကြောက်ဖရာကောင်းတာ ဒီဓာတ်က။ ယောမီရော၊ နဂိုမူလဓာတ်ခံရှသဖြင့်"

ခန္ဓာဓာတ်ကောင်ကြီးမှ လူတို့၏ဗီဇဓာတ်ခံနှင့် ပတ်သက်ပြီး ဆရာတော်ကြီး၏ ရှင်းလင်းမိန့်ဆိုတော်မူချက်များမှာ ပညာရှိတစ်ဦးနှုတ်မှ မြွက်ဟလာသည့် နှိုင်းချိန်ထိုးထွင်း၊ ကြောင်းကျိုးမြော်မြင်သုခမိန်စကားများပင် ဖြစ်ပါသည်။ အပေါ်ယံမျှ မတွေးမကြည့်ဘဲ အလေးအနက်ထား၍ တွေ့မြင်ကြမည်ဆိုပါလျှင် အမှန်ကို သိနိုင်ကြမည်ဟု ရေးချင်သည်။

လူတွေထဲတွင် တချို့ရှိသေး၏။ ကိုယ်ညံ့သည်ကို ဝန်မခံ၊ ကိုယ့်ချို့ယွင်းမှု၊ အားနည်းမှုကို လက်မခံ။ "လူမစွမ်း၍ ကံကို ပုံချသည်" ဆိုသကဲ့သို့ လူ၏နဂိုမူလ ဗီဇဓာတ်ခံကောင်း အားနည်းခြင်းကို မမြင်။ ပတ်ဝန်းကျင်ကြောင့်၊ ပတ်ဝန်းကျင်၏ သွေးဆောင်မှုကြောင့်ဟု ပတ်ဝန်းကျင်ကိုချည်း အကြောင်းပြခြင်းမျိုးမှာလည်း လက်သင့်ခံနိုင်စရာ လုံးဝမရှိပါချေ။ (သူခိုးနှင့် ပေါင်းသင်းမိ၍ မိမိလည်း ခိုးရာပါသည်ဟုဆိုလျှင် လက်သင့်ခံနိုင်ပါမည်လား။)

တစ်ခုတော့ ရှိပါသည်။ နဂိုမူလဓာတ်ခံကောင်း ပါလာသူသည် ဓာတ်မတူသူနှင့် ပေါင်းမိ၍ မှားသောလမ်းကို လျှောက်မိပါလျှင်လည်း အမှားကို အမှားမှန်း သိလိုက်သည်နှင့် မှန်သောလမ်းကို ပြန်၍ လျှောက်ပါသည်။ ဓာတ်မတူသူ၊ ဓာတ်ခံကောင်းညံ့သူနှင့် ရေရှည်လက်တွဲ၍ ပေါင်း၍မရပါ။

• • •



www.burmeseclassic.com

www.burmeseclassic.com

## ကြောက်ဖွယ်ဗီဇများ ( ၃ )

မကောင်းသောစိတ်ရှိသူအား ဓမ္မသတ်ကို ရွတ်ဖတ်၍ပြခြင်းလည်း အကြောင်းမဟုတ်။ စာပေကျမ်းဂန်ကို ရွတ်အံဖတ်ဆို၍ပြခြင်းလည်း အကြောင်းမဟုတ်။ နွားမ၏နို့ရည်သည် ပင်ကိုသဘောအားဖြင့် ချိုဆိမ့်သော အရသာရှိသကဲ့သို့ ဤလောက၌ ပကတိစိတ်ရင်းသဘော ကောင်းမွန်ခြင်းသာလျှင် ပဓာနအကြောင်းရင်း ဖြစ်ပေ၏။

(ဟီတောပဒေသ)

မွေးရာပါ ပင်္ကိသန္ဓေဗီဇ နဂိုမူလဓာတ်ခံကောင်း ပါလာသူသည် ပတ်ဝန်းကျင်ကြောင့် မှားသောလမ်းကို လျှောက်သော်လည်း အသိမှန်ဝင်လာသည်နှင့် ဆင်ခြင်သိနှင့်အတူ မှန်သောလမ်းကို ပြန်၍ လျှောက်ပါသည်။ ထိုပုဂ္ဂိုလ်များတွင် နောင်တဆိုသည်က ရှိနေပါသည်။ မိမိမှားသည်ကိုလည်း သိမြင်နားလည်ပါသည်။

နဂိုမူလဓာတ်ခံကောင်းညံ့သူများကမူ ထိုသို့မဟုတ်။ ခွေးမြီးကောက်ကို ဆီတို့ဖြင့် လိမ်းကျံ၍ ကျည်တောက်တွင် တစ်ဆယ့်ရှစ်နှစ်ကြာအောင် ထားသော်လည်း ကျည်တောက်ကို ချွတ်လိုက်သော



www.burmeseclassic.com

www.burmeseclassic.com



အခါ ကောက်မြဲတိုင်း ကောက်သည်သာ ဖြစ်၏ ဆိုသည့် ရှေးနီတိ ပညာရှိတို့၏ ဆိုမိန့်မှုအတိုင်း အမှားကို အမှန်ထင်၊ မကောင်းကို အကောင်းမြင်၊ သုစရိုက်ကို မနှစ်ခြိုက်သည့် မောဟအမိုက်တိုက် အမှောင်ကြိုက်သမားများဟုသာ ဆိုရလိမ့်မည် ဖြစ်ပါသည်။ တစ်နည်း ရေးရလျှင် ထောင်ကျ၍ နောင်တမရမည့်သူများမှာ နဝိုမ္မလဓာတ်ခံ ကောင်း ပါမလာသူများ၊ ဓာတ်ခံကောင်းညံ့သူများပင် ဖြစ်သည်ဟု ဆိုချင်သည်။

"ပါရမီရေးဟောင်း အကြောင်းအဂါ နုံလင်၍လာသော ပုဂ္ဂိုလ်တို့သည် အခွင့်ကို မရသဖြင့် ခက်ထန်ကြမ်းကြုတ်၍နေသော်လည်း အခွင့်ကို ရသောအခါ အလွယ်တကူ နူးညံ့စွာ ဖြစ်မြဲမမှတာပေတည်း။ ပါရမီရေးဟောင်းအကြောင်း၌ မရှိသောသူတို့သည်ကား မည်သို့ပင် အခွင့်ကိုရရ နူးညံ့သိမ်မွေ့ခြင်း ဖြစ်လိမ့်မည်ဟု မဟုတ်ချေ။ မြေစေးခဲ သည် မိုးနှင့် တွေ့သောအခါ ပျော့ပျောင်းစွာ ဖြစ်၏။ ကျောက်စရစ်ခဲ သည် မိုးပေါင်း အကြိမ်တစ်ရာ ရွာသော်လည်း နူးညံ့မည်မဟုတ် သကဲ့သို့တည်း" ဆိုသည့် ပညာရှင်ကြီးတစ်ဦးဖြစ်သည့် လယ်တီ ပဏ္ဍိတ ဦးမောင်ကြီး၏ ဆိုမိန့်မှုကလည်း လူ၏နဝိုမ္မလဓာတ်ခံများနှင့် ပတ်သက်၍ အကြောင်းရင်းခံနှင့် သက်ရောက်မှုအကျိုးများကို သိမြင် ထင်ရှားစေပါသည်။

ဤနေရာတွင် မိမိကျင်လည်ရာ ဘဝတစ်လျှောက် မိမိ၏ ပတ်ဝန်းကျင်တွေ့များမှ လူတချို့အကြောင်းကို ရေးပြချင်လာသည်။ တစ်ဦးမှာ အမျိုးသား။ မိမိ နယ်တွင်နေစဉ်က ဖြစ်သည်။ ထိုပုဂ္ဂိုလ် မှာ လူဆိုး လူမိုက်၊ လူရမ်းကားလည်း မဟုတ်။ ဒုစရိုက်ဆိုသည့် မကောင်းမှုအလုပ်ကို လုပ်ကိုင်သည့်လူစားလည်း မဟုတ်။ စိတ်ရင်း ကောင်းသည့် လူဖြောင့်တစ်ဦး ဖြစ်သည်။ သို့သော် ပွန်နံ့ခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



အနှစ် (၂၀)ခန့်က ကြီးမားသည့် ပြစ်မှုကြီးတစ်ခုကို ကျူးလွန်မိ၍ ထောင်ကျသွားခဲ့ရဖူးသည်။ ထို့နောက် (၁၀)နှစ်ခန့်အကြာတွင် ထောင်မှ လွတ်ပြီး ပြန်ရောက်လာခဲ့ကာ ကောင်းကောင်းမွန်မွန်ပင် လုပ်ကိုင်စားသောက် နေထိုင်ခဲ့သည်။ သို့သော် ... သူ့ဇီဇက ကြောက်ဖွယ်ဟု ဆိုရမည်။ အသက်က (၄၀) ကျော်နေပြီ။ ဇီဇက မပျောက်နိုင်။ သွားလေရာတွင် သူဆောင်နေကျက ဓားတစ်ချောင်း။ ငှက်ကြီးတောင်ဓား ဖြစ်သည်။ သူက သူ့ဓားကို မြည့်နေအောင် သွေးထားသည်။ ဆောာထဲသွားလျှင်လည်း သူ့ဓားကို အမြဲလွယ်သွားသည်။ မိမိနှင့်သူနှင့်က ခင်မင်ကြသည်။ မိမိကိုတော့ အနုပညာသမားတစ်ဦး ဖြစ်သဖြင့် သူက လေးစားသည်။ တစ်ခါတစ်ရံ သူ့နှုတ်ကစကားကို ကြားရသည့်အခါတွင်တော့ မိမိ သူ့အတွက် စိတ်မကောင်းဖြစ်မိသည်။

"ကျုပ်ကတော့ ... မတရားတွေ ကျုပ်ရှေ့မှာတော့ လာမလုပ်နဲ့၊ သည်းခံတယ်ဆိုတာ အတိုင်းအတာတစ်ခုအထိပဲ ရှိတယ်၊ ကျုပ်က ကြောက်သွေးပါတဲ့ကောင် မဟုတ်ဘူး။ ကြောက်သွေးမပါလို့ပဲ လူသတ်လာတာ"

လူသတ်မှုနှင့် ထောင်က လွတ်လာပြီးမှ သူပြောသည့်စကား။ အသက်တွေကလည်း မငယ်တော့ပြီ။ သတိတရားတွေ၊ နောင်တတွေ၊ ထိန်းချုပ်မှုတွေ ရှိသင့်နေပြီ။ သို့သော် ... သူကတော့ နောက်ထပ်ထောင် ထောင်ထဲဝင်ဦးမည့်ပုံ။ ဒါကြောင့်ပဲ လူတော်တော်များများက သူ့ဆို စကားပြောတာဆိုတာကအစ သတိထားဆက်ဆံကြရသည်။ ရှောင်းစားကြည့်သည်။ "မဟုတ်ရင်မခံနဲ့" ဆိုသည့် စိတ်ဓာတ်မျိုးနှင့် မတရားတာတွေ တွေ့တိုင်းသာ ဓားဆွဲရမည်ဆိုရင်တော့။ ဒါလည်း ထိုးလားအပ်သည့် ဇီဇဆိုးတစ်မျိုးဟုသာ မိမိရေးချင်သည်။ ဒါက ငယ်မှာရှိစဉ်က မိမိနှင့် ခင်မင်ခဲ့ရသည့် လူတစ်ယောက်အကြောင်း။

www.burmeseclassic.com



နောက်တစ်ယောက်ကတော့ မိန်းကလေးတစ်ဦး။ ယခုဆို ဒီမိန်းကလေးက အသက်နှစ်ဆယ်ကျော်ပြီး သုံးဆယ်နားနီးနေပြီ။ သူက မိမိနှင့်သိသည့် ပုဂ္ဂိုလ်တစ်ဦး၏ မြေးဖြစ်သည်။ ထိုပုဂ္ဂိုလ်နှင့်က သိခဲ့ခင်ခဲ့သည်မှာ ကြာပြီ။ မိမိငယ်စဉ်ကတည်းကဟု ဆိုရမည်။ ထို ပုဂ္ဂိုလ်က မျိုးရိုးကောင်း။ ဓနကလည်း လိမ္မာသည်။ တော်သည်။ မွေးလာသည့်ကလေးတွေကလည်း အကျင့်စာရိတ္တက ပြောစရာမရှိ။ သို့သော် ... ။ ထိုပုဂ္ဂိုလ်၏ သားတစ်ယောက်က မွေးသည့်သမီး မိန်းကလေးကျတော့ မလွယ်ပြီ။ ကျောင်းနေတုန်းကလည်း ဆုံးမလို့ မရ။ အပျော်အပါးမက်သည်။ အလှအပကြိုက်သည်။ စာကို ကောင်းကောင်းမသင်၊ စာထဲမှ စိတ်မဝင်စား။ ယင်ယင်ရွှယ်ရွှယ်နှင့် အတွဲတွေ ထားသည်။ ကျောင်းပြေးသည်။ ရုပ်ကလေးကတော့ မဆိုး။ သရုပ်ဆောင်လုပ်မည်ဆိုလျှင် မင်းသမီးဖြစ်နိုင်သည့် ရုပ်ရည်မျိုး။ နာမည်ကြီး ကိုရီးယားမင်းသမီးလေးတစ်ဦးနှင့်လည်း ရုပ်ဆင်သည်။ ဒါပေမယ့် နမြောစရာကောင်းသည်က ကိုယ့်ရုပ်ရည်၊ ကိုယ့်အလှနှင့် ကိုယ့်ဘဝ ကို တန်ဖိုးရှိအောင် မနေ။ ရုပ်နှင့် စိတ်က တခြားစီ။ အတိုချုံး ရေးရလျှင် ... ကျောင်းပညာတစ်ပိုင်းတစ်စနှင့် ယောက်ျားနောက် လိုက်သွားသည်။ ဘာမျှမကြာလိုက်။ ယောက်ျားနှင့် ကွဲသွားသည်။ နောက်တစ်ယောက် ထပ်ရသည်။ ပေါ့ပျက်လွန်း။ ဆိုးလွန်းတော့ မိဘ ကလည်း လက်သင့်မခံတော့။ အမွေပြတ် စွန့်ပစ်လိုက်သည်။ ယခု တော့ ... မျိုးကောင်းရိုးကောင်းက လာသော်လည်း မဟုတ်တဲ့ဘဝ ကို ရောက်နေပြီ။ မိမိရေးခဲ့ဖူးသည့်အတိုင်း "ယောက်ျားပေါ့က မရေရာ၊ မိန်းမပေါ့က ပြည့်တန်ဆာ" ဆိုသကဲ့သို့ ဘဝတွင် မလိုလားအပ် ဖြစ်သည့် အဆင့်မျိုးတိုင် လျှောကျခဲ့ရပြီ။ နမြောဖွယ်ကောင်းလှပါ ဤသည်မှာလည်း မွေးရာပါ ပဋိသန္ဓေဇီ၊ နဝိုမူလဓာတ်ခံ ဗီဇဆိုး ဗီဇညံ့ကြောင့်ဟုပင် ရေးရပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



လူတွေ၏စိတ်၊ လူတွေ၏ဗီဇ၊ လူတွေ၏ စာဂစရိုက် (တစ်နည်းအားဖြင့်) မိမိကျင်လည်ရာ ဘဝသက်တမ်းတစ်လျှောက် "လူအမျိုးမျိုး ဗီဇအထွေထွေ"ကို လက်တွေ့နှင့် စာတွေ့ နှိုင်းညှိကာ ယနေ့တိုင် အဖြေရှာနေခဲ့သော မိမိသည် ယခုဆောင်းပါးတွင် လူတို့၏ စိတ်နှင့် ပတ်သက်၍ ကမ္ဘာတွင် ထင်ရှားကျော်ကြားခဲ့သည့် စိတ်ပညာရှင်ပုဂ္ဂိုလ်ကြီး 'ဆစ်ဂမန်ဖရွိုက်'၏ အယူအဆများကို စာဖတ်သူများထံ တင်ပြလိုလာပါသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

# ဘြောတ်ဖွယ့်မိဂများ ( ၄ )

ဆစ်စမန်ဖရွိုက်က လူတွင် သိစိတ်နှင့်အတူ မသိစိတ်ဆိုသည်ကလည်း ရှိနေသည်။ ဖရွိုက်၏အလိုအရ လူ၏ နာမ်တရားတွင် သိစိတ်နှင့် မသိစိတ် (သို့မဟုတ်) အပေါ်ယံလွှာနှင့် အောက်လွှာ ဟူ၍ ရှိသည်။ သိစိတ်ဆိုသည်မှာ မိမိကိုယ်တိုင်က အကြောင်းရှာရနိုင်ပြီး သိနိုင်သည့်စိတ်မျိုး ဖြစ်သည်။ ဥပမာ – စားလိုစိတ်၊ အိပ်လိုစိတ်၊ မေထုံမှီဝဲလိုစိတ် စသည်တို့မှာ သိစိတ်များတွင် ပါဝင်နေကြပြီး ထိုသိစိတ်များအပြင် လူတွင် မိမိကိုယ်တိုင်က မသိနိုင်သည့် မသိစိတ်များကလည်း အောက်လွှာတွင် ပုန်းအောင်းလျက် ရှိနေကြသည်။ မသိစိတ်ကို ဖရွိုက်က ID ဟု ဝေါဟာရပေးထားသည်။

ဖရွိုက်က လူ၏စိတ်ကို ရေခဲတောင်ကြီးတစ်ခုနှင့် ပုံနှိုင်းပြခဲ့ရာ ရေခဲတောင်၏ ၉ ပိုင်း ၈ ပိုင်းသည် ရေအောက်တွင် ရှိနေသကဲ့သို့ လူ့စိတ်၏ အစိတ်အပိုင်းအများဆုံးမှာလည်း မိမိကိုယ်တိုင်က မသိသော ID များသာ ဖြစ်သည်ဟု ဆိုပါသည်။ မသိစိတ် ဖြစ်ပေါ်လာပုံမှာ ဤသို့ဖြစ်သည်။ မွေးဖွားလာသော ကလေးငယ်တစ်ယောက်တွင် စိတ်အလိုအားဖြင့် ရုန်းရင်းကြမ်းတမ်းပြီး ရိုင်းစိုင်းသောစိတ်ဓာတ် အလို


www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒများ ပါရှိလာသည် ဆိုပါစို့။ လောဘ၊ ဒေါသများ ထူပြောစွာ ပါရှိလာသော ထိုကလေးငယ်သည် ငယ်စဉ်ကပင် မိမိအလိုရမှုကို ဖြည့်ဝရေးကိုသာ ရှေးရှုလုပ်ကိုင်သည်။ ထိုသည်ကို မသင့်လျော်သော အပြုအမူ၊ မကောင်းသော စရိုက်ဆိုး၊ စရိုက်ညံ့များဖြစ်သည့်အတွက် လူကြီးမိဘ၊ ဆရာသမားများက သွန်သင်ဆုံးမ စည်းကမ်းသတ်မှတ်၍ ချုပ်ချယ်လိုက်ကြ၏။ ထိုအခါ ပြင်ပလောကနှင့် ပဋိပက္ခဖြစ်ပြီး ခွင့်ပြုချက်မရသောစိတ်တို့သည် မနောဝိညာဉ်၏ အောက်လွှာသို့ ငုပ်လျှိုးသွားပြီး မသိစိတ်အဖြစ် တည်နေကြသည်ဟု ဖရွိုက်က ဆိုပါသည်။

ထို့နောက် ယင်းမသိစိတ်တို့သည် မနောဝိညာဉ်၏အပေါ်သို့ တက်ရောက်နိုင်ရန် အမြဲကြိုးစားအားထုတ်နေကြသည်။ မသိစိတ်တို့သည် မျက်ကန်းများ ဖြစ်ကြ၏။ ရိုင်းစိုင်း၏။ မိမိအလိုဆန္ဒ ပြေပျောက်ရေးကိုသာ ရှာကြံကြ၏။ တန်ဖိုးကို မသိ။ ကောင်းမှုနှင့် မကောင်းမှုကို နားမလည်။ ကျင့်ဝတ်စည်းကမ်းဟူ၍ မရှိ။ ထိုအခါ လူ၏စည်းကမ်းများနှင့် လူ့လောက၏ စည်းကမ်းများက ခွင့်မပြုသဖြင့် အောက်လွှာသို့ ငုပ်လျှိုးသွားကြရသောစိတ်တို့သည် လူအား အမြဲနှိပ်စက် ညှဉ်းပန်းကြ၏။ ထိုအခါ တစ်ခါတစ်ရံ မိမိမသိစိတ်က လက်မခံနိုင်လောက်သော အမှုတို့ကို ပြုမူတတ်ကြ၏။ ထိုသို့ ကျူးလွန်ပြုမူရခြင်းမှာ မသိစိတ်၏ စေခိုင်းမှုကြောင့်သာ ဖြစ်သည်။ အခွင့်အခါ မပေါ်သေးမီ မသိစိတ်တို့သည် ပုန်းကွယ်ငုပ်လျှိုးနေကြသော်လည်း အခွင့်အခါပေါ်ပြီဆိုသည်နှင့် ဗီဇဓာတ်ခံ စိတ်ညံ့၊ စိတ်ဆိုး၊ စိတ်ရိုင်းများက ဇာတိပြကြတော့သည်ဟု ဆိုသည်။

မိမိဖတ်ရှုခဲ့ရသောစာအုပ်တွင် လူတို့၏ မသိစိတ်နှင့် ပတ်သက်၍ ဤသို့ ရေးသားထားသည်ကို တွေ့ရ၏။ တစ်ခါက ရန်ကုန်မြို့ထဲတွင် လူတစ်ယောက်သည် လိုင်းကားတစ်စီးပေါ် လိုက်ပါစီးရင်း

www.burmeseclassic.com



သူ့ရှေ့ခုံတွင် ထိုင်၍နေသော မိန်းမတစ်ယောက်၏ဆံပင်ကို မဖြတ်ဘဲ မနေနိုင်ဖြစ်ကာ ဖြတ်လိုက်မိသဖြင့် အဖမ်းခံခဲ့ရသည်ဟု ဆို၏။

ဗေယ်စဉ်က ဦးနီဆိုသူက ဦးဖြူဆိုသူအား နှိပ်စက်ညှဉ်းပန်းခဲ့ဖူး၏။ ဤအဖြစ်အပျက်ကို ဦးဖြူသည် ကြီးပြင်းလာသောအခါ မေ့ပျောက်သွားခဲ့ပြီ ဖြစ်၏။ သို့ရာတွင် ဦးနီနှင့်တူသည့် လူတစ်ယောက်ကို တွေ့သောအခါ၌ ဦးဖြူမှာ ထိုသူကို အလိုလိုပင် မုန်းတီးနေသည်။ ဘာကြောင့်မုန်းတီးနေရသည်ဆိုသည်ကိုလည်း သူကိုယ်တိုင် မသိချေ။ ထိုသည်မှာလည်း ဦးဖြူသည် ဦးနီအား မေ့ပျောက်ခဲ့ပြီဖြစ်သော်လည်း သူ၏မသိစိတ် ID များက မမေ့နိုင်ဘဲ မုန်းတီးခိုင်းနေသောကြောင့် ဖြစ်သည်ဟု ဆို၏။

ဤသည်နှင့် ပတ်သက်၍ မိမိ၏ပတ်ဝန်းကျင်တွေ့များမှလည်း ရေးပြလိုပါသည်။ မိန်းမတစ်ယောက်သည် လူကုံထံပညာတတ်အသိုင်းအဝိုင်းမှဖြစ်ပြီး ခင်ပွန်းဖြစ်သူမှာလည်း ဌာနကြီးတစ်ခုမှ ရာထူးကြီးလက်ကိုင်ရှိသည့် ပုဂ္ဂိုလ်ဖြစ်သည်။ သို့သော် ထိုမိန်းမ၏အကျင့်က တစ်မျိုး။ သူမ၏ဂုဏ်၊ သူမ၏အဆင့်အတန်း၊ သူမ၏လက်ရှိဘဝအနေအထားနှင့် မည်သို့မျှ မသင့်လျော်သည့် ဖြစ်မှုတစ်ခုကို ကျူးလွန်နေခြင်းပင်။ ထိုအကျင့်က မည်သည့်နေရာ၊ မည်သည့်အိမ်သို့ ရောက်ရောက်၊ တန်ဖိုးနည်းသည်၊ တန်ဖိုးကြီးသည်မဟုတ်၊ ဂိုဏ်ရှင်မသိဘဲ ပစ္စည်းတစ်ခုခုကို တိတ်တဆိတ်ယူခဲ့ရမှ ကျေနပ်နိုင်ခြင်းပင် ဖြစ်သည်။

တချို့လည်း ရှိသေး၏။ တရားထိုင်၏။ ပုတီးစိပ်၏။ နေ့ထူးရက်မြတ်များတွင် ဘုရားကျောင်းကန်များသို့ သွား၍ ဥပုသ်သီလဆောက်တည်၏။ သို့သော် ညနေပိုင်း အိမ်ပြန်ရောက်၍ ဘာမှုမကြာလိုက်၊ ရန်ရှင်းကြမ်းတမ်းစွာ ပြောဆိုမှုများဖြင့် မိမိစိတ်ကို မထိန်းချုပ်နိုင်ဖြစ်ကာ ပြုခဲ့သမျှ ကုသိုလ်မှုတို့ ပျက်ရသူများကိုလည်း တွေ့ရဖူး၏။



www.burmeseclassic.com

www.burmeseclassic.com



တချို့လည်း တရားထိုင် ပုတီးစိပ်ခြင်းနှင့် မလျော်ကန်စွာ အလွန်ဆိုးဝါးသည့် ဘုရားမကြိုက်သည့်အလုပ်များကို အုံ့ဖွယ်ကောင်းအောင် ပြုမူကြ၏။ 'ပါးစပ်ဘုရား။ လက်ကားယား' ဆိုသကဲ့သို့။

တချို့ ထောင်က လွတ်လာ၏။ နောင်တတရား ရပါပြီဟုလည်း ဆို၏။ ပထမတွင်တော့ တကယ်ပင် နောင်တတရားရသည့်ဟန်။ တချို့ သက်န်းပင် စည်းလိုက်ကြသေး၏။ သို့သော် မကြာလိုက်။ ဓာတ်က ပြန်ပြ၏။ စရိုက်ဆိုးဒို့၏ လွှမ်းမိုးမှုတို့ဖြင့် ထောင်ထဲ ပြန်ဝင်ကြရသည့် "ထောင်ကျ၍ နောင်တမရသူများ"ကိုလည်း မိမိတွေ့ခဲ့ရဖူးပါ၏။

စိတ်ပညာရှင်ကြီးဖရွိုက်၏ အယူအဆများကို လေ့လာပြီးသည့်နောက်တွင် မိမိသည် လူ၏နဂိုမူလဓာတ်ခံ ဗီဇစိတ်များနှင့် ပတ်သက်၍ အကြောင်းအချက်တချို့ကို အလေးထား စဉ်းစားလာမိသည်။ ကလေးနှစ်ယောက် မွေးဖွားလာသည်။ ကလေးတစ်ယောက်မှာ ပဋိသန္ဓေဗီဓာတ်ခံဓာတ်ကောင်းများက များပြီး နောက်တစ်ယောက်ကမူ ဓာတ်ညံ့ဓာတ်ဆိုးများက မွေးလာစဉ်ကပင် လွှမ်းကဲစွာ ပါရှိလာခဲ့သည်။

ထိုကလေးများကို ကြည့်ပါက ငယ်စဉ်ကပင် ဗီဇစိတ်များကို အသီးသီးပြနေကြပြီ ဖြစ်ပါသည်။ ဗီဇစိတ် အလွန်ညံ့ဖျင်းဆိုးဝါးသော ကလေးများသည် ကျောင်းပညာကို သင်ယူနေချိန်တွင်လည်း ဆရာမနိုင် ဖြစ်လာရပြီ။ မည်သို့ပင် သွန်သင်သွန်သင်၊ ဆုံးမဆုံးမ၊ မိဘမနိုင်၊ ဆရာမနိုင်။ အနုနည်းဖြင့် ဆုံးမ၏။ သွန်သင်၏။ ဆုံးမသူသွန်သင်သူမှာသာ လျှာကမ္ဘာပတ်မတတ်။ နားထောင်သူက နားထဲမဝင်။ ခဏတော့ နားထောင်၏။ လိမ္မာပြ၏။ (တချို့ နားပင်မထောင်) အရွယ်ရောက်လာတော့ မလွယ်ပြီ။ ထိန်းမနိုင်ပြီ။ ထို့ကြောင့်ပင် မိဘသားစု



www.burmeseclassic.com

www.burmeseclassic.com



အသိုင်းအဝိုင်းအချို့တွင် မိဂုဏ်ဘဂုဏ်၊ ဆွေဂုဏ်မျိုးဂုဏ်ကို ဖျက်ဆီးမည်သို့မျှ မနိုင်တော့၍ စွန့်လွှတ်လိုက်ရသည့် သားသမီးများကလည်း မနည်းတော့ပြီဟု ဆိုရပါမည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

# ကြောတ်ဖွယ်မီရများ ( ၅ )

ကလေးတစ်ယောက် ဖွားမြင်လာတယ်ဆိုတော့ ဒီမိဒီဖမှာ အတူတူပဲ။ သွေးသားတွေဖြစ်ပြီးတော့ ပေါက်ဖွားလာတဲ့ သားသမီး စိတ်ချင်း တူရဲ့လား။ မတူပါဘူး။ ကောင်းပြီ ... အရည်အချင်း ဉာဏ်ချင်း တူရဲ့လား။ မတူဘူး။ ကောင်းပြီ ... လုံ့လဝီရိယချင်း တူရဲ့လား။ မတူဘူး။ ထားစမ်း။ ဒီတစ်မိတစ်ဖတည်းဆိုပေမယ့် အချိန် ချင်းက အကြီးနဲ့ အငယ်နဲ့ အသက်နဲ့ ဆိုတာတွေကွဲလို့ မတူတာ ထင်ပါရဲ့လို့ဆိုတော့ အမြွာမွေး။ ယောကျ်ားလေးနှစ်ယောက်၊ မိန်း ကလေးနှစ်ယောက် အမြွာမွေးတယ်။ တူဖို့ကောင်းတယ်။ မိသွေး ဖသွေး တစ်သွေးတည်း။ တကတည်း ရှေ့ဆင့်နောက်ဆင့် မွေးလာ တယ်။ တူဖို့ကောင်း။ ရုပ်ချင်းကတော့ သွေးသားအကြောင်းတွေက အထောက်အပံ့အရတော့ အတော်တူတယ်။ တစ်ခါတစ်ခါ ခွဲမရအောင် တူတယ်။ စိတ်ချင်း ဘယ့်နှယ့်နေတုန်း။ မတူလိုက်တာ။ ဉာဏ်ချင်း ဘယ့်နှယ်နေတုန်း။ မတူလိုက်တာ။ လုံ့လဝီရိယချင်း ဘယ့်နှယ်နေ တုန်း။ မတူလိုက်တာ။ နောက်တော့ အကျိုးပေးချင်းကော၊ ဆို ... မတူလိုက်တာ။ နောက်ဆုံး ရောဂါဘယချင်းကော၊ ဆို ... မတူလိုက်

www.burmeseclassic.com



တာ။ သေတော့ကော၊ မတွေ့လိုက်တာ။ ပြော် ... တစ်ယောက်နဲ့ တစ်ယောက် မတွေ့တာထောက်လို့ရှိရင် ခေတ်ခံချင်းကွဲလာပြီ။

(အရှင်ဇနကာဘိဝံသ)

မိမိသည် ယခုအချိန်ထိ ကျင်လည်ခဲ့ရာ ဘဝသက်တမ်းတစ်လျှောက်တွင် "လူအမျိုးမျိုး စိတ်အထွေထွေ" ဆိုသကဲ့သို့ စာဂစရိုက်အမျိုးမျိုးနှင့် လူပုဂ္ဂိုလ်များကို တွေ့ခဲ့ရ၊ ကြုံခဲ့ရ၊ ပေါင်းသင်းဆက်ဆံခဲ့ဖူးရာ တချို့က "အပြင်ချို အတွင်းကောက်" ဆိုသကဲ့သို့ မျက်နှာလောကွတ်နှင့် ဟန်ဆောင်တတ်ကြကာ တစ်ဖက်သားက ယုံကြည်မှုအပြည့်အဝပေးမိသည့်အချိန်ကျမှ ထောက်ထားစိတ်၊ စာနာညှာတာစိတ်လုံးဝကင်းမဲ့ကာ ဒုက္ခလှလှပေးကြသူများကိုလည်း မြင်ခဲ့တွေ့ခဲ့ရဖူးပါ၏။ "လူယုံသတ်က သေကြရ"ဆိုသည့်စကားမှာ ရှေးကလည်း မှန်ခဲ့ပြီ။ ယခုလည်း မှန်ဆဲ။ လူတွေရှိနေသရွေ့ နောင်လည်း မှန်နေဦးမည်မှာ "လူစိတ်ပျောက်၍ ဖောက်ပြန်သော၊ ကြောက်စရာပင်၊ စိတ်မှာ မယုံနိုင်အောင်ရှိတကား"ဆိုသည့် ကဗျာတစ်ပုဒ်ထဲကကဲ့သို့ပင် လူတွေနှင့် ပတ်သက်၍ အလေးအနက် သတိပြုစရာဟု ဆိုလိုက်ချင်ပါသည်။

ဤတွင် ကွယ်လွန်သူ ဆရာမှုံရွာဝင်းဖေ၏ အဆိုအမိန့်တစ်ခုသွား၍ သတိရလိုက်မိပါသည်။ "ချစ်ခင်ရင်းနှီးခြင်းနှင့် ယုံကြည်စိတ်ချခြင်းသည် တသီးတခြားစီ ဖြစ်ပါသည်။ ချစ်ခြင်းသည် တစ်ကိစ္စ၊ ယုံကြည်ခြင်းသည် တစ်ကဏ္ဍဖြစ်ပါသည်။ ချစ်စရာရှိလျှင် ချစ်ပင်လိုက်ပါ။ သို့သော် မျက်စိမှိတ်၍တော့ မယုံလိုက်ပါနှင့်။ စုံလုံးချိန်းတတ်ပါသည်။ လူယုံသတ်လျှင် သေတတ်ပါသည်"ဟု ဆိုမိန့်ခြင်းပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နဂိုမူလဓာတ်ခံ ပင်ကိုစိတ်ရင်းကောင်းသူ၊ စိတ်ရင်းဖြူစင်သူများသည် စိတ်ထားကောင်းကြသူများ ဖြစ်ကြပါသည်။ ပင်ကိုဓာတ်ခံစိတ်ရင်းကိုက ကောင်းလွန်းနေ၍ မိဘဆရာသမားများက သွန်သင်စရာမလိုဘဲ လိမ္မာနေသည့် ကလေးငယ်များကိုလည်း တွေ့ဖူးပါ၏။ မိမိ၏ဆွေမျိုးသားချင်းများထဲမှ တချို့ဆိုလျှင် မိဘထက်ပင် လိမ္မာနေကြပြီး မိဘများ မှားသည်ကိုလည်း မှားသည့်အလျောက် သိရှိနားလည်နေကြကာ မိမိတို့၏ဘဝကို မည်သူမျှ မသွန်သင်ရဘဲ လိမ္မာသူများအဖြစ် မိမိတို့ကိုယ်တိုင် ကောင်းမွန်တည့်မတ်စွာ ပြုစုပျိုးထောင်သွားနိုင်ကြသည်များကိုလည်း တွေ့နေရပါသည်။

ဗီဇဓာတ်ခံစိတ်ရင်းညံ့သူ၊ အမှောင်ဓာတ်အားကောင်းသူများကတော့ ထိုသို့မဟုတ်။ "စိတ်ထားမဟုတ် ထိုသူယုတ်ကား၊ စိတ်ကတစ်ဖုံ၊ ဆိုတုံတစ်လွဲ၊ လွန်ကဲလွဲ၍" ဆိုသည့် ဟိတောပဒေသကျမ်းလာ အဆိုအမိန့်ကဲ့သို့ စိတ်ဖြူမည်ဆိုလျှင် တစ်ခဏသာ။ ကြာရှည်စွာ မတည်။ စိတ်မချရ။ တစ်ချိန်မဟုတ်တစ်ချိန်တွင် ဖောက်ပြန်သွားသည်ကိုသာ တွေ့ရမည်ဖြစ်ပါသည်။

မိမိနှင့် ငယ်ပေါင်း ကျောင်းနေဘက်သူငယ်ချင်းတစ်ဦးဆိုလျှင် သက်ဝဲယောင်ယောင်၊ နိုင်ငံရေးစကားကို အမြဲပြော၊ သူနေထိုင်သည့် နယ်မြေမှ လူကြီးလုပ်နေသူအားလုံးကို အမြဲဝေဖန် ပြောဆိုအပြစ်တင်၊ သူပြောလိုက်လျှင် သူသာလျှင် လူထုဘက်တော်သားဆိုတာလို အပြောနာတော့ ရွှေမန်းဖြစ်ခဲ့သည်ကို တွေ့ခဲ့ရပါသည်။ သို့သော် ထိုနယ်မြေတွင် သူ လူကြီးဖြစ်လာသောအခါ ပြောသလိုမဟုတ်တော့ဘဲ ဖောက်ပြန်ဖျက်စီး၊ နာမည်ဆိုးစာရင်းဝင်ကာ လူတိုင်းက နာခေါင်းရှုံ့စရာဖြစ်သွားရသည်မှာလည်း အတွင်းစိတ်ရင်းဓာတ်ခံကိုက အလင်းဓာတ်နည်းခဲ့၍ဟုဆိုပါလျှင် မှားနိုင်ပါမည်လော။ အပြောနှင့်အလုပ် ထပ်တူ



www.burmeseclassic.com

www.burmeseclassic.com



မကျသဖြင့် သတိထားကြရမည့် အပြောသမားများကလည်း လူတွေထဲမှာ လက်ညှိုးထိုးမလွဲအောင် များလွန်းလှပါသည်ဟု မိမိ ဆိုချင်ပါသည်။ စိတ်ထားဖြူသူ၊ ဖြောင့်သူများကမူ "စိတ်တွင်ပေါ်လာ၊ နှုတ်လည်းပါ၍" ဆိုသကဲ့သို့ လုပ်ရာတွင်လည်း တစ်ထပ်တည်းကျနေသူများပင် ဖြစ်ပါသည်။ ဗီဇဓာတ်ခံကောင်း ညံ့သူ၊ အမှောင်ဓာတ်အားကြီးသူများသည် ကျေးဇူးတရားဆိုသည်ကိုလည်း နားမလည်။ စိတ်ဖြူသူဖြောင့်သူများက မိမိစိတ်နှင့် နှိုင်းယှဉ်၍ ပေါင်းသည်၊ ဆက်ဆံသည်။ သို့သော် မေတ္တာပေး၍ မေတ္တာမရဆိုသလို စိတ်ကောင်းထားသူများမှာသာ နစ်နာခဲ့၊ ခံစားခဲ့ရသည်မှာလည်း ဗီဇအခြေခံချင်း မတူသူများကို ယုံစားဆက်ဆံမိခဲ့၍ပင် ဖြစ်ပါသည်။

ဤကမ္ဘာတစ်ခုလုံးတွင် အလေးအနက်ထားကြည့်လိုက်မည် ဆိုပါလျှင် နေရာတိုင်းမှာ ဆုတ်ကပ်ဆိုသကဲ့သို့ အမှောင်ဓာတ်အားကောင်းသူများသာ တစ်နေ့တခြား များပြားလာနေသည်ကို တွေ့နေရပါသည်။ ပင်ကိုကလည်း ဗီဇညံ့ဖျင်း၊ အမှောင်ဓာတ်က အားကောင်း၊ ပတ်ဝန်းကျင်တွင်လည်း ဓာတ်ခံညံ့ချင်း တူနေသူတွေကများ၊ ထိုအခါ ဓာတ်တူသူ မသူတော်အချင်းချင်း အပေါင်းအဖွဲ့ဖြစ်ကာ ကောင်းသည့်လူများ၊ သူတော်ကောင်းများအတွက် နှလုံးစိတ်ဝမ်း ပင်ပန်း၊ စိတ်ဆင်းရဲစရာတွေ ဖြစ်ကြရသည်မှာလည်း ကြုံနေရသည့် မျက်မြင်လက်တွေ့ အတွေ့အကြုံများ ဖြစ်ကြလိမ့်မည်ဟု ရေးချင်ပါသည်။

သို့သော် အဖြူဓာတ်အားကောင်းသူများ၊ ပင်ကိုဓာတ်ခံ စိတ်ရင်းကောင်းရှိသူများအဖို့ မည်သူတွေ တရားပျက်ကြပါစေ၊ မိမိတို့ ပျက်လိမ့်မည်မဟုတ်ပေ။ ခြင်္သေ့သည် ကြုံလှီသော်လည်း မြက်ကို မစားသကဲ့သို့ လူကောင်း သူတော်ကောင်းများသည်လည်း မကောင်းသည့်အလုပ်၊ ယုတ်သည့်အလုပ်များကို လုပ်ကြလိမ့်မည်မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



တော်လို့သာ အသေခံမည်။ မိမိတို့နာမည်ကို အသေခံကြလိမ့်မည် မဟုတ်ပေ။

ဆောင်းပါးတစ်ပုဒ်တွင် မိမိရေးခဲ့သကဲ့သို့ ဤကမ္ဘာကြီးသည် လူကောင်းများချည်း နေထိုင်သည့်ကမ္ဘာ မဟုတ်သလို လူမိုက်လူဆိုး များချည်းလည်း နေထိုင်သည့်ကမ္ဘာ မဟုတ်ပါ။ မကောင်းသည့်သူများ ကလည်း သူ့လမ်းသူလျှောက်၊ သူ့မကောင်းမှုဒဏ် သူခံ။ ကောင်း သည့်လူများကလည်း ကောင်းသည့်အလျောက် ရှေးကလည်း ကောင်း ခဲ့ပြီ၊ ယခုလည်း ကောင်းသည်၊ နောင်ကိုလည်း ကောင်းဦးမည်။ ဤအသမ္မတ္တိဖြင့် နောင်တမလွန်အရေးကိုပါ တွေးရှု၊ ကောင်းသော အကြံ၊ မြတ်သောအကျင့်ဖြင့် လက်ရှိတည်ရာဘဝကိုလည်း လိမ်လိမ် မာမာ နေပျော်အောင် တန်ဖိုးရှိအောင် ကျင့်ကြံနေထိုင်သွားကြမည် ဆိုပါလျှင် ပရမတ္ထ၊ မနုဿလူ၊ လူအနှစ်လူအစစ်အဖြစ် လူတွေထဲမှာ လူ့ရေးသတင်း၊ ပန်းနံ့သင်းကာ၊ အစဉ်ထာဝရ တုံတည်ပျံ့မွှေးနေမည် သာဖြစ်ကြောင်း ရေးလိုပါသည်။

သဝိလက်ျာ၊ ပညာလက်ဝဲ၊ အတူတွဲ၍ ဝရိုက်ညှဲဆိုး၊ အမှောင် တတ် ကြီးစိုးသည့် လူမိုက်ကို ဝေးစွာရှောင်၊ အိုတောင်မဆောင်းရဲဆိုသည့် စကားဖြင့် မိမိ၏ကြောက်ဖွယ့်ဗီဇများဆောင်းပါးကို အဆုံးသတ်လိုက် ပါသည်။

• • •



www.burmeseclassic.com

www.burmeseclassic.com

# သူတို့
# ဘာကြောင့် မအောင်မြင်ကြသလဲ ( ၁ )

"ထင်တစ်လုံးနှင့် လုပ်ကြသူများ"

မိမိအသိအမြင်၊ အတွေ့အကြုံများအရ ထိုသို့ပင် ရေးလိုက်ချင်ပါသည်။ စကားပုံဆိုမိန့်စကားကလည်း ရှိသည်လေ။ "လူတစ်ကိုယ် ထင်တစ်လုံး" တဲ့။

သက်ရှင်ကျင်လည်နေရသည့် လူ့သက်တမ်းတစ်လျှောက်တွင် လူတိုင်းအတွက် 'ဝေဖန်ရေး' သည် အရေးကြီးလှပါသည်။ မရှိမဖြစ် မလုပ်မဖြစ်ဝေဖန်ရေးဟု ဆိုချင်သည်။ တစ်ပါးသူက စိတ်ရင်းစေတနာမှန်ဖြင့် အကြံပြုသည့်ဝေဖန်ရေး၊ မိမိက မိမိကိုယ်ကို အရှိအတိုင်း အမှန်အတိုင်း ဝေဖန်ရဲသည့်၊ ဝေဖန်ဝံ့သည့် ကိုယ့်ကိုယ်ကိုဝေဖန်ရေး

လူသည် အတ္တသတ္တဝါဖြစ်သည်။ အတ္တသတ္တဝါဖြစ်ရသည့်အထဲ လူတော်တော်များများက အတ္တကြီးသည်။ ရေးရလျှင် တစ်ပိုင်း အတ္တလွန်။ (မှန်သောသစ္စာကိုဆိုခြင်း ဖြစ်သည်။) အတ္တလွန်ပြီး အတ္တမှာ နစ်ကုန်ကြတော့ အတ္တကျွန်တွေ ဖြစ်ကုန်ပြီပေါ့။ 'ငါ့ရှင်ငါ' ၊ 'ငါနှင့်



www.burmeseclassic.com

www.burmeseclassic.com



ငါသာအနိုင်းစရာ' ၊ 'ငါသာ အတော်ဆုံး' ၊ ငါသာ အမှန်ဆုံး၊ ငါသာ အတတ်ဆုံး' စသည်ဖြင့်။ သည်တော့ ... အတ္တမျက်ကန်းတွေ ဖြစ်ကုန်ပြီး ဘဝမှာ မိုးမမြင် လေမမြင်၊ နောက်ဆုံးတော့ ထင်တစ်လုံးနှင့် သွားပြီပေါ့။ သည်လိုလူမျိုးတွေအတွက် ဇာတ်သိမ်းလှဖို့ ခက်လှပါသည်။ သည်လိုလူမျိုးတွေ၊ လူစားတွေနှင့်ပတ်သက်ပြီး မိမိအတွက်တော့ ပတ်ဝန်းကျင်တွေ့အရ သင်ခန်းစာယူစရာ၊ အလေးအနက်ဆင်ခြင်စရာတွေကလည်း မိမိဘဝသက်တမ်းတစ်လျှောက်တွင် တွေ့ရ၊ ကြုံရ၊ မြင်ရပေါင်း များလှပါပြီ။ ရှေးထီးဆောင်းရှိန်က ဆောင်းခဲ့ကြပြီး ဘဝနေဝင်ချိန်များတွင် အံ့ဖွယ်ဆိုရလောက်အောင် မရှုမလှ ဇာတ်သိမ်းမကောင်းခဲ့ကြသူများဟု ဆိုပါရစေ။ သူတို့ကို ကြည့်ပြီး တရားသံဝေလည်း ရမိပါ၏။

ဝေဖန်ရေးသည် ဘာကြောင့်လိုအပ်ပါသလဲ။ ပညာရှင်ကြီးဗိုထား ဆိုမိန့်သလို အမှန်တရားနှင့်ပတ်သက်၍ အပေါ်ယံကို မကြည့်ဘဲ နက်နက်ရှိုင်းရှိုင်း၊ စေ့စေ့ငုငု၊ ဉာဏ်သမ္မတ္တိဖြင့်တွေးမည်ဆိုပါက ဘဝတွင် လူတိုင်းအတွက် ဝေဖန်ရေးသည် မရှိမဖြစ်၊ မလုပ်မဖြစ် အရေးကြီးလွန်းလှပါသည်။ အတ္တလူသားဖြစ်သည့် လူသည် မိမိကိုယ်ကို ထင်တစ်လုံးဖြင့် (ဘယ်သူတွေက အထင်ကြီးကြီး မကြီးကြီး) အထင်ကြီးနေတတ်သည်။ အရှိထက်ပိုပြီး တင်တွေးတတ်သည်။ မိမိမှာရှိတာက (၁၀)လောက်ကို (၁၀၀)လောက်ထင်ပြီး ကိုယ့်ကိုယ်ကို အမှတ်ပြည့်ပေးချင်နေကြသည်။ နေရာတိုင်းလိုလိုမှာဖြစ်သည်။ ရှင်းအောင်ထပ်ရေးရလျှင် ကိုယ့်ကိုယ်ကို အဟုတ်ကြီးမှတ်နေကြသည်။ ငါဟုတ်လှပြီ ထင်နေကြသည်။

သတိရသွားလို့ စာပေမိတ်ဆွေတစ်ယောက်အကြောင်းကို ရေးပြချင်သည်။ သူသည် မိမိနေထိုင်ခဲ့သည့်နယ်မှ ဖြစ်သည်။ သူက



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာဖြစ်ချင်သူ၊ ဆရာမြသန်းတင့်တို့၊ ဆရာနတ်နွယ်တို့ စာတွေကို ဖတ်ပြီး အဲဒီဆရာတွေကို လေးစားကြည်ညိုကာ တစ်နေ့ အဲဒီဆရာတွေလိုဖြစ်အောင် ကြိုးစားမည်ဟု ဆိုသည်။ သူက သူဖတ်သည့် အဲဒီဆရာတွေကိုတုပြီး စာရေးသည်။ ရေးတာမှ တစ်ပုဒ်ပြီးတစ်ပုဒ်။ သူက သူရေးတာတွေကို မဂ္ဂဇင်းတွေကို ပို့ကြည့်သည်။ မဂ္ဂဇင်းတွေက သူ့စာတွေကိုမသုံး။

အဲဒီတော့ ... သူက ဘာပြောလာပါသလဲ။

ရန်ကုန်က မဂ္ဂဇင်းအယ်ဒီတာတွေက သူ့စာကို နားမလည် သဘောမပေါက်၊ စာကောင်းတစ်ပုဒ်တန်ဖိုးကို မသိ။ အယ်ဒီတာသာ လုပ်သည်၊ အရည်အချင်းရှိသူတွေမဟုတ်၊ ပြီးတော့ ... သူတို့ အဝန်းအဝိုင်းနဲ့ နီးစပ်ရာတွေကိုသာ ထည့်ပေးနေကြသည်။ ဘာမှု ဟုတ်တာတွေမဟုတ်။

သူက သူ့ကိုယ်သူတော့ သိပ်အထင်ကြီးသည်။ အဲဒီတုန်းက မိမိတို့က ကဗျာသမား။ ကဗျာဆရာတွေ။ ရေးရလျှင် ဆရာ ဒေါင်းနွယ်ဆွေတပည့်ဖြစ်သည့်မိမိက ဒီကနေ့ ကဗျာရေးနေဆဲဖြစ်သည့် သူငယ်ချင်း ကဗျာဆရာ အောင်ဇင်မင်း။ မိမိလိုပဲ ကဗျာမရေးတော့သည့် ကချင်မြေသန်းဆောင်တို့နဲ့အတူ မဂ္ဂဇင်း ဂျာနယ်လောကထဲမှာ နာမည်တစ်လုံးရအောင် ကြိုးစားနေကြချိန်။ (ယခု ... ည်ဖြင့်မဟုတ်ပါ) သူကတော့ ဆရာကြီးပုံစံဖြင့် ကွယ်ရာကနေ မိမိတို့ကဗျာတွေကို ဝေဖန် (သူ့လောက်မတော်ဘူးဟု ထင်နေတာလည်းပါမည်။) မဂ္ဂဇင်း ဂျာနယ်တွေမှာ သူ့စာမသုံးတော့ တစ်ကိုယ်တော်အတွေးဝေဖန်ရေးတော့ ဖြင့်သာ အချိန်ကုန်သွားသည်။ လိုရင်းကိုရေးရလျှင် ... ယခုနေ့ သက်ရှိထင်ရှားရှိနေသေးသည့်သူ။ အသက်ကလည်း မငယ်တော့ပြီ။ အနုပညာစာပေနယ်မှာ သူ ဘာဖြစ်လာပါသလဲ။ ဒီလို...ပေမှတ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



တွေ စိုက်ထူနိုင်ခဲ့ပါသလဲ။ အရပ်စကားသုံး ရေးရလျှင် ဘေးထိုင်၊ ဘုပြော၊ လေကန်ရေးနှင့်သာ သူ့ဘဝမှာ အချိန်တွေ အလဟဿ ကုန်သွားခဲ့ရပြီ။ တန်ဖိုးရှိလှသည့်အချိန်တွေက နမြောဖို့ကောင်းလေစွ။

ဒါက မိမိပတ်ဝန်းကျင်မှ မိမိလက်တွေ့ပြလိုသည့် လူတစ်ယောက်အကြောင်းပဲ ဖြစ်သည်။ သူနှင့်ပတ်သက်ပြီး မိမိစဉ်းစားကြည့်မိသည်။ သူ ဘာကြောင့်မအောင်မြင်သလဲ။ သူ့နေရာမှာဆို ငါဘယ်လိုလုပ်မလဲ။

မိမိတို့တွေက သူ့လိုဘဝင်မြင့်သူတွေမဟုတ်။ မြောက်ချင်သလောက် မြှောက်လို့လည်း မြှောက်မည့်သူတွေမဟုတ်။ အားလုံးသည် ညီသည်တွေဖြစ်ကြသည်။ အနုတ္တတွေ။ မသေခင် လူ့သက်တမ်းအလေးမှာ ကိုယ်လုပ်ချင်တာလေးတွေလုပ်ပြီး ကိုယ့်သမိုင်းကိုယ်ရေးနေကြတာပဲ ဖြစ်သည်။ ရေးသည်ဆိုတာကလည်း အလုပ်လုပ်ပြီး ရေးနေကြတာပဲ ဖြစ်သည်။ သူ့လို လေနဲ့ရေးတာမဟုတ်။

တကယ်တော့ အောင်မြင်ဖို့ဆိုတာ တကယ်အောင်မြင်လာဖို့နည်းလမ်းတွေက ရှိနေပြီးသား။ ကံကြောင့်မဟုတ်ပါ။ မနားမနေ၊ မဖြစ်မနေ၊ အစွမ်းကုန် မကြိုးစားဘဲ၊ အားမထုတ်ဘဲ 'ကံ' ဆိုတာကြီးက ကောင်းနိုင်ပါ့မလား။ အစစ ဉာဏသမ္ပတ္တိ၊ ဝီရိယသမ္ပတ္တိတွေနဲ့ ပြည့်စုံလို့သာ ကံကောင်းလာရတာပါ။ ပျင်းနေလို့ကတော့ ဘာဖြစ်လာပါ့မလဲ။

နောက်တစ်ခုရှိသေးသည်။ အောင်မြင်ဖို့အတွက်။ အဲဒါကတော့ မိမိရေးခဲ့ဖူးပေါင်းလည်း များပါပြီ။ 'သေကာမှသေ၊ မလျှော့' ဆိုသည့်စွဲ။ ဂျပန်စကားပုံတစ်ခုကလည်း ဆိုထားသည်။ 'ခုနစ်ကြိမ်လဲလျှင် ရှစ်ကြိမ်ထမည်' တဲ့။ ဒီတော့ ... မအောင်မြင်သူတွေကို မိမိမေးလိုက်ချင်ပါသည်။ တစ်ကြိမ်မအောင်မြင်လို့ နောက်ထပ် ဘယ်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကြိမ်များ ထပ်ပြီးကြိုးစားခဲ့ဖူးပါသလဲဟု။ အောင်မြင်မှုအစစ်အမှန်ကို တခုန်တလွှား အတင်းကျော်တက်ယူလို့လည်းမရ။ သက်သက်သာသာ ဖြစ်လိမ့်မည်၊ ရလိမ့်မည်ဆိုသည့် စိတ်မျိုးနှင့်တော့ မကြိုးစားလေနှင့်။ ဘာမျှဖြစ်လာမည်မဟုတ်။

အော်လီဗာဂိုလ်စမစ်က ဆိုမိန့်ထားပါသည်။ 'ဘယ်အခါမျှ ရှုံးနိမ့်ခြင်းမရှိဘဲနှင့် ကျွန်ုပ်တို့ကို ထိုအခြေသို့ ရောက်ရှိလာစေသည် မဟုတ်။ ရှုံးနိမ့်တိုင်း၊ ရှုံးနိမ့်တိုင်း ပြန်လည်ထူထောင်လာနိုင်အောင် စွမ်းဆောင်နိုင်ခြင်းဖြင့်သာ ထိုအခြေသို့ ရောက်ရှိလာစေသည်'တဲ့။

အမှန်ကတော့ 'အောင်မြင်လေလေ၊ ချွေးထွက်များလေလေ' ဟုဆိုလျှင် မှားလိမ့်မည်မဟုတ်ပေ။ ချွေးမထွက်ချင်လို့ကတော့ အောင်မြင်မှုဆိုတာကြီးက အလိုလိုဖြစ်လာလိမ့်မည်မဟုတ်။ ဘေးထိုင် ဝေဖန်ပြီး အညတြသာ လုပ်ကြပေတော့။

အောင်မြင်ဖို့အတွက် အရေးကြီးသည့်အချက်လည်း ရှိသေး၏။ အဲဒါက ဘာလဲ။ ဒါကလည်း အရေးကြီးလှသည်။ 'ပင်ကိုအရည်အချင်း' ပဲဖြစ်သည်။ ဆိုင်ရာဆိုင်ရာနယ်ပယ်မှာ သူနှင့်သက်ဆိုင်သည့် အရည်အချင်း။ အရည်အချင်းကလည်း အရေးကြီးလှသည်။ သူမရှိဘဲ ဘာမျှလုပ်၍မရ။ စာရေးဆရာဖြစ်ချင်သည်။ စာရေးခြင်းအတတ်ပညာရှိရမည်။ ကိုယ်တွေ့နှင့်စာတွေ့သုတနှံ့စပ်ရမည်။ သရုပ်ဆောင်ဖြစ်ချင်သည်။ ရုပ်ရည်အသင့်အတင့်ရှိရမည်။ သရုပ်ဆောင်ပညာ တတ်ကျွမ်းရမည်။ အဆိုတော်ဖြစ်ချင်သည်။ အသံရှိရမည်။ စီးဝါး နားလည်ရမည်။ မဂ္ဂဇင်း၊ ဂျာနယ်အယ်ဒီတာ ဖြစ်ချင်သည်။ စာရေးခြင်းအတတ်ပညာရှိရမည်။ စာမူကိုတည်းဖြတ်နိုင်သည့် အရည်အချင်း ရှိရမည်။

ရှင်းအောင်ရေးရလျှင် အယ်ဒီတာသာဖြစ်ချင်သည်။ [illegible]တော့ ရေးတတ်ပါသည်။ မိမိရွေးချယ်ထည့်သွင်းမည့်စာမူကို [illegible]တည်းဖြတ်

www.burmeseclassic.com



တတ်ပါက အလကားပင်။ ထို့ထက်အရေးကြီးသည်က မှန်မှန်ကန်ကန် နှိုင်းချိန်နိုင်သည့် ဉာဏ်ဦးနှောက်ရှိဖို့ပင် ဖြစ်သည်။ မဂ္ဂဇင်း၊ ဂျာနယ် တစ်စောင် အောင်မြင်လာရေးတွင် အယ်ဒီတာအဓိကဖြစ်သည်။ အရည် အချင်းပြည့်ဝသည့် အယ်ဒီတာကောင်းများ လိုသည်။ 'ပုံစံခွက်အယ်ဒီတာ၊ စာပေဖြင့်လုပ်စားသည့် လုပ်စားအယ်ဒီတာ' မျှနှင့်တော့ ထိုမဂ္ဂဇင်း၊ ဂျာနယ် ဘာမျှဖြစ်လာလိမ့်မည်မဟုတ်။ ရေရှည်ရပ်တည် နိုင်ဖို့မလွယ်။ ပြုတ်ဖို့သာမြင်ပေတော့ဟု ရေးချင်သည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

# သူတို့ ဘာကြောင့် မအောင်မြင်ကြသလဲ ( ၂ )

အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းနှင့်ပတ်သက်၍ မကြာသေးမီက မိမိနေထိုင်သည့်ပတ်ဝန်းကျင်မှ ဖြစ်စဉ်တစ်ခုကို ရေးပြချင်သည်။ လက်ဖက်ရည်ဆိုင်တစ်ဆိုင်အကြောင်း ဖြစ်သည်။ လက်ဖက်ရည်ဆိုင်က ကားမှတ်တိုင်တစ်ခုရှေ့တွင် ရှိသည်။ ခရီးသည်တင်လိုင်းကား တော်တော်များများရပ်သည့် မှတ်တိုင်ဖြစ်သဖြင့် ဆိုင်ရှေ့တွင် ခရီးသည်ကလည်း များသည်။ လမ်းငါးခွဆုံသည့် မီးပွိုင့်အနီးတွင်ရှိသဖြင့် လက်ဖက်ရည်ဆိုင်ဖွင့်ရန် နေရာအကွက်အကွင်းကလည်း ကောင်းသည်။ ဆိုင်ဖွင့်ထားသည့်အခန်းကလည်း သန့်ပြန့်၍ ကျယ်ကျယ်ဝန်းဝန်းရှိသည်။ ဆိုင်ခင်းကျင်းထားပုံကလည်း ပြောစရာမလို။ ထိုဆိုင်က နံနက်တိုင်းလိုလို မိမိသွားရောက်ထိုင်နေကျဆိုင် ဖြစ်သည်။ လက်ဖက်ရည်ဆိုင်ဟုဆိုသော်လည်း ယခုနောက်ပိုင်းထုံးစံအတိုင်း လက်ဖက်ရည်၊ ကော်ဖီ၊ အအေးနှင့်အတူ ထမင်းကြော်၊ မုန့်ဟင်းခါး၊ ခေါက်ဆွဲ၊ အသုတ်စုံတို့ကိုပါ တွဲရောင်းသည်။

www.burmeseclassic.com



မိမိက လက်ဖက်ရည်ကြိုက်သူ မဟုတ်။ ကော်ဖီမစ်(စ်)သောက် (သို့မဟုတ်) မုန့်ဟင်းခါးစားသူ ဖြစ်သည်။ လက်ဖက်ရည်ဆိုင်က ဖွင့်သည်မှာ ( ၆ )လခန့်ရှိပြီ။ နံနက်ပိုင်း ( ၈ )နာရီလောက် မိမိရောက်သွားလျှင် ယခင်ဖွင့်ကာစက စုံတိုင်းမပြည့်သော်လည်း လာသောက်သူတွေ ရှိသေးသည်။ ဒီဘက်ပိုင်းကျတော့ တဖြည်းဖြည်း လူကနည်းလာသည်။ မိမိရောက်သွားတိုင်း သောက်သူက မိမိအပါအဝင် လေးငါးယောက်သာ ရှိတော့သည်။ ကြည့်လိုက်တိုင်း ဆိုင်က ခြောက်ကပ်နေသည်။ ဒါတောင် နံနက်ပိုင်း လက်ဖက်ရည်သောက်သူများချိန်မှာ ဖြစ်သည်။ နေ့လယ်ပိုင်း၊ ညနေပိုင်းများဆိုလျှင် ငိုးစားသာကြည့်ပါတော့။

မိမိရေးပြချင်သည်က တစ်နေ့တွင်ဖြစ်သည်။ နံနက်ပိုင်း မိမိ ကော်ဖီမစ်(စ်)သောက်နေသည့်ခုံအနီးတွင် သက်လတ်ပိုင်းခန့်ရှိမည့် လူရွယ်တစ်ယောက် လက်ဖက်ရည်မှာသောက်နေသည်။ ထိုလူရွယ်က ပြောချင်နေ၍ဖြစ်မည်။ မိမိကို တစ်ချက်ကြည့်လိုက်သည်။ ပြီးမှ "လက်ဖက်ရည်ကလည်း လက်ဖက်ရည်ဆိုမှ လက်ဖက်ရည်လို့ ပြောရမယ့် လက်ဖက်ရည်ပဲ၊ ကျွန်တော်က လက်ဖက်ရည်ကြိုက်သူပါ။ ဆိုင်လည်း တော်တော်စုံပါပြီ၊ ကျွန်တော်တို့တွဲတေးက လက်ဖက်ရည်ဆိုင်တောင် ဒီလောက်မညံ့ဘူး။ ဒီဆိုင်ဝင်သောက်မိတာတော့ မှားပါပြီ" ဟု မိမိကို ဆိုသည်။ ဒီတော့မှ မိမိကလည်း "လက်ဖက်ရည်တော့ ဒါက မသောက်လို့မသိဘူး။ မုန့်ဟင်းခါးကတော့ တစ်ခါဝယ်စားတာနဲ့ နောဂ်ထပ်စားချင်စိတ်ကို မရှိတော့တာ အမှန်ပဲ" ဟု လူရွယ်ကို ပြန်ပြောလိုက်မိသည်။ မိမိနှင့်လူရွယ်တို့ ပြောနေချိန်မှာပဲဖြစ်သည်။ မိန်းမပျိုတစ်ယောက် ရောက်လာသည်။ လူရွယ်နှင့် အသက်မတိမ်းမယိမ်းလောက်ပဲ ရှိမည်။ "သာလိုက်တာ၊ ဝါလည်း လက်ဖက်ရည်



www.burmeseclassic.com

www.burmeseclassic.com



သောက်မယ်”ဟု လူရွယ်ရှေ့ခုံမှာ ဝင်ထိုင်ရင်း ပြောလိုက်ရာ လူရွယ်က “မသောက်နဲ့ အစ်မ၊ ဒီဆိုင်က လက်ဖက်ရည်က လုံးဝမကောင်းဘူး။ တခြားဆိုင်မှာ သောက်”ဟု ဆိုလိုက်ကာ သူသောက်သည့် လက်ဖက်ရည်တစ်ခွက်ဖိုးကို ရှင်းပေးပြီး အစ်မဆိုသူနှင့်အတူ ဆိုင်တွင်းမှ ထွက်သွားသည်။

ဤကား မိမိကိုယ်တွေ့ပင်။ ဒီလက်ဖက်ရည်ဆိုင် မအောင်မြင်ခြင်း အကြောင်းရင်းခံက ဒါပဲဖြစ်သည်။ မိမိလိုလူအတွက်ကမူ ဒီဆိုင်မှာ မနက်တိုင်းလိုလို လာထိုင်နေတာ အကြောင်းမဟုတ်။ မိမိက လက်ဖက်ရည်ကြိုက်သူ မဟုတ်သလို ထမင်းကြော်၊ မုန့်ဟင်းခါး၊ ခေါက်ဆွဲကို စွဲစွဲမြဲမြဲကြိုက်သူလည်း မဟုတ်။ ဆိုင်က လူနည်းတော့ အသံဗလံဆူညံခြင်းမရှိဘဲ မိမိအနေဖြင့် အေးအေးဆေးဆေး ထိုင်လို့ရသည်။ ရေးစရာတွေအတွက် အေးအေးဆေးဆေး တွေးလို့ရသည်။ မိမိအတွက်တော့ ကော်ဖီမစ်(စ်)တစ်ခွက်သောက်ပြီး အလုပ်ကဖြစ်နေသည်။

ရေးရလျှင် ... မကြာပါ၊ ထိုလက်ဖက်ရည်ဆိုင်မှာ အခန်းပြန်အပ်ပြီး ဆိုင်ကို ပိတ်လိုက်ရသည်။ တစ်နှစ်ပင်ပြည့်မည်မထင်ပါ။ ဤနေရာတွင် မိမိထိုင်သည့် ယခုဆိုင်နှင့် မလှမ်းမကမ်းမှ အခြား လက်ဖက်ရည်ဆိုင်တစ်ဆိုင်အကြောင်းကို ပြောလိုပါသည်။ ထိုဆိုင်မှာ ကြာပါပြီ။ မိမိတို့ငယ်ငယ်ကပင် ဖြစ်သည်။ ဆိုင်နာမည်ကလည်း ရိုးပါသည်။ ဆိုင်အခင်းအကျင်းကလည်း သင့်ရုံမျှသာ။ သို့သော် ... မနက်၊ နေ့၊ ည ဆိုတာလို ပလက်ဖောင်းပေါ်မှထိုင်ခုံတွေအထိ လက်ဖက်ရည်သောက်သမားတွေက ပြည့်နေတတ်သည်။ မိမိတို့မြို့နယ်မှ လက်ဖက်ရည်နှင့်ပတ်သက်ပြီး နာမည်ကြီးလှသည့်ဆိုင်ဟု ပြောရပါမည်။ လက်ဖက်ရည်ကောင်းကောင်းသောက်ချင်သူများက ထိုဆိုင်ကိုသာသွားကြသည်။ လက်ဖက်ရည် တကယ်ကြိုက်သူတွေကို မိမိ



www.burmeseclassic.com

www.burmeseclassic.com



မေးကြည့်တော့ ၎င်းဆိုင်ကလက်ဖက်ရည်ကိုသောက်ပြီးလျှင် တခြားဆိုင်က လက်ဖက်ရည်တွေကို သောက်၍မရတော့ဟုပင် ဆိုသည်။

ဤမျှလောက်ဆိုလျှင် လုပ်ငန်းတစ်ရပ်တွင် အရည်အသွေး (Quality) က မည်မျှအရေးပါလှသည်ကို သိနိုင်လောက်ပြီထင်ပါသည်။ ဆိုင်ရာဆိုင်ရာ နယ်ပယ်အသီးသီးတွင်လည်း ထိုနည်းလည်းကောင်းပင် ဖြစ်ပါသည်။ အများလက်ခံနိုင်သည့် အရည်အသွေး (Quality)သည် အောင်မြင်ခြင်းဆိုင်ရာ အဓိကအကြောင်းတရားပင် ဖြစ်ပါသည်။ ပစ္စည်းတစ်ခုကို ဝယ်ယူသုံးစွဲကြည့်သည်။ မည်မျှပင် ကြော်ငြာကကောင်းကောင်း အရည်အသွေး ညံ့ဖျင်းနေပါက နောက်တစ်ကြိမ် ဝယ်ယူသုံးစွဲတော့မည် မဟုတ်ပါ။ ယခုအချိန်တွင် ရွေးချယ်စရာပစ္စည်းတွေကလည်း အပြိုင်အဆိုင်ဆိုကြတာလို များလှပါသည်။ ဒီတော့ ... အရည်အသွေး (Quality)သာလျှင် အဓိကဖြစ်နေပါသည်။

ယနေ့အချိန်တွင် မိမိတော်တော်များများ တွေ့မြင်နေရသည်မှာ တကယ်တော်၊ တကယ်တတ်သည့်သူတွေထက် မတော့်တတော်၊ မတတ်တတတ် (တချို့ဆို တကယ်တတ်လို့လုပ်တာမဟုတ်) ဆိုတာတွေကသာ များသထက်များလာသည်။ တကယ်ဆိုလျှင် မိမိလုပ်သည့်နယ်ပယ်တွင် "ငါလိုသေးသည်၊ ငါကြိုးစားရဦးမည်" ဆိုသည့်စိတ်ဖြင့် မိမိအရည်အသွေးကို မြှင့်တင်နိုင်ရေးအတွက် သင်ယူဖြည့်ဆည်းမှုများကိုပြုနေရန် အရေးကြီးလှသော်လည်း နည်းနည်းလေးဟုတ်လာပြီဆိုသည်နှင့် ကိုယ့်ကိုယ်ကို ဟုတ်လှချည်ထင်သွားတတ်ကြသည်မှာ တကယ်တမ်း ရေရှည်ခိုင်မာစေမည့် ဘဝအောင်မြင်ရေးအတွက် အန္တရာယ်ကြီးလှသော အမှားတော်ပုံကြီးဟု မိမိ သတိပေးရေးသားချင်သည်။

မိမိကိုယ်မိမိ ကျေနပ်နေသူများသည် တကယ်အောင်မြင်သူများ မဟုတ်ကြပါ။ တကယ်အောင်မြင်နေသူများမှာ မိမိအလုပ်ခွင်တွင်



www.burmeseclassic.com

www.burmeseclassic.com



အာရုံနှစ်၍ ထာဝရကြိုးစားနေကြသူများသာ ဖြစ်သည်။ ပို၍ပို၍ မိမိ အရည်အချင်းကို မြှင့်တင်နိုင်ရန် အားထုတ်နေကြသူများသာ ဖြစ်ပါသည်။ ထိုသူများသည် ရှေ့သို့သွားနေကြသူများဖြစ်ပြီး မိမိကိုယ်မိမိ ကျေနပ်နေသူများကမူ နေရာတွင် ရပ်တန့်နေကြသူများ ဖြစ်သည်။ ရပ်တန့်နေကြသူများသည် နောက်ကလိုက်လာသည့်သူများ၏ ကျော်တက်ခြင်းကို ခံရပြီး နောက်တွင်ကျန်ရစ်ခဲ့ကြမည့်သူများသာ ဖြစ်သည်။

မိမိဘဝသက်တမ်းတစ်လျှောက် နယ်ပယ်စုံတွင် လူအမျိုးမျိုးကို တွေ့ခဲ့ရာ မိမိစုံပြုရမည့်သူက အတော်ပင် ရှားပါးခဲ့သည်ဟု ဆိုချင်သည်။ အောင်မြင်မှုတစ်ခုရလာသည်နှင့် တက်ထောင် ရင်ကော့ကာ အောက်ခြေလွတ်သူများ။ မိမိအနီးက မိတ်ဆွေကောင်းတို့၏ အပြုသဘော အကြံကောင်းဉာဏ်ကောင်းပေးခြင်းကိုပင် လက်မခံ၊ အောင်မြင်လာမှ မိမိအနီးကို ရောက်ရှိလာသည့် မိမိကိုပိုင်း၍မြှောက်ကြသူများ၏ စကားကို အဟုတ်ကြီးထင်ကာ အဆင်ခြင် အစဉ်းစားမဲ့ လုပ်လိုက်မိသည့်အတွက် “တက်ထောင်တစ်ခဏ၊ တက်ကျိုးတစ်ဘဝ” ဆိုသလို အောင်မြင်မှုလမ်းမှ တလိမ့်ခေါက်ကွေး ကျဆုံးသွားရသူများကိုလည်း မမြင်ချင်အဆုံး မိမိ မြင်တွေ့ခဲ့ရသည်။ “တက်ကျိုးလျှင် လက်ထိုးလော့မည်” ဆိုသည့်စကားကလည်း စကားမျှသာ ဖြစ်သည်။ “ကမ္ဘာတစ်ပတ်ကို ခြေလျင်လျှောက်မည်” ဆိုသကဲ့သို့သာ ဖြစ်သည်။ ယနေ့လို အပြေးသွား၊ အပြေးလာ၊ အပြေးကြိုးစားနေကြရသည့် ခေတ်ကြီးတွင် လွယ်နိုင်ပါမည်လား။

ဆိုသည်က ... လူတော်တော်များများသဘာဝက အောင်မြင်လာသည်နှင့် မိုးမမြင်လေမမြင် ဘဝင်မာန ထောင်လွှားလာကြပြီးပင် “သတိကို လက်ကိုင်၊ ပညာကို လက်ဝဲ” ဆိုသည့် ဆိုမိန့်စကားရှိသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း သတိလည်းမဲ့၊ ပညာလည်းမဲ့ အတ္တလောင်တိုက်တွင် အမြိုက်ခံရသည့် အောင်မြင်မှုနှင့် မထိုက်တန်သူများဟုသာ ဆိုရမည်ဖြစ်သည်။

လူသည် အောင်မြင်နေသည်ဖြစ်စေ၊ မအောင်မြင်သေးသည်ဖြစ်စေ၊ အဓိကက မိမိကိုယ်မိမိ ဝေဖန်ရေးရှိဖို့ပင် ဖြစ်သည်။ မလုပ်မဖြစ်လုပ်ရမည့် ကိုယ့်ကိုယ်ကို ဝေဖန်ရေးဟု ဆိုရမည်။ "ယနေ့ ငါဘာလဲ၊ ငါဘယ်လဲ၊ ငါယခုထက် တိုးတက်ဖို့အတွက် ဘာတွေ ဖြည့်ဆည်းရမလဲ၊ သင်ယူရမလဲ၊ ငါညံ့နေတာ ချို့ယွင်းနေတာတွေက ဘာတွေလဲ၊ ငါဘာတွေကို ပြင်ရမလဲ" ထိုသို့ မိမိကိုယ်ကိုမိမိ မေးနေရမည်သာ ဖြစ်သည်။ ဆန်းစစ်နေရမည်သာ ဖြစ်သည်။ ရှာ၍တွေ့သိုက်သည်နှင့် ပြုပြင်ရမည်သာ ဖြစ်သည်။ ပြီးပြည့်စုံဖို့ဆိုသည်မှာ ချည်သူမျှမဖြစ်နိုင်၊ ပြီးပြည့်စုံခြင်းဆိုသည်မှာ မည်သူ့ထံတွင်မျှ မရှိ။ မိမိအလွန်လေးစားခံပြုရသည့် အသနပညာရှင်ဆရာကြီး 'ဆိုကရေးတီး' အပင် သူ့ကိုယ်သူ "ငါဘာမျှမသိသေး"ဟု ဆိုမိန့်ခဲ့သည် မဟုတ်ပါလား။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

# သူတို့ အဘကြောင့် မအောင်မြင်ကြသလဲ ( ၃ )

အောင်မြင်တိုးတက်ရေးနှင့်ပတ်သက်၍ အဓိကရေးချင်သည်မှာ လုပ်ငန်းဆိုင်ရာ နယ်ပယ်စုံအသီးသီးရှိရာတွင် မိမိပင်ကိုအရည်အသွေး နှင့် ကိုက်ညီသည့် နယ်ပယ်ကို ရွေးချယ်နိုင်ရေးပင်ဖြစ်သည်။

လူတိုင်းလူတိုင်း၌ ဘဝပါရမီအရ ပင်ကိုအရည်အသွေး၊ ပင် စွမ်းရည်များ ရှိကြသည်။ လူတစ်ဦးနှင့်တစ်ဦး အရည်အသွေးစွမ်းရည် များ မတူညီကြပေ။ အောင်မြင်လိုသူသည် မိမိပင်ကိုအရည်အသွေး မိမိကိုယ်ပိုင်စွမ်းရည်ကို သိဖို့လိုသည်။ သိဖို့ဆိုသည်ကလည်း အ အတိုင်း၊ အမှန်အတိုင်းသိရန် ဖြစ်သည်။ ထိုသို့သိမှလည်း မိမိဘ တိုးတက်အောင်မြင်ရေးအတွက် ဦးတည်ရည်မှန်း ကြိုးစားလုပ်ရ ရမည့်နယ်ပယ်ကို မှန်ကန်စွာ ရွေးချယ်နိုင်မည်ဖြစ်သည်။

အဓိက,က လူတိုင်းလူတိုင်း မိမိစွမ်းရည်နှင့် မိမိလုပ်ရ ထပ်တူကျနေဖို့။ ဤသည်သာလျှင် အောင်မြင်ရေးအတွက် မလွဲမသေ နိုင်သည့်လမ်းကြောင်းမှန်ဟု ရေးချင်သည်။ ရွေးချယ်သည့်လမ်းကြော



www.burmeseclassic.com

www.burmeseclassic.com



နှင့် ပင်ကိုအရည်အသွေး၊ ပင်ကိုစွမ်းရည် မကိုက်ညီပါက ဘဝတွင် အချိန်တွေသာ တန်ဖိုးမဲ့ကုန်လိမ့်မည်။ ထွန်းထွန်းပေါက်ပေါက် ဖြစ်လာလိမ့်မည်မဟုတ်။

အနုပညာနယ်ပယ်တွင်ပင် ဥပမာပြစရာလေးတွေရှိသည်။ သရုပ်ဆောင်လောကဆိုပါစို့။ ဖြစ်ချင်သည်က အဓိကသရုပ်ဆောင်။ ရည်က လူကြမ်းလုပ်သူလောက်ပင်မရှိ။ သရုပ်ဆောင်အမူအရာက ည်း သာမန်မျှသာ။ မင်းသားလုပ်ချင်သည်၊ မင်းသမီးလုပ်ချင်သည်။ ည်သည့်ထုတ်လုပ်သူ၊ မည်သည့်ဒါရိုက်တာကမျှလည်း တင်မပေး။ တော့ ... ကိုယ်ပိုင်ငွေဖြင့် ကိုယ့်ငွေကိုယ်ထုတ်ရိုက်ကြသည်။ တ်ပါပြီ၊ ဖြစ်ပါသည် မင်းသား၊ မင်းသမီး။ သို့သော် ရုံပေါ်တင်တော့ ုံးရက်ပင်မခံ။ ကြည့်မည့်သူကမရှိ။ ရုံပေါ်ကဆင်းပြေးရသည့် ထို င်းသား၊ ထိုမင်းသမီးဆိုသူတို့၏ဇာတ်ကားများ။ ကိုယ့်ငွေနှင့်ကိုယ် က်တာတောင် အကဲ့ရဲ့ခံရတာကမလွှတ်။ (မြန်မာ့ရုပ်ရှင်နယ်တွင် တွေ့ရဖူးပေါင်းများပြီ။)

အဆိုတော်လောကဆိုပါစို့။ အသံက ရုပ်ကွက်စင်ပေါ်တွင် လက်ခံလောက်အောင် ဆိုနိုင်သည့်အဆင့်တွင်ပင်မရှိ။ ကိုယ့်ငွေနှင့် ိုယ် စီးရီးထုတ်ကြသည်။ တစ်ခွေလည်း မအောင်မြင်၊ နှစ်ခွေလည်း အောင်မြင်။ ငွေကုန်တော့ ရပ်သွားကြသည်။ ထိုသို့သော ငွေကုန် ပြ အဆိုတော်ဆိုသူများ။

စာပေနယ်တွင်ဆိုပါစို့။ ဝါသနာအရ ရေးစမ်းတာကိုတော့ ပြောလို။ တချို့ အတွေ့အကြုံ၊ အတွေးအမြင်နှင့် အရေးအသားက မျှမဟုတ်။ စာနယ်ဇင်းတွေကို ပို့ကြည့်၍ စာနယ်ဇင်းတွေက ုံးတော့ ကိုယ့်ငွေနှင့်ကိုယ် စာအုပ်ထုတ်ချင်လာသည်။ ရသေ့စိတ်ဖြ ်အုပ်တလေထုတ်တာမျိုးမဟုတ်။ တစ်အုပ်ပြီးတစ်အုပ် ထုတ်သည်။

www.burmeseclassic.com



ဖြန့်ချိရေးကိုလည်း နားမလည်။ ဈေးကွက်ကိုလည်း ဘာမျှမသိ။ စာအုပ် ဖြစ်ချင်တာပဲ သိသည်။ စာအုပ်ကတော့ဖြစ်ပြီ။ ဆိုင်တွေတင်တော့ မရောင်းရ။ ငွေသာအရှုပ်လိုက်ကုန်သည်။ အောင်မြင်မှုကမရှိ။ ဤသို့ သောဖြစ်ရပ်များက စာပေနယ်ပယ်တွင် မနည်းတော့ပြီဟု မိမိ ချင်သည်။

ဝါသနာရှိ၍လုပ်သည်။ ကြိုးစားသည်။ အပေါ်ယံတွေးလျှင် ဝါသနာကြောင့် ပေါက်ပေါက်မြောက်မြောက်ဖြစ်မည်ဟု ထင်သည်။ သို့သော် ကြိုးစားတိုင်း ဖြစ်မလာကြသည်က မျက်မြင်ကိုယ်တွေ့ များပင်။

လုပ်ငန်းတစ်ခုကို ဝါသနာပါသည်က ကောင်းပါ၏။ ဖြစ်ထွန်း ပေါက်မြောက်ဖို့ကျတော့ ပင်ကိုအရည်အသွေးနှင့် ပင်ကိုစွမ်းရည်က စကားပြောလာသည်။ ဤကိစ္စတွင် အားကစားလောကမှ ထွန်းပေါက် အောင်မြင်သွားကြသည့် အားကစားသမားများကို ကြည့်ခြင်းဖြင့်လည်း သိနိုင်ပါသည်။ အပြေးသမားများ၊ ဘောလုံးသမားများကိုပင် ကြည့်ပါ။ သူတို့အားလုံးသည် ပင်ကိုကပင် 'တောက်မည့်မီးခဲ တရဲရဲ' ဆိုသကဲ့သို့ သာမန်လူတွေထက် ထူးချွန်ထက်မြက်လာသူများ ဖြစ်ကြသည်။

ဆိုရလျှင် လူတိုင်းလူတိုင်း မိမိ၏ပင်ကိုစွမ်း ထက်မြက်မှုနှင့် အတူ ဆိုင်ရာလုပ်ငန်းနယ်ပယ်တစ်ခုခုတွင် ထူးချွန်နိုင်ကြသည်ချည်းပင် လူသည် မိမိဘယ်နေရာမှာ စွမ်းသလဲဆိုသည်ကို မှန်မှန်ကန်ကန် တွေ့ရှိနိုင်အောင် ရှာဖွေဖော်ထုတ်နိုင်ဖို့လိုသည်။ လူတိုင်းလူတိုင်းတွင် ဖြစ်ချင်တာတွေရှိသည်။ သို့သော် တကယ်ဖြစ်မှာနှင့်က ထပ်တူ နိုင်ဖို့က မလွယ်။ ဖြစ်ချင်တာထက် ဖြစ်နိုင်တာက အဓိကဖြစ်သည်။

နောက်တစ်ချက်ရေးရလျှင် ဘဝတွင် ဉာဏ်ပညာလည်း အရေးကြီးသည်။ မိမိက ဉာဏ်ဦးနှောက်ဟု ရေးချင်သည်။ ပညာရှင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦး၏ ဆိုမိန့်စကားကလည်း ရှိထားပါသည်။ 'ဉာဏ်ပညာအမြော်အမြင်မဲ့သော ဝီရိယမျိုးသည် အကျိုးမဲ့အရှုံးနိုးပင်' ဟု။

ဉာဏ်ဆိုသည်မှာ အောင်မြင်မှုကို ရယူပိုင်ဆိုင်လိုသူအတွက် ကြီးမားလှသည့် အားအစွမ်းတစ်ခုပင် ဖြစ်သည်။ သင့် မသင့် ကျိုးကြောင်း မြော်မြင်နှိုင်းချိန်နိုင်သည့် ကိုယ်ပိုင်ဉာဏ်ပညာအဆင်အခြင်ဉာဏ်ဦးနှောက်ရှိဖို့ကလည်း လိုအပ်ပါသည်။ ထိုသည်ကို ဉာဏ်သမ္မတ္တိဟုဆိုရမည်။

မိမိတွေ့ရဖူးသည့်အချို့ကို ရေးပြရလျှင် အချို့သည် ဉာဏ်ဦးနှောက်ထက် ဝီရိယကိုသာ အားပြုလုပ်ကြရာ ဝီရိယအကျိုးမျှလောက်ဖြင့်သာ တင်းတိမ်နေကြရသည်။ ဝီရိယစိုက်ထုတ်ရမှုကများပြီး ခံစားရမှုက နည်းနေသည်ဟု ဆိုရမည်။ ဉာဏ်လည်းကောင်း၊ ဝီရိယလည်း ကောင်းသူများကမူ ထိုသို့မဟုတ်။ ပင်ကိုစွမ်းရည်ကလည်း ထက်မြက်၊ မှန်မှန်ကန်ကန် နှိုင်းချိန်ကြံစည်နိုင်သည့် ဉာဏ်သမ္မတ္တိကလည်း ကောင်း၊ မဖြစ်လျှင်မနေဆိုသည့် ဇွဲလုံ့လဝီရိယအားကလည်း တက်ညီလက်ညီ ပြည့်စုံကြသဖြင့် သာမန်လူတွေထက် ကျော်ပြီး ထိပ်တန်းကိုရောက်ကြကာ အောင်မြင်ခြင်းသရဖူကို ပိုင်ပိုင်နိုင်နိုင် ခိုင်ခိုင်မြဲမြဲ ရယူသွားနိုင်ကြသည်မှာ ဆိုင်ရာဆိုင်ရာ လုပ်ငန်းနယ်ပယ်စုံတို့တွင် အထင်အရှားပင် ဖြစ်ပါသည်။

ရှင်းအောင်ရေးချင်သည်ကတော့ ဤသို့ဖြစ်သည်။ လူ တော်တော်များများ ဘာကြောင့်မအောင်မြင်ကြပါသလဲ။ ကံအားနည်း၍များလား။ မဟုတ်ပါ။ ကံကိုပုံရန်မဟုတ်။ အဓိကက ...

နံပါတ် ( ၁ ) မိမိတို့တွင်ရှိထားသည့် ပင်ကိုအရည်အသွေး ပင်ကိုစွမ်းရည်များကို မိမိတို့ကို အကျိုးပေးမည့် ဆိုင်ရာဆိုင်ရာ လုပ်ငန်းနယ်ပယ်များတွင် စနစ်တကျ ထပ်တူကျအောင် အသုံးချ၍



www.burmeseclassic.com

www.burmeseclassic.com



နံပါတ် ( ၂ ) မိမိတို့နှင့်ဆိုင်ရာ လုပ်ငန်းနယ်ပယ်များတွင် မိမိတို့၏ ပင်ကိုအရည်အသွေး ပင်ကိုစွမ်းရည်ကို ကျိုးကြောင်းမြော်မြင် မှန်မှန်ကန်ကန်နှိုင်းချိန်သည့် ဉာဏ်ဦးနှောက်နှင့်တွဲ၍ အသုံးမချ၍။

နံပါတ် ( ၃ ) မိမိတို့၏ ပင်ကိုအရည်အသွေး၊ ပင်ကိုစွမ်းရည်၊ ကိုယ်ပိုင်ဉာဏ်ဦးနှောက်တို့နှင့်အတူ မဖြစ်လျှင်မနေဆိုသည့် မနေမနား ဇွဲနှင့် အားထုတ်မှုဝီရိယတို့ကို အချိုးညီအောင် တွဲဖက်ပေါင်းစပ် အသုံး မချ၍ဟု ရေးလိုသည်။

တကယ်တော့ အောင်မြင်မှုဆိုသည်မှာ ပြောတော့သာ လွယ်သည်။ တကယ်လုပ်တော့မှ အပြောလွယ် အလုပ်ခက်ဆိုသကဲ့သို့ ပင် ဖြစ်သည်။ အောင်မြင်သူက လူနည်းစု။ မိမိကမူ အောင်မြင်လိုသူ များကို မိမိ၏အောင်မြင်ခြင်းဆိုင်ရာ အတွေးအမြင်ကျင့်စဉ်တစ်ခုကို လက်ဆောင်ပါးလိုပါသည်။

သာမန်လူလိုနေလျှင် သာမန်လူပဲဖြစ်မည်။ သာမန်လူလို လုပ်လျှင် သာမန်လူလောက်ပဲဖြစ်မည်။ သာမန်လူလို မနေမှ၊ သာမန် လူလို မလုပ်မှ၊ သာမန်လူထက် ထူးခြားသော၊ သာမန်လူထက် ထူးချွန် သော လူထူးလူချွန် ဖြစ်မည်။

● ● ●



www.burmeseclassic.com